
ပုံပြင်မပြောအားသော မိဘများနှင့် ပုံပြင်ဖတ်ချင်သော ကလေးငယ်များအတွက်

ဆုပြည်ပုံထွန်းတပေ

ပုံပြင်ကြီး


ကလေးရုပ်စုံစာစောင်















သားသားမီးမီးတို့အတွက် ဗုဒ္ဓဘာသာဆိုင်ရာသိမှတ်မှုယ်ရာရုပ်ပြစာအုပ်များ

နောက်ဘဝရှိလား...၊ငရဲဆိုတာရှိသလား...၊ဝဋ်လိုက်တယ်ဆိုတာတကယ်လား...၊ ကောင်းတာလုပ်ရင်ဘာဖြစ်မလဲ...၊မကောင်းတာလုပ်ရင်ဘာဖြစ်သလဲ... စတဲ့မေးခွန်းများကို သိဖို့အတွက် ရုပ်ပြအဖြစ် စီစဉ်ထုတ်ဝေထားပါသည်။

ထုတ်ဝေပြီး စာအုပ်များ

- တန်ခိုးထက်မြက်အစွမ်းထက်သည့် ရဟန္တာကိုရင်ငယ်များ
- ရွှေပလင်ပျဲရရှိသူနတ်သမီးနှင့်ဝိမာနဝတ္ထုလာ ဇာတ်လမ်းများ
- စကားကြီးဆယ်မျိုး
- မာယာလုလင် (သိကြားမင်းကြီး ဦးမာယာ၏အကြောင်း)
- ရတနာသုံးပါးဂုဏ်ကျေးဇူးနှင့် ပတ္တမြားဒေဝီစောမဲကျီ
- ရတနာသုံးပါးဂုဏ်ကျေးဇူးနှင့် မိဖုရားစောလုံ
- လောင်စာသိမ်းငြိမ်းသောမီးနှင့်မီးတောက်သစ္စာ
- မြန်မာ့ရာဇဝင်ထဲက သူရဲကောင်းများ
- ရာဇဝင်ထဲက မောင်ပေါက်ကျိုင်း(ရှင်မွေ့နွန်း+ မင်းနန္ဒာနှင့်ပျူစောထီး ဇာတ်လမ်းများပါဝင်သည်။)
- စစ်သူကြီး အဘယ
- ပြိတ္တာတို့၏ဘဝများနှင့် နောက်ခံဇာတ်လမ်းများ
- ငရဲကြီးဇောက်ထိုးကျသူမုဆိုးနှင့် ဒုက္ခစုံစုံငရဲဘုံဇာတ်လမ်းများ
- မုသားပြောသူမင်း နှင့် ငါးရှဉ်းဆယ်ရုပ်စုံဇာတ်လမ်းများ
- စစ်သူကြီးမဟာဗန္ဓုလ
- ပုံပြင်ကမ္ဘာမှ တရုတ်ရိုးရာ စကားပုံ ပုံပြင်များ
- ပုံပြင်ကမ္ဘာမှ ဒဿန ပုံပြင်များ
- ၃၈ ဖြာမင်္ဂလာ
- ကောသလမင်းအိပ်မက် (၁၆)ချက်
- အရှင်မဟာမောဂ္ဂလာန်
- ဝိပါတ်တော်ဆယ့်နှစ်ပါး
- ငရဲကြီးရှစ်ထပ်
- ဆဒ္ဒန်ဆင်မင်း ပုံပြင်ကမ္ဘာ ပုံပြင်များ
- ငါးပါးပဉ္စသီ
- ရဟန္တာအရှင် ရှင်ဥပဂုတ္တ
- မင်းကုသနှင့် ပဘာဝတီ ပါဝင်သော ငါးရှဉ်းဆယ်ရုပ်စုံဇာတ်လမ်းများ
- ပါးစပ်ဟတဲ့မိကျောင်းနှင့် ငါးရှဉ်းဆယ်ရုပ်စုံဇာတ်လမ်းများ
- ရွှေကုန်သည်နှင့် ငါးရှဉ်းဆယ်ရုပ်စုံဇာတ်လမ်းများ
- မင်းသားနှင့် ဘီလူးများ အပါအဝင် ငါးရှဉ်းဆယ် ရုပ်စုံဇာတ်လမ်းများ
- ကာမေသုမိစ္ဆာစာရကံကျူးလွန်ကြသူများနှင့်ငါးရှဉ်းဆယ်ရုပ်စုံဇာတ်လမ်းများ
- မင်းကောင်းမင်းမြတ်နှစ်ပါးနှင့် ငါးရှဉ်းဆယ် ရုပ်စုံဇာတ်လမ်းများ
- ငါးပါးသီလပြည့်စုံသူများ အပါအဝင် ငါးရှဉ်းဆယ် ရုပ်စုံဇာတ်လမ်းများ
- ဆိုးသွမ်းသော ဝိဇ္ဇာဓိရ် နှင့် ငါးရှဉ်းဆယ် ရုပ်စုံဇာတ်လမ်းများ
- သင်္ဂီဇာတ်ရာတော်ပုံပြင်များ
- ခွေးနက်စားခံရသော ဗိမာန်ရှင်နှင့် ပြိတ္တာဇာတ်လမ်းများ
- သားသတ်မုဆိုးပြိတ္တာနှင့် ပေတဝတ္ထု ဇာတ်လမ်းများ
- တစ္ဆေဘဝနှင့်သံသရာကြွေးဆပ်သူ အပါအဝင် ဒုက္ခစုံစုံတစ္ဆေဘုံဇာတ်လမ်းများ
- တစ္ဆေတို့ရွာအပါအဝင် ဒုက္ခစုံစုံတစ္ဆေဘုံဇာတ်လမ်းများ
- ကောသလမင်းကြီးနှင့် ဒု-သ-န-သော
- သေရွာပြန် ရုပ်ပြဇာတ်လမ်းများ
- ရဲဝံ့စွန့်စား အောင်ဆန်းသူရိယများ
- ရာဇကုမာရနှင့်ပုံပြင်ကမ္ဘာ ပုံပြင်များ
- ဒွေးမယ်နော် ပုံပြင်ကမ္ဘာ ပုံပြင်များ
- နတ်သားဖြစ်မည့် ဇားကလေးနှင့်ဝိမာနဝိတ္ထုလာဇာတ်လမ်းများ
- ပညာရှိအမတ်ကြီး ဦးပေါ်ဦး၏လျှောက်ထုံး ဟာသဇာတ်လမ်းများ
- သီလ၏အစွမ်းနှင့်ငါးရှဉ်းဆယ် ရုပ်စုံဇာတ်လမ်းများ
- တပင်ရွှေထီးနှင့်ဘုရင့်နောင်ကျော်ထင်နော်ရထာ
- ဖခင်မေတ္တာ
- အင်္ဂုလိမာလနှင့် ပုံပြင်ကမ္ဘာ ပုံပြင်များ

ဆုပြည့်စုံထွန်းစာပေ

အမှတ်-၅၀၈/၅၁၂(၂-ခ)(ပထမထပ်)၊ ကုန်သည်လမ်း (ဆိပ်ကမ်းသာလမ်းထောင့်) သာဓုဇီကုန်ဒိုး၊ ကျောက်တံတားမြို့နယ်၊ ဂန္ဓကုန်မြို့။ ဖုန်း-၃၀၃၆၆၄၊ ၃၀၈၀၃၃။

ပဝါခြင်းကဒ်

ကလေးရုပ်စုံစာစောင်



---------- ၏ စာအုပ် ဖြစ်ပါသည်။

---------- က ဝယ်ပေးပါသည်။

ဆုပြည့်စုံထွန်းစာပေ

အမှတ် - ၅၀၈/၅၁၂ (၂ခ) ပထမထပ်၊ သရဖီကွန်ဒို
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃

အယ်ဒီတာချုပ်

ကိုမြင့်ထွန်း (Quality)

တာဝန်ခံအယ်ဒီတာ

မျိုးဇော်ထက်

အုပ်ချုပ်မှုအယ်ဒီတာ

ခင်မာရွှေ

အမှုဆောင်အယ်ဒီတာ

လင်းသက်ခိုင်

အယ်ဒီတာအဖွဲ့

ဉာဏ်လင်းထက်

ရုံးအဖွဲ့

ကိုစိုးသိန်း၊ ရွှင်းကိုကိုခိုင်၊ ဇင်နိုင်ထွန်း၊ ထွန်းထွန်းလွင်၊ ကျော်ဇင်ထက်၊

ဝင်းဝင်းမော်၊ သဠာဝေ၊ နှင်းသက်ဝေ၊

Cover **သရုပ်ဖော်**

ကံကောင်း

Computer

မင်းထွဋ်၊ နေဇင်လတ်၊ မျိုးစုမာ၊ ပိုပိုဇင်၊ မီမီဇင်၊

Film - Eagle

layout - Quality

ပုံနှိပ်သူ - ဦးကျော်ယဉ်(ဇမ္ဗူမော်)

အမှတ်(၂၈၄)၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

စာအုပ်ချုပ် - တင်မေထွန်း

ကြော်ငြာတာဝန်ခံ

ခင်မာရွှေ

ဖြူဖြူသင်း

ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃၊ ၀၉-၅၁-၂၂၅၃၀။

ထုတ်ဝေသူ- ဒေါ်ခင်မာရွှေ

ဆုပြည့်စုံထွန်းစာပေ၊ (၁၇၇၁)ယာယီ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၂၀၀ ကျပ်

စာတည်းအဖွဲ့နှင့် ဖြန့်ချီရေးရုံးခန်း

အမှတ် -၅၀၈/၅၁၂၊(၂၁)ပထမထပ်၊ သရဖီကွန်ဒို

(ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်)

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃ (ရုံးချိန်အတွင်းသာ ဆက်သွယ်ပါရန်။)



http:/Quality.myanmaronlinesales.com

တွင် တိုက်မှ ထုတ်ဝေသောစာအုပ်များကို ကြည့်ရှု ဝယ်ယူနိုင်ပါသည်။

အထက်မြန်မာပြည်ဖြန့်ချီရေး

နဂါးစာပေ ထွန်းဦးစာပေ

ဖုန်း -၀၂-၃၉၈၆၉ ဖုန်း -၀၂-၃၉၈၀၁

ရှမ်းပြည်နယ်ဖြန့်ချီရေး

မီလျံနာစာပေ ဂင်္ဂါနဒီစာပေ

တောင်ကြီးတွင် လပေးယူလိုသူများအတွက်

STUDENTS' CHOICE

မြို့နယ်ကျန်းမာရေးရုံးမျက်နှာချင်းဆိုင်၊ အရှေ့မြို့ပတ်လမ်း၊

ဒီဇင်ဘာဟိုတယ်၊ မြေညီထပ်၊ တောင်ကြီးမြို့။

ဖုန်း - ၀၈၁- ၂၀၁၇၇၃

မော်လမြိုင်တွင် လပေးမှာယူလိုသူများအတွက်

ကျော်ကျော်စာပေ (အမှတ် ၁၁၊ သထုံတံတားလမ်း၊ မော်လမြိုင်မြို့)

လပေးမှာယူလိုသူများ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

ပင်လယ်ကန်

ကလေးရုပ်စုံစာစောင်

အမှတ် (၃၈) ၊ ဩဂုတ်လ ၊ ၂၀၁၃ ခုနှစ်။

ကျေးဇူးသိသူ	ကာတွန်းထက်အောင်ဦး	၅
လုံချည်စိမ်းလေးတစ်ထည်	အရုပ်ဖော်ဝင်းမြင့်အောင်	၁၅
လူမိုက်ကံကောင်း	မင်းသုဝဏ်	၂၇
ပညာရှိမင်းမဟော်	နန္ဒာမိုးကြယ်	၃၁
အဘွားအိုနှင့်ဝက်ကလေး	အရုပ်ဖော်မောင်ရဲသူ ရန်ကုန်တက္ကသိုလ်	၃၅
ပန်းတိုတိုင်းပြည်	ခွန်းချိုသံသာ	၄၅
ပိုင်လိုက်တဲ့ပုဇွန်းအကြံ	လင်းသက်ခိုင်	၅၀
ဇနီးအလိမ္မာ	ပန်းချီဝဏ္ဏအောင်	၅၃
သောမတ်စ်အက်ဒီဆင်	ရဲမြလွင်	၆၅
ဘောလုံးကောက်ပေးတဲ့ဖားကလေး	ပီတိ	၆၈
ရုပ်ပုံထဲက မိန်းမပျို	ပန်းချီကံကောင်း	၇၃
ချမ်းသာဖို့မွေးဖွားလာသည်	ခင်ဖြူဖြူလွင်း (YUFL)	၈၅
ရွှေပါတိုင်းကောင်းတာမဟုတ်	သင်္ဇာ	၈၈
ရွှေရောင်ဝင်းတဲ့ပန်းသီးသခင်မ	သန္တာမြတ်သောင်း	၉၀
မှော်ဝတ်ရုံ	နိုင်ငံတကာပုံပြင်	၉၅



အယ်ဒီတာ့ဝကား

ကလေးတို့ရေ...

တစ်ခါတုန်းက ဘုရင့်သားတော်တစ်ပါးဟာ ဒီသာပါမောက္ခဆရာကြီးဆီမှာ ပညာသင်တယ်။ ဆရာကြီးက ညနေစောင်းရင် မြစ်ဆိပ်မှာ ရေသွားချိုးလေ့ရှိတယ်။ ဒီအခါမျိုးမှာ တပည့်တွေကလည်း ဆရာကြီးနောက်က လိုက်ကြရတယ်။

မြစ်ဆိပ်ကို သွားတဲ့ လမ်းဘေးမှာ အဘွားအိုတစ်ဦးက နှမ်းများလှမ်းနေလေ့ရှိသတဲ့။ တစ်နေ့မှာ ဘုရင့်သားတော်ကအဘွားအိုရှေ့ဖြတ်သွားချိန်မှာနှမ်းလော်တောင်းထဲကနှမ်းလက်တစ်ဆုပ်စာကိုယူစားလိုက်တယ်။ နောက်နေ့တွေမှာလည်း အဘွားအိုရှေ့ရောက်တိုင်း မင်းသားက နှမ်းလော်နှိုက်စားပါတယ်။

တစ်နေ့မှာတော့ အဘွားအိုက နှမ်းလော်နှိုက်တဲ့ မင်းသားလက်ကိုဆွဲကိုင်ပြီး 'ဆရာကြီးရဲ့တပည့်တွေက ကျွန်မနှမ်းလော်တွေ အမြဲခိုးစားနေပါတယ်။ ဒီလိုနေ့တိုင်း စားနေရင် ကျွန်မစီးပွားပျက်ရချည်ရဲ့ ' လို့ တစ်အော်ပါတော့တယ်။

ဆရာကြီးက အဖြစ်မှန်ကို စစ်ဆေးပြီးမင်းသားကို တုတ်နဲ့ရိုက်အပြစ်ပေးပါတယ်။ မင်းသားဟာသူအရိုက်ခံရတာကို အငြိုးထားမှတ်သားထားတယ်။ ဘုရင်ဖြစ်လာတဲ့ အချိန်ကျတော့ ဆရာကြီးကို လက်စားချေနိုင်ဖို့ နန်းတော်ကို ပင့်ဖိတ်ပေမယ့် ဆရာကြီးက ချက်ချင်းကြွမလာပဲ ဘုရင်ရဲ့အသက်က အမှားအမှန်ခွဲကာ စဉ်းစားဆုံးဖြတ် နိုင်တဲ့အရွယ်ရောက်မှ နန်းတော်ကို ကြွလာပါတယ်။ ဘုရင်ငယ်က ဆရာကြီးကို 'သင်မှတ်မိပါရဲ့လား။ နှမ်းတစ်ဆုပ်အတွက် ကျွန်ုပ်ကို ရိုက်နှက်ခဲ့သည်ကို၊ ယခုသင့်အလှည့် ရောက်ပေပြီ' လို့ မိန့်တဲ့ အခါကျ ဆရာကြီးက 'အရှင်မင်းမြတ် မင်းသား၏ ခိုးယူတတ်သော စိတ်ဓာတ်ကို ကျွန်ုပ်ရိုက်နှက်ဆုံးမခဲ့သဖြင့် မင်းသား၏ ခိုးသော အကျင့်ပျောက်ကာ ခိုးသားအဖြစ်သို့ မရောက်ခဲ့ပါ။ ခိုးသားဖြစ်ခဲ့ ပါလျှင် မားပြဖြစ်ရန်မခက်ပါ။ မင်းသား၏ မကောင်းသော အကျင့်ကို ငယ်စဉ်ကပင် ဖျောက်ပေးခဲ့သည့်အတွက် ယခုလို မင်းမြတ်ဘဝအထိ တက်လှမ်း နိုင်ခဲ့ခြင်းပါ။ တပည့်တစ်ဦး၏မကောင်းသော အကျင့်ကို ဆိုဆုံးမသည်အတွက် ကျွန်ုပ်ကို အရေးယူလက်တုန့်ပြန်လိုပါက ကျွန်ုပ် လက်ခံရန် အသင့်ပါ ' ဟု လျှောက်တင်ပါတယ်။


ဘုရင်က သေချာတွေးတော စဉ်းစားပြီးတဲ့ အခါ ဆရာကြီး၏ ဆိုဆုံးမမှုအကျိုးကို သိမြင်လာပါတယ်။ သူ့အတွေးမှားကြောင့် ဆရာကြီးအပေါ် ဖြစ်မှားမိသည်ကို ခွင့်လွှတ်ရန်တောင်းပန်ပြီး ဆရာကြီးကို ကန်တော့ပါတယ်။ လက်ဆောင်တွေဆက်သပါတယ်။

လူကြီးမိဘ ဆရာသမားတွေက ဆိုဆုံးမတဲ့အခါ လေးစားစွာ နာယူလိုက်နာနိုင်ကြတဲ့သားကောင်းသမီးမြတ် ကလေးများ ဖြစ်ကြစေဖို့ ကလေးတို့ကို ဆုတောင်းပေးပါတယ်ကွယ်။

လေးစားစွာဖြင့်
အယ်ဒီတာအမှဴ

ကျေးဇူးသိသူ

ကာတွန်း ထက်အောင်ဦး



ထိုစဉ် ခြေနှစ်ချောင်းတာဝန်ကျ
အစောင့်ခွေးများ ခြေနှင့်ကို ကွေ့ဝဲကာ ကြောက်၍
ပြေးမည်ပြုရာ...

အသင် မြေခွေးများလောက် ပါနှင့် မပြေးပါနှင့်

ခြေနှစ်ချောင်းသည် ခွီးတွင်းမှ
ရုန်းထွက် မရဘဲ ခန္ဓာရက်
ထိုင် အစောင်ကောင်းနေရ
ခါပေတော့။

သေတော့မယ်
ငါးမယ်...ဟို့

ကျွန်ုပ်သည် ခွီးတွင်းသို့ နှစ်ဖြာပြန်သည်မှာ (၇) ဖက်ရှိပါကြို
ကျွန်ုပ်အသက်ကို ကယ်ပါလော့...

ကျွန်ုပ်သည် အရှင်ကို ကယ်ဆိုပါသည်
သို့သော် ကယ်ဖြီးလျှင် ကျွန်ုပ်ကို
စားမည်စိုးပါသည်..

မစီးပါနှင့်
မစားပါ၊ သင့်ကျေးဇူးကို
ကြိမ်ဖန် ပြန်ဆပါမည်
ကယ်ပါလော့...

ခြင်္သေ့မင်းစ၏
ကတိကို ရပြင်
ဖြေခွင်းလည်း ခြင်္သေ့မင်း
ခြေလေးချောင်းကို
ပတ်လည်၌ ခြုံကို
ယက်ထုတ်ချိ ခြေလေးချောင်း
ပြတ်ပြတ်ပြီး၊ ရထဲကို
သွင်းစ၏။

ထိုအခါ ခြင်္သေ့မင်းလည်း အားကုန်
ရှိန်ယှက်ရာ ခြုံထွန်မှ လွတ်ခဲလစ်၏။


ဟုတ်

ရရောက်ကြောင့် ခြုံများ ပေါ့သွားလစ်၊
ဖြေခွင်းလည်း ခြင်္သေ့မင်း ဝိုက်
ဒေါက်ဆို့ ခံခါင်းသွင်း မပြီး...

အာရှင် ကြိုးစားဖြီး
ဘုန်းကြောင့်ပါလော့...

ထိုခဏနှောက် ခြင်္သေ့မင်းလည်း
အဖမတရြွ ကိုယ်သိပါက
သန့်စင်ပြီးခဏက်...
ပေါကျွဲ ဟစ်ခေါင်းကို
ဖမ်းယူပြီး...

အို့!


စားပြီးသော်... ပြောင်းသည် အသားတုံး တစ်ပုံးကို ကိုက်ချီယူသွားပြီ
အဆွေ အားယ်သူ့.အတွက်နဲ့သား
ကျွန်တော် အဆွေမ အတွက် ဖြစ်ပါသည် ...
VIP မြေခွေး ပေါ့လေ...
ထိုအခါ ပြောင်းလည်း.. ခွင့်ပြုပြီး သူလည်း ပြောင်းမအတွက် အသားတုံး ယူသွား...
အင်္ဂါ...လွယ်လိုက်ခဲ့ပါလော့ ငနဲတာအရပ်သို့ လိုက်ခဲ့ပါလော့ ပြီးမှ အသင့်အလျောက်ပို့ ထားပေးပါ့မည်...
OK..
ဒီလို ဖြင့်... ပြောင်းလည်း ပြောင်းခွေး အောင်ခံစနစ်ကို လိုက်ခဲ့ ပေချေ။
ငါ့မိတ်ရေ မောင်ကြီး ပြန်လာ ပြီယော့...

ခြင်္သေ့မင်းလည်း ပြေးခွေးမောင်နှံအား ဟုတ်ပဲ.ဆိုပြီး။

ယနေ့ဖမ်းစားမည့် သင်တို့ဟာ အသုဘကျေးဖြာပါမည် ကျွန်ုပ်နှင့်ဇိုက်ခဲ့ပါတော့

ကောင်းပါပြီ...

ဟို.ဖြင့်၊ ခြင်္သေ့မင်းလည်း၊ ပြေးခွေးမောင်နှံကို ဟုတ်ဂျုန့်နှင့် မနီမစဝေးဟွင်းဒန်စီ။

ခြင်္သေ့မင်းလည်း အရင်အတိုင်း ပြေးခွေးမောင်နှံကိုဟာ ရှာစားဖွေကျေးမွေးလေပြီ။


ခြင်္သေ့မနှင့် ပြေးခွေးမအိုးမှောက်လည်း ရင်းနှီးကျွမ်းဝင်သည့် အပြုမူကို ဖော်ကိုလေပြီ

ပွစ်ပွ...


ဟီ

တဲ့ဉ်စားကြ.စားကြ...


ကာလ အတန်ကြာသော် ခြင်္သေ့ဖမ္မခြင်္သေ့လေး နှစ်ကောင် မွေးမြူခြင်းဖြင့်
ဖြေဖြေဆွေးမမှာလည်း သားလေး နှစ်ကောင် မွေးမြူလေသည်။





သို့ဖြင့် ခြင်္သေ့မိသားစုနှင့် ဖြေဖြေဆွေးမိသားစုတို့မှာ ချစ်ခင်ညီညွတ်
စွာ ဂနာထိုင်လာသည်။






ဖြေဖြေးမနှင့်ပင်
ညားချင်နေသလား
ထို့ကြောင့်သာဟု၎င်းချစ်ခင်
နေခြင်းပြုစ်ပေသည်...
ငါသည် မြေဖြေးမကို
နှိပ်စက်ခြိမ်းခြောက်ပြီး
ပြေးဖောင်လုပ်မှ
ဖြစ်မယ်...
အို့ဖြင့် ခြင်္သေ့မကာ၊ ခြင်္သေ့မင်းဟို့ အစာ
ရှာအပ်းခိုက်တွင် ဝန်ခြေခွေးမအား နှိပ်စက်
ခြိမ်းခြောက်ခဲ့ပေ၏။
သူများယောက်ျား
ကောလေးတာကို ထိုင်စား
နေတာမရှက်ဘူးလား
ခြင်္သေ့ငယ်ကိုကာကွယ်ပြီး ဝန်ခြေခွေးငယ်ကို ကိုင်နှိပ်စက်ကြပြန်သည်။
ငါ့ ကိုက်စား
ကိုက်ရမလား...
ဟုန်း
ထို့ကြောင့် ဖြေခွေးမကပြီး
ဝန်ခြေခွေးထီး ပြန်ဟန်သော
အခါ ဖြစ်ဆင်ကြောင်းကွန်ခင်
ဝန်ပြောပြပြီး...
ကျွန်မတို့နေရာယောင်းကိုသာ
ပြန်ကြရအောင်လား...



ဒီဘဝါ ဖြေရခွေးလည်း ခြင်္သေ့မင်းထံ သွားပြီး...
အာရှင်
ကျွန်ုပ်တို့ မိသားစု အာရှင်ထံ၌ မှီခိုခဲ့ရသည်မှာ ကြာမြင့်ခဲ့ပေပြီ..
အနေကြာလွန်းလျင် အမှန်းဝင်တတ်သည်မှာ လောကဓမ္မတာဖြစ်ပါ၏
ထိုခရေကြောင့် ကျွန်ုပ်တို့ အားစနယ်ပေါင်း အိုးအိမ် ပြန်ခွင့်ပြုပါအာရှင်...
ခြင်္သေ့မင်းလည်း စိတ်မကောင်းသည်နှင့် အကျိုးအကြောင်း စဉ်ဆက်မမှားရာ ခြင်္သေ့မင့်ခြင်္သေ့ယ်တို့၏ အပြုအမူကို ပြောပြရလေသည်။
ဒါ.ထင်သားပဲ သို့ဆိုလျှင်ဖခင်ဦးလေး ကျွဲကိစ္စကို ငါရှင်းပေးပါမည်...



ခြင်္သေ့မင်းကသည်း
ခြင်္သေ့မကို ခေါ်၍
ဟိုဘဲ့ဆိုမြဲ
ချင်မ...တစ်ယိုနိုင်တွန်းအခါက
ကျွန်ုပ်အစာရှာသွားလို့အောက်(၇)ရက်
ပြည့်သောအခါမှ ကျွဲဖြစ်စေခွင်း၊ မြေခွေးမ
ကိုနှင့်ဘတူ ပြန်လာသည်ကို မှတ်မိပါ၏၊
လော...
မှတ်မိပါသည်
အရှင်...
ကျွန်ုပ်သည် အားကောင်
ဟစ်ကောင်ကို ဖမ်းဆီးစား၍
လွဲခြင်းကြီး ခြိုခွဲလွင်းဒဏ် ခုစိတ်ကွဲ
ခန့်ခဲ့ခြင်း၊ ရိုန်းပတ်ကိုနှင့်
သင်္ဂြိုဟ်(၇)ကောပတ်လုံးအစား
မစားရက် ခဲ့ခြင်း၊
ကျွန်ုပ်(၇)ရက်ပတ်လုံး
ပြန်မလာသည့် အကြောင်းကိုရော
သိပါ၏လော...
မသိပါ
အရှင်...



ဘယ်မြေမွေးနှင့်တွေ့ဖြီး၊ ဆုကယ်မရှိသော၊ မျှော်မှန်းသောကံ ပြန်ခေါ်ခြင်း ဖြစ်ဖြီး ထိုမြေမွေးသည် ကွန်ပျာသောကံသင့် ပေတည်...
မတော်မိဖြီ...
ဟုး
မိတ်ဆွေစစ်ဟူသည် အားနည်းသူ၊ ဂုဏ်နိမ့်သူ ဖြစ်စေပဒိုး တန်ဖိုးမရှိဟုနိဉ်းသည်ဖို့ ဧနာက်ဧနာင်တွင် ကျွန်ဖို့ မပြုပါဂင့်။
ကျွန်တော်ခ မသိ၍၊ ပြစ်မှားသည် ခွင့်လွှတ်ပါအရှင်...
ခြင်္သေ့မသည် အမှန်ကို သိရုံပြီးမို့ ဝမြေဝခွေးမအား ထောင်းပန်ပြီး မိသားစု ခွဲစိုခွာ ခဲ့ခင်စွာ ဧနာပြင် ခဲ့ကြသည်မှာ အားသမီး ချွန်စ် အကဲဖြင့် သတည်း။
ဟဲ့ ဟဲ့


ပုံပြင် နိုးလေး တစ်ဝက်

ဆုံလမန်း
ယုယိမ် အောင်သန်းနိုင်
ဓာတ်ပုံများ
အေးမြင့်အောင်






ရိုးရိုးလုံချည် မျှားကိုသာ
တည်လဲ ဝတ်ဆင်ခဲ့သည်
ဝေးပေးပေး
ဒါမှ တို့ပေကြီး
ကွ...
ပေါ့ကောင်
ကြိမ်ကြိမ်နေစမ်း
ဟိုး ဟိုး
မျှားသောအားဖြင့် ဆရာမ
မျှားသည် လုံချည်စိမ်း
ဝတ်လေ့ ရှိကြသည်။
ဟာ ပေကြီး
သပ်ပြာမတို့ကို ခဲ့
စလာပေါ့...
သပ်ပြာ
တိုက်ရှာသည့် ငါးမှာပေါ့
သားရဲ
တို့ကြောင့် သူတို့နှင့်
ဆင်တူမည်စိုးရှိ
ယတော် ခဲ့သည်လည်း
ပါပေ။


ကျွန်တော် တာဝန်
ကျခဲ့သော ကျောင်းများ
သည် တောကျောင်း
များသာ ဖြစ်သည်။
ဒေါ်အေး အာ.လေ.ဂ
ထို့ကြောင့် ကျွန်တော်
စိတ်ဝင်စား ကျွန်တော်
ယဉ်ခဲ့ သည်လေးကို
ပါသည်။

သို့သော် ဖြိုခဲ့သည့်လေ
အနည်းငယ်က ချွန်တော်
စသောင်ကြားနေသော ဓလေ့မျိုးမှ
ခဏမမေ့မေးမျှား စုပေါင်းမျှ
ချွန်တော်ခဲ့ရင် ကန်တော့
ကြသည်။

သူတို့ ကန်တော့သည့်
ပစ္စည်းထဲတွင် တောက်လျှံ
ပဲချဉ်သီးမှ တစ်ထည် ဖြစ်သည်
ပါလာသည်။

သူတို့ ဝတ်စေချင်မျှ
ကန်တော့ကြခြင်းဖြစ်၏

ချွန်တော် မတော်ချင်သည့်
ပဲချဉ်သီးရဲ့ ဝတ်ရေး
တော့မည်။


သည်နေ့က ကျွန်တော့် လုံချည်
အကျို့ မလျော် မဖွပ် ရေသေးချေ
ပင်.. ဝတ်စရာ
လုံချည် တစ်ထည်မှ
မရှိပါလား
မင်းတို့ တယ်ပဲ!
တာပဲ ဒီနေ့ အာစည်းအဝေး
ရှိ ငါအာဝတ်သွားရ
မှာတဲ့နှီး
အလိုတော်
တော့ ဆရာမတွေ
ကနှင့်တော့ ထားတဲ့
လုံချည်စိမ်းပဲ ဝတ်
သွားပါ!
ဝတ်စရာ
မရှိမှတော့ ဒါပဲ
ဝတ်ရတော့မှာ
ပဲ....

ထိုစည်းဝိုင်းရဲ့ ဝင်ခွင့်လျှောက်လွှာတွေမှာ ဝင်ရောက်သူတွေရဲ့ သည်းခြေမခံ ဝင်ရောက်ခွင့်ကို နှိုင်းယှဉ်သည်ဟု ထင်မိသည်။


ဆမ်းတဲဘို့ ကောက်သော အဝါ ထုတွေ အားလုံးက ရိုးရှင်းသော မျက်နှာ ဖြင့် ကျွန်တော့်ရဲ့ ကြည့် နေကြသည်။


ထုတွေ အားလုံးက တရိုတသေ နှုတ်ဆက်ကြသည်။

ဆရာကြီး ဘယ်သွားမလို့ တဲ့။


အစည်းအဝေး ရှိလို့ပါ...



အခြားကျောင်းမှ ကလေးများပင်
ကျွန်တော့်တို့ ကျောက်သည်နှင့်
မင်္ဂလာပါ
ဘယ်ဟုတ်ဘူး
မင်္ဂလာပါ
ဆရာကြီး
တခြားလိုချင်သော
ဝတ်စုံများက ကျောင်းဆရာ
ဖို့ဂုဏ်ကို ဘယ်သူမှ မယူ
ကြဘူး...
လမ်းသွားရင်း
အတိုအပါး သွားချင်ရင်
တစ်နေရာရာ ထိုင်ချိတ်
ရင်ဖြစ်တယ်...


ဒုတော့ ဒီလိုချည်ကျောင့် မလွတ်မလပ် ဂျိုလိုခ်တာ ကျောင်းသင်ရောဖြစ်ပြီး လမ်းဘေးအပေါ်သွား ရေားလို့ ခွဲရဲ့မှာ သေချာတယ်
လမ်းတစ်လျှောက်လုံး ပဲငံ့ငန်းသည်ငန်းဖြင့်သွား ချွဲမဖြစ်...
သရဲ ကြီ
ထိုကြောင့် ဤဇာတ်ကြီးလေသော ဖခင်ကြီးဖြင့် ကားဂိတ်သို့ လျှောက်ခဲ့ရသည်။



ယခင်ကတော့ ကားအာယ်လောက်
ကြယ်ကြပ် ကားခွောက်ပိုင်းမှ ဝယ်ရ
ဖြစ်သလို လိုက် ရှိခဲ့သည်။
ယခုတော့ လုံခြုံမှုစီမံမှု
က ဒုက္ခပေးပြီ...
ဒီကျောင်း သစ်ခန့်ငယ် အသက်
ဒီလောက် ကြီးမှ ကားခွောက်
ဝယ်လိုက် တော်လို့ပဲ ဝေဖန်
ကြ ဖြောကြသော်....
ဆက်ပြီ...


လုံချည်စီမံးကြောင့် အခက်ကြုံပုံ...







ဟုတ်တွေ ဟုတ်တွေနဲ့ အပြည့် ကားနောက်ခိုး တွယ်လိုက်
ဖို့ကောင် အဆင်ဆင်...





ဒီပုံနှင့်ဆို ဖြိုနယ်
အဆင်းအားလေး
မိန်းပါ့မလား
ဖြိုနယ်
ယာဘက်မှုးက
အချိန်ရဲ့တန်ဖိုး
တအားပါဘဲ
စည်းကမ်း
ကြီးပါဘဲ...
ပါယ်ဖြစ်လိုလေ ဖြစ်စေတော့ပဲ ဟု ကားတစ်စီး တိုးဝင်ကာရပ်
အပျော်အနှင့် အဝင် ကားပေါ်သို့ တိုးတက်ပေါက်သွား။

ကားပေါ်မရောက်မီ ချီအော်သော အသံလေး တစ်သံ





သူပေးသော နေရောတွင်
ထိုင်ရင်းက်သော ချွန်
တော့်ရဲ့ ခြေသည်ကာ
သူငယ်ချာ ပြုံးရွှင်သွား
သည်ရဲ့ အွေ့လိုက်ရ
သည်။





ကျဆိုက်ကံကြီးဘေကန့်နှင့် မြင်းသူတော်



တစ်ခါတုန်းက အိန္ဒိယပြည် ရွာကလေးတစ်ရွာမှာ ပုဏ္ဏားတစ်ယောက် ရှိသတဲ့ အဲဒီပုဏ္ဏားဟာ ဥာဏ်လည်းမရှိဘူး။ ပိုက်ဆံလည်းမရှိဘူး။ ဒါပေမဲ့ သားသမီးတွေတော့ အများကြီးရှိသတဲ့။ ဒီတော့ သူတို့လင်မယားမိသားတစ်စုဟာ တစ်ရွာဝင်တစ်ရွာထွက်နဲ့အရပ်လေးမျက်နှာကို လှည့်ပြီး တောင်းရမ်းစားသောက်ရတာပေါ့။ ဒီလို့လှည့်လည်တောင်းစားရင်းမြို့ကြီးတစ်မြို့ကို ရောက်သွားတော့ သူဌေးကြီးတစ်ဦးအိမ်မှာ အလုပ်ဝင်လုပ်ကြသတဲ့။ သူ့သားသမီးတွေက သူဌေးကြီးရဲ့ နွားတွေကို ကျောင်းကြရတယ်။ သူ့မိန်းမက သူဌေးကြီးရဲ့ အိမ်တွင်းအလုပ်တွေကို လုပ်ရတယ်။ သူကတော့ သူဌေးကြီးလက်တိုလက်တောင်းခိုင်းရတဲ့ လက်ပါးစေအနေနဲ့ အမှုထမ်းရသတဲ့။

တစ်နေ့ကျတော့ သူဌေးကြီးသမီးကို မင်္ဂလာဆောင်တဲ့ မင်္ဂလာပွဲကြီးကို ကျင်းပသတဲ့။ မင်္ဂလာပွဲကြီးမှာ သတို့သမီး၊ သတို့သား နှစ်ဦးနှစ်ဖက်က ဆွေမျိုးတွေ အပေါင်းအသင်းတွေဟာ ဝင်ကြ ထွက်ကြ၊ သောက်ကြစားကြနဲ့ အင်မတန် ပျော်စရာကောင်းတာပေါ့။ လက်ပါးစေပုဏ္ဏားလည်း သူဌေးကြီးက သူ့ကိုခေါ်ပြီးကျွေးလိမ့်မယ် မွေးလိမ့်မယ် ထင်ပြီးသူ့လျှာက သွားရည်တမြားမြားနဲ့ဖြစ်နေရှာသတဲ့။ ဆီဦးထောပတ်နဲ့လုပ်ထားတဲ့မုန့်တွေကိုလည်း လည်မျိုခိုက်အောင် စားလိုက်မဟဲ့လို့ ပါးစပ်တပြင်ပြင် လျှာတလျှပ်လျှပ်နဲ့ဖြစ်နေရှာသတဲ့။ ဒါပေမယ့် သူဌေးကြီးက သူ့ကိုလည်း သတိမရဘူး။ သူအိမ်သားတွေကိုလည်း မေ့ထားသတဲ့။

ဒီတော့ ပုဏ္ဏားလည်း စိတ်ပျက်တာပေါ့လေ။ အဲဒါနဲ့ ညကျတော့ သူ့မိန်းမကိုပြောသတဲ့။ "ရှင်မရယ် ကျုပ်တို့က ဥာဏ်လည်းမရှိ။ ပိုက်ဆံလည်းမရှိ။ ဒီတော့ ဘယ်သူကမှကျုပ်တို့ကို လူရာမသွင်းဘူး၊ ခိုင်းစရာရှိရင်တော့ ခိုင်းပါရဲ့ ပေးစရာကျွေးစရာရှိရင်တော့ ကျုပ်တို့ကို မေ့ထားကြတာပဲ။ ဒီတော့ ကျုပ်အကြံထုတ်ကြည့်တယ်။ ကျုပ်ဟာ ဗေဒင်တွက်တတ်တယ်လို့ဆိုရင် လူတွေရှိသေလာကြလိမ့်မယ်။ အဲဒါကြောင့် ကျုပ်ဟာဗေဒင် တက်ချင်ယောင်ဆောင်မယ်။ ရှင်မကသာ သူဌေးကြီးကို ကျုပ် ဗေဒင်တတ်ကြောင်း ပြောပြပါ။ ဟုတ်ကဲ့လား" လို့ ခိုင်းသတဲ့။

အဲဒီလို အကြံထုတ်ပြီး ပုဏ္ဏားဟာ အိမ်ထဲကတိတ်တိတ်ထွက်သွားတယ်။ မင်္ဂလာဆောင်အိမ်မှာ လူတွေ အိပ်မောကျလို့ငြိမ်နေတာကိုသိရတော့ မြင်းဇောင်းကို ဝင်တဲ့ပြီး သူဌေးကြီးရဲ့ သမက်သတို့သားစီးလာတဲ့မြင်းကို ဆွဲထုတ်သွားသတဲ့။ အိမ်နဲ့ အတော်ဝေးဝေးကိုရောက်တော့ မြင်းကို လူကွယ်ရာတစ်နေရာမှာ အသာကလေး ဝှတ်ထားလိုက်သတဲ့။ မနက်ကျတော့ သတို့သားရဲ့မြင်း ပျောက်သွားတယ်ဆိုတော့ ရှာလိုက်ကြတာ နှံ့နေတာပဲတဲ့။ ဒါပေမဲ့ မတွေ့ကြဘူးတဲ့။ မင်္ဂလာဦးအခါမှာ မြင်းပျောက်တယ်ဆိုတော့ နိမိတ်မကောင်းဘူးဆိုပြီး သူဌေးကြီး



လည်း စိတ်အင်မတန်ညစ်တယ်။ အဲဒီအခါမှာ ပုဏ္ဏားရဲ့မယားက "အရှင်သူဌေးကြီး ကျွန်တော်မရဲ့ ယောကျ်ားဟာ ဗေဒင်သုံးပုံတတ်ပါတယ်။ ပစ္စည်း ပျောက် ဟောရမယ်ဆိုရင်လည်း ပထမတန်းပါပဲ။ မယုံရင် မေးကြည့်ပါ။ မမှန်ရင် လက်ဖြတ်ခံနိုင် ပါတယ်" လို့ပြောသတဲ့။

ဒီတော့ သူဌေးကြီးက ပုဏ္ဏားကြီးကို ခေါ်တာပေါ့ ပုဏ္ဏားလည်း ဟန်ကြီးပန်ကြီးနဲ့ "မနေ့ကတော့ ကျွန်တော့်ကို သတိမရဘူး။ ဒီနေ့ မြင်းပျောက်တော့မှ ကျွန်တော့်ကိုခေါ်တာပေါ့လေ" လို့ပြောသတဲ့။ သူဌေး ကလည်း လေချိုကလေးသွေးပြီး "အေးကွယ်၊ မတော်လို့ မေ့သွားတာပါ။ စိတ်မရှိပါနဲ့။ မြင်းပျောက် တဲ့အကြောင်းကို ဟောစမ်းပါဦး" လို့ ပြောသတဲ့ အဲဒီအခါမှာ ပုဏ္ဏားဟာ ဟန်တစ်လုံး ပန်တစ်လုံးနဲ့ မြေကြီးပေါ်ကို လက်ညှိုးထောက်ပြီး ဟိုခြစ်ဒီခြစ် ဗေဒင် တွက်ချင်ယောင်ဆောင်တာပေါ့။ ပြီးတော့မှ ကွန်ဒြေ ကြီးထားပြီး ဟောတာကိုး။ "အင်း ဗေဒင်သုံးပုံ၏ အလိုအားဖြင့်ဆိုလျှင် သတို့သား၏မင်္ဂလာမြင်းကို ခိုးသူတို့သည် အကာလညအခါတွင်ခေါ်ဆောင်သွား၍ ဤအရပ်မှ မြောက်ဘက်မျက်နှာ ရွာစည်းရိုး ချဲ့ကွယ်တွင် ဖုံးဝှက်ထားကြပါသတဲ့။ နေမဝင်ခင် သွားရောက်ယူဆောင်ပါမှ ကိုယ့်မြင်းသည် သူ့မြင်း မဖြစ်မည့်ကိန်း ရှိပါသတဲ့ သူဌေးကြီး" လို့ဟော တာကိုး။ ဟောတဲ့အတိုင်းပဲ သွားရှာတော့ မြင်းကို တွေ့ကြတာပေါ့။ အဲဒီတော့ လူတွေကပုဏ္ဏားကို ချီးမွမ်းကြသတဲ့။ သူဌေးကလည်း လက်ပါးစေအဖြစ် မထားတော့ဘဲ ပညာရှိကြီးအနေနဲ့ ကျွေးမွေးပြုစု ထားသတဲ့။

တစ်နေ့ကျတော့ ရှင်ဘုရင်ကြီးရဲ့နန်းတော်ထဲက ကျောက်သံပတ္တမြားတွေကို လူခိုးလို့ ပျောက်ပါလေ ရောတဲ့။ သူခိုးကို လိုက်လံစုံစမ်းလို့ မရတော့ ရှင်ဘု ရင်ကြီးက ပုဏ္ဏားကိုခေါ်ပြီး ဗေဒင်တွက်ခိုင်းတာပေါ့ ဒီတော့ ပုဏ္ဏားဟာ အကြံရခက်တာနဲ့ "မနက်ဖန် မိုး သောက်ခါမှ မင်္ဂလာရှိတဲ့အချိန်မှာ ဟောပါရစေ ဘုရား" လို့ လျှောက်သတဲ့။ အဲဒီအခါ ဘုရင်ကြီးက ပုဏ္ဏားကို အဆောင်တော်တစ်ခုထဲမှာ နေစေသတဲ့။ အစောင့်အကြပ်တွေကလည်း အပြင်ဘက်ကနေ စောင့်နေကြတာပေါ့။ တတ်ချင်ယောင်ဆောင်နေတဲ့ ပုဏ္ဏားလည်း အများကြီး စိတ်ညစ်တာပေါ့လေ။

အဲဒီနန်းတော်ထဲမှာ အပျိုတော်တစ်ယောက် ရှိသတဲ့။ သူနာမည်ကကုလားလို "မိရှာ" လို့ခေါ်တယ်။ မြန်မာလိုတော့ "မယ်လျှာ" ပေါ့။ ပါးစပ်ထဲကလျှာပေါ့။ လက်စသတ်တော့နန်းတွင်းက ကျောက်သံပတ္တမြား တွေကို ခိုးတာက သူကိုး။ အခုပညာရှိပုဏ္ဏားကို ရှင်ဘုရင်ကခေါ် ပြီး မေးမယ်ဆိုတော့ မယ်လျှာ လည်း စိမ့်ပြီးကြောက်လာတာပေါ့။ အဲဒါကြောင့် ပုဏ္ဏားနေတဲ့ အဆောင်တော်နားကိုသွားပြီး တိတ် တိတ်ခိုးချောင်းသတဲ့။ အဲဒီအခိုက်မှာဆီဦးထောပတ် ကြိုက်တဲ့ သူလျှာကို ပုဏ္ဏားက အပြစ်တင်တာကိုး

"ဟဲ့ လျှာ၊ ဟဲ့ လျှာ ဒီတစ်ခါ သေရွာသွားဖို့ ပြင် ပေတော့" လို့ ထပ်ပြန်တလဲလဲရွတ်ဆိုပြီး အပြစ်တင် နေသတဲ့။ အဲဒါကို အပျိုတော်မယ်လျှာက ကြားရ

တော့ "ငါခိုးတာကိုသိသွားပါပြီ"ဆိုပြီး အဆောင်တော်ထဲကို ကြောက်ကြောက်လန့်လန့်နဲ့ ဝင်သတဲ့။ ရောက်တော့ပုဏ္ဏားကြီးခြေထောက်ကို ဖက်ပြီး ငိုတာပေါ့။ "အို ပုဏ္ဏားကြီး၊ ကျောက်သံပတ္တမြားတွေကို ကျွန်မခိုးမိတာ မှန်ပါတယ်။ ဥယျာဉ်တော်ထဲက သလဲပင်အောက်မှာ မြုပ်ထားပါတယ်" လို့ ဖွင့်ပြောတာပေါ့။

အဲဒီတော့ ပုဏ္ဏားက ဟန်တစ်လုံး ပန်တစ်လုံးနဲ့ "အိုး. . . ငါ အကုန်သိပါတယ်။ ပြောနေဖို့ မလိုပါဘူး။ ငါဟာ အလျင်ကဖြစ်တာကိုလည်း သိတယ်။ အခုဖြစ်တာကိုလည်းသိတယ်။ နောက်ဖြစ်မှာကိုလည်း သိတယ်။ အခု မယ်မင်းက ရှိခိုးတောင်းပန်နေတာမို့ မယ်မင်းကို အပြစ်လွှတ်မယ်။ ငှါကိုသာ ရှိသမျှငွေကလေး ရွှေကလေးနဲ့ ကန်တော့"လို့ပြောသတဲ့။ အဲဒီလိုနဲ့ ရှင်ဘုရင်ကြီးရဲ့ကျောက်သံပတ္တမြားတွေကို ပြန်တွေ့တာပေါ့လေး။ ပုဏ္ဏားလည်း ဆုတော်လာဘ်တော်တွေရပြီး နာမည်သိပ်ကြီးသွားတာပေါ့။ ဒါပေမယ့် သူ့စိတ်ထဲမှာ တိတ်တိတ်ကျိတ်ပြီး ကြောက်နေတာကတော့ "အင်းကံကောင်းထောက်မလို့ ဒီတစ်ခါ ငါလွတ်သွားပြီ။ နောက်တစ်ခါဆိုရင်တော့ အခက်ပါပဲ"လို့ဆိုတာပေါ့။

အဲဒီရှင်ဘုရင်ကြီးမှာ ပညာရှိအမတ်ကြီးတစ်ပါး ရှိသတဲ့။ "အရှင်မင်းကြီး ဒီပုဏ္ဏားကြီးဟာ ဗေဒင်သုံးပုံတတ်တယ်ဆိုပေမယ့် ဗေဒင်ကျမ်းတွေကို ဖတ်ရွတ်လေ့လာတာလည်းမတွေ့ရဘူး။ ဟန်ဆောင်ပြီး လိမ်လည်လှည့်ဖြားနေတယ်ထင်ပါတယ်။ စုံစမ်းကြည့်ရင် သင့်တော်မယ်ထင်ပါတယ်"လို့ လျှောက်သတဲ့။ ဒီတော့ ရှင်ဘုရင်ကြီးက သောက်တော်ရေတကောင်း တစ်ခုတည်းမှာ ဖားကလေးတစ်ကောင် ထည့်ပြီးတကောင်း ဖုံးနဲ့ပိတ်သတဲ့။ ပြီးတော့ ပုဏ္ဏားကိုခေါ်ပြီး "ကဲ . . . ပုဏ္ဏားကြီး တကောင်းထဲမှာ ဘာရှိတယ်ဆိုတာကို ဟောနိုင်ရင် ဆုလာဘ်ကြီးစွာ ပေးသနားတော်မူမယ်"လို့ ပြောသတဲ့။ အဲဒီအခါ ပုဏ္ဏားလည်းအလိမ်ပေါ်တော့မှာမို့ သိပ်ကြောက်တာပေါ့။ သိပ်ကြောက်နေတုန်း ဘာမဆိုင်ညာမဆိုင်နဲ့ သူအဖေကသူ့ကို ငယ်ငယ်တုန်းက ပြောင်ပြီးခေါ်တဲ့ငယ်နာမည်ကို သွားပြီး သတိရသတဲ့။ အဲဒီနာမည်က "ငရွှေဖား"တဲ့။ အဲဒါနဲ့ သူ့အမည်သူခေါ် ပြီး ညည်းတာပေါ့။

"တကောင်းထဲကသောက်တော်ရေစိမ့်စိမ့်အေးပါပေ။ အေးပေသော်လည်း ငရွှေဖား ပူပင်သောကများ"လို့ ညည်းရှာသတဲ့။ အဲဒါကိုကြားရတော့ လူတွေက သိပ်သဘောကျတာပေါ့။ "မှန်တယ်ဟေ့၊ ဒီပုဏ္ဏားကြီး ဗေဒင် သိပ်မှန်တာပဲ"လို့ ဝိုင်းပြီး အော်ဟစ်ကြတာပေါ့။ ရှင်ဘုရင်ကြီးလည်း အဟုတ်မှတ်နေတာပေါ့။ အဲဒါကြောင့် ပုဏ္ဏားကိုဆုတော် လာဘ်တော်နေနဲ့ ရွာသုံးရွာ အပိုင်စားပေးသတဲ့။ ရွှေတွေ၊ ငွေတွေ၊ ဝေါတွေ၊ ယာဉ်တွေကိုလည်း ပေးသနားတော်မူသတဲ့။ အဲဒီလိုနဲ့ပဲ ပုဏ္ဏားလူမိုက်ကံကောင်းဖြစ်ပြီး ဘုန်းတန်ခိုးကြီးလေသတဲ့။

မင်းသုဝဏ်

ଚରକାଗଡ଼ି ମହିମାରେ
କଳିଙ୍ଗ ବିଜୟ

တစ်ခါတုန်းက တိုင်းပြည်တစ်ပြည်ကို အုပ်ချုပ်စိုးစံတဲ့မင်းကြီးဟာ ပညာရှိဆိုရင် အင်မတန်မှ ချစ်ခင်တန်ဖိုးထား မြှောက်စားတတ်ပါသတဲ့။ ဒါကြောင့်လည်း မင်းကြီးရဲ့ အပါးမှာ ပညာရှိမျူးမတ် ပုရောဟိတ်တွေဆိုတာ ဝိုင်းဝိုင်းလည်နေတော့တာပေါ့။ အဲသည် ပညာရှိမျူးမတ်ပုရောဟိတ်တွေအနက် မင်းကြီးဟာ မင်းမဟော်ဆိုတဲ့ ပညာရှိသုခမိန်ကို အင်မတန်မှ ချီးမြှင့်မြှောက်စားတယ်ဆိုပဲ။ ဘာ့ကြောင့်ဆို ပညာရှိသုခမိန်မင်းမဟော်ရဲ့ ဉာဏ်ပညာ၊ရဲစွမ်းသတ္တိ၊အမှုကိစ္စမှန်သမျှတိကျမှန်ကန်အောင် ဖြေရှင်းတတ်မှုတွေကြောင့်ဆိုရင် မမှားပေဘူး။

ပညာရှိ မင်းမဟော်သုခမိန်ဟာ မှန်တဲ့အတိုင်း ဆုံးဖြတ်ပြောဆို၊ စီရင်၊ ဆုံးဖြတ်လေ့ရှိတဲ့နေရာမှာ မင်း လိုလိုက်၊ မင်းကြိုက်ဆောင်တာမျိုးအလျဉ်းမရှိပါဘူး။ ဒါကြောင့်ပဲ တိုင်းသူပြည်သားအများစုရဲ့ လေးစားကြည်ညိုမှုကိုခံရသလို မင်းကြီးကလည်း မင်းမဟော်ကို တကယ့်သွေးသားရင်းချာသဖွယ် အလေးအအနက်ထားပြီး ဆက်ဆံပါတယ်။ တခြားသူတွေဟာ မင်းကြီးကို လျှောက်တင်တဲ့အခါ စကားမအောင်တာမျိုးရှိချင်ရှိပေမဲ့၊ မင်းမဟော်လျှောက်တင်တဲ့အခါ စကားအောင်ခဲ့တာချည်းပဲ။ ယုတ်စွအဆုံး မိဖုရားကြီးရဲ့စကားတောင် နားမဝင်တာမဟုတ်ဘူး။ သည်တော့ မိဖုရားကြီးနဲ့တကွ အခြားမှူးမတ်တွေဟာ မင်းမဟော်အပေါ်ကို မကျေနပ်ကြတော့ဘူး။

" မောင်မင်းတို့ . . . မင်းမဟော်အပေါ်ကို ငါတို့ လုပ်စရာနည်းလမ်းဆိုတာ တစ်ခုပဲ ရှိတော့တယ်"

"မှန်လှပါ သခင်မဘုရား"

"အေး . . . အဲဒါကတော့ မင်းမဟော်ရဲ့အမှားကို စောင့်ပြီး ရာဇဝတ်သင့်အောင်လုပ်နိုင်ရင်လုပ်၊ ဒါမှမဟုတ်၊ အရှက်တကွဲ အကျိုးနည်းဖြစ်အောင်လုပ်ဖို့ပဲရှိတော့တယ်"

ပညာရှိ သုခမိန်မင်းမဟော်အပေါ်ကို မကျေနပ်တဲ့ မိဖုရားကြီးနဲ့တကွ မှူးမတ်အပေါင်းဟာ...သူတော်ချင်းချင်း ပေါင်းဖက်တွေ့နေကြပါပြီ။ ဒါကြောင့်လည်း မင်းမဟော်ကို လူသူပရိသတ်ဗိုလ်ပုံအလယ်မှာ အရှက်တကွဲအကျိုးနည်းဖြစ်ရလေအောင် ချောက်တွန်းဖို့ရာ တိုင်ပင်နေကြပါရောလား။

"မောင်မင်းတို့ . . . မင်းမဟော်ကို မှတ်သားလောက်အောင် ဆုံးမနိုပ်ကွပ်ချင်ကြတယ် မဟုတ်လား "

"မှန်ပါတယ်. . . သခင်မ၊ ကျွန်တော်မျိုးတို့အနေနဲ့ မင်းမဟော်ကို ဆုံးမနိပ်ကွပ်ချင်နေတာ ကြာပါပြီ။ အခွင့်အခါ မကြုံကြိုက်သေးတဲ့ အတွက်သည်းခံနေရတာပါ။ တကယ်လို့ သခင်မမှာ အကြံဉာဏ်ကောင်းများရှိခဲ့ရင် အမိန့်ရှိတော်မူပါ။ ကျွန်တော်မျိုးကြီးတို့ လိုက်နာဆောင်ရွက်သွားပါမယ်ဘုရား. . . ။

မိဖုရားကြီးရဲ့လူယုံအမတ်ကြီးက မင်းမဟော်ကို နှိပ်ကွပ်၊ချောက်တွန်း၊ဆုံးမခွင့်ရတော့မယ်ဆိုတော့ သိပ်ကို ဝမ်းမြောက်ဝမ်းသာ ဖြစ်နေတော့တာပေါ့။ အမတ်ကြီးသာမဟုတ်ပါဘူး။ အခြားအမတ်တွေဆိုတာကလည်း သည်အတိုင်းပါပဲ။

"ကောင်းပြီ. . . မောင်မင်းတို့ကို သခင်မ အစီအစဉ်တစ်ခုဖန်တီးပေးမယ်။ မနက်ဖြန် ညီလာခံရှိတယ် မဟုတ်လား . . ."

"မှန်ပါတယ် . . . သခင်မ "

"အေး . . . ဟုတ်ပြီ။ ညီလာခံတက်လာတဲ့အခါကျရင်မောင်မင်းတို့အားလုံး ကြက်ဥတစ်လုံးစီ ဝှက်ပြီးဆောင်လာခဲ့ကြရမယ်။ ညီလာခံကျတဲ့အခါ သခင်မ စီစဉ်သလို မသိလိုက်မသိမသာလုပ်သွားကြ . . ."

လို့ စကားအစပျိုးပြီး လုပ်ဆောင်မယ့် အစီအစဉ်တွေ မိန့်ကြားပါတော့တယ်။ မှူးမတ်တွေဆိုတာ မိဖုရားကြီးရဲ့အကြံအစည်ကို ကြားရတော့ တပြုံးပြုံးနဲ့ . . . ။

--- ---

နောက်တစ်နေ့ ညီလာခံကျင်းပတဲ့အခါမှာတော့ မင်းကြီးနဲ့တကွ မိဖုရားကြီး အပါဝင် မှူးမတ်ပညာရှိသုခမိန်အပေါင်း စုံစုံလင်လင် တက်ရောက်ခဲ့ကြပါတယ်။ပညာရှိမင်းမဟော်ဆိုရင်လည်းတရားစီရင်တိုင်းပြည် အေးချမ်းသာယာရေးတို့အတွက် တက်တက်ကြွကြွ ဝင်ရောက်ဆွေးနွေးလို့ . . . ။ မင်းကြီးမှာတော့ ပြုံးပြုံးရွှင်ရွှင် ခေါင်းတော်တညိတ်ညိတ်။

မကြာခင်အချိန်မှာ ညီလာခံရပ်စဲတော့မှာ ဖြစ်ပါတယ်။ သည်တော့ . . . မိဖုရားကြီးဟာ သလွန်ထက်က



နေ လူယုံတော်အမတ်ကြီးကို မသိမသာအချက်ပြလိုက်တယ်။ သည်အခါ လူယုံတော် အမတ်ကြီးကလည်း မိဖုရားကြီး သင်ကြားပေးလိုက်တဲ့အတိုင်း မင်းကြီးကို လျှောက်တင်ပါတော့တယ်။ အဲသည်အမတ်ကြီးဆိုတာ ကလည်း မိဖုရားကြီးနဲ့ ဆွေရိပ်မျိုးရိပ် မကင်းသူမို့ အသာတကြည်ပဲ လျှောက်တင်ခွင့်ပြုတော်မူပါသတဲ့။

"အို. . . အမတ်ကြီး ဘာများလျှောက်တင်စရာရှိလို့တုံး။ ကိုင်း . . . လျှောက်တင်စရာရှိတာ လျှောက်တင်ပါ "

" မှန်လှပါမင်းကြီး . . . ကျွန်တော်မျိုးတို့ ပညာရှိမှူးမတ်သုခမိန်တွေထဲမှာ ဖအေအမည်မပေါ်တဲ့ သားတစ်ယောက် ရှိနေတယ်လို့ ပြောဆိုသံကြားနေရပါတယ် "

"ဟေ . . . ဟုတ်လား။ တော်တော်လည်း ထူးဆန်းနေပါပေါ့လား။ ညတုန်းကတောင် မိဖုရားကြီးဆီကနေ သည်သတင်းကြားရသေးတယ်။ သူရဲ့အထိန်းတော်တွေ ဆီကကြားလာရလို့ . . . တဲ့။ ခုအမတ်ကြီးတို့ဆီကလည်း ကြားရပြန်ပြီ။ အင်း . . . ကြားရတဲ့သတင်းကလည်း . . . ရုက်ဖို့အင်မတန်ကောင်းတယ်။ သည်သတင်းသာမှန်ရင်တော့ ချီးမြှင့်မြောက်စားမိတဲ့ ငါကိုယ်တော်မင်းမြတ်လည်း အရှက်တော်တော်ကွဲပြီပေါ့ . . . "

အမတ်ကြီးရဲ့တင်လျှောက်မှု၊ မင်းကြီးရဲ့ မိန့်ကြားမှုတွေကြောင့် ပညာရှိမင်းမဟော်အဖို့ အံ့အားတသင့်ဖြစ်သွားရတာ အမှန်ပါပဲ။ သည်အချိန်မှာပဲ မင်းကြီးဟာ ညီလာခံတက်ရောက်လာကြသူ အပေါင်းကို ဖြန့်ကြက်ကြည့်ရှုတော်မူလိုက်ရင်း . . .

"ကိုင်း . . . ငါကိုယ်တော်မြတ်ချီးမြှင့်မြောက်စားထားတော်မူတဲ့ ပညာရှိမှူးမတ်ပရောဟိတ် အပေါင်းတို့ . . .

အမတ်ကြီး တင်လျှောက်သလို အဖေမပေါ်တဲ့ ကာယကံများဟုတ်နေခဲ့ရင် . . . ငါ့ရဲ့ရှေ့တော်မှောက်မှာ ဝန်ခံလိုက်စမ်းပါ။ ငါကိုယ်တော် အပြစ်မယူဘဲ . . . ခွင့်လွှတ်တော်မူမယ် . . . "

လို့ မိန့်ကြားလိုက်ပေမဲ့ဘယ်သူမှ တုတ်တုတ်တောင် မလှုပ်ပါဘူး။ ညီလာခံ တစ်ခုလုံးဆိုတာ အပ်ကျသံတောင်ကြားရမလောက် တိတ်ဆိတ်လို့ ငြိမ်သက်လို့ . . .။ ကြာတော့ မင်းကြီးရဲ့ မျက်နှာဟန် နည်းနည်းခက်ထန်လာတယ်။

" အင်းလေ . . . ငါက အပြစ်မယူဘဲ ခွင့်လွှတ်ပါ့မယ် ဆိုတာတောင်မှ ဝန်မခံကြဘဲကိုး။ သည်တော့ ငါချီးမြှင့်မြောက်စားထားတဲ့သူတွေ အားလုံးဟာ မိစစ်၊ ဖစစ် အုတ်ကြားမြက်ပေါက်တွေ မဟုတ်ဘူးပေါ့။

တကယ်လို့များ ငါ့အပေါ်လိမ်လည်တဲ့ ကိစ္စဘွားခနဲ့ ပေါ်လာရင် . . . အဆောင်အယောင်တွေ ရုပ်သိမ်းရုံမက ကျောတစ်ရာ ရင်တစ်ရာကြိမ်ဒဏ်ခံပြီး . . . မြို့ငရုပ်ကို နှင်တော်မူမယ် . . . "

သည်အချိန်မှာပဲ နဘေးမှာ စံစားနေတဲ့ မိဖုရားကြီးက ဝင်ရောက်လျှောက်ထားလိုက်တယ်။

" မောင်တော်ဘုရား . . . သည်လိုမျိုးကိစ္စဆိုတာ အချိန်ဆွဲထားလို့ မသင့်တော်ပါဘူးဘုရား။ ခုရုပ်မှနောင်ရှင်း မဖြစ်ရလေအောင်လာမယ့်ဘေး ပြေးတွေ့ဆိုသလို ခုကတည်းက စာရင်းဖြတ်သင့်ပါတယ်။ သည်လိုမှာ မဟုတ်ရင် သူလား၊ ငါလားနဲ့ မှူးမတ်ပညာရှိသုခမိန်တွေ အားလုံးအုတ်ရောရောကျောက်ရောရော သိက္ခာကျပါလိမ့်မယ်ဘုရား . . . "

"ဒါဖြင့်ရင် . . . မိဖုရားကြီးက သည်ကိစ္စပြဿနာကို ဘယ်လိုများဖြေရှင်းချင်လဲ . . . "

"လွယ်ပါတယ် . . . မောင်တော်ဘုရား။ ဥယျာဉ်တော်ထဲက မင်္ဂလာဂူထဲဝင်ပြီး ကြကိဉ်တစ်လုံးစီရအောင် ရှာလာခဲ့ခိုင်းပါ။ ကြက်ဥရှာလို့ ရလာသူဟာ မိစစ်၊ ဖစစ်က မွေးလာတဲ့သူဖြစ်ပြီး ရှာဖွေမလာနိုင်တဲ့သူကတော့ မိမစစ်၊ ဖမစစ် လူလွန်မသားဖြစ်ပါတယ်။ အဲသည်မှာတော့ မောင်တော်ဘုရား ချမှတ်ထားတဲ့အတိုင်း အပြစ်ပေးတော်မူပါဘုရား "

" အိမ်း . . . အိမ်း၊ မိဖုရားကြီးပေးတဲ့ အကြံဉာဏ် မဆိုးပေဘူးပဲ။ ကိုယ့်ဘက်ကလိပ်ပြာလုံတဲ့သူမှန်ရင် အစစ်အဆေးခံရဲရမှာပေါ့ "

မင်းကြီးဟာ ခေါင်းတညိတ်ညိတ်နဲ့ . . .။

မိဖုရားကြီးနဲ့ ကျွန်တဲ့မှူးမတ်တွေအားလုံးဟာ မသိမသာ ပြုံးနေကြလို့ ဒါတွေကို အကဲခတ်မိလိုက်တဲ့ ပညာရှိ သုခမိန်မင်းမဟော်လည်း သည်ကိစ္စဟာ သွေးရိုးသားရိုး မဟုတ်ဘူးဆိုတာ ရိပ်စားလိုက်မိတယ်။

မင်းကြီးနဲ့တကွ မင်းမိဖုရားမှူးမတ်တွေအားလုံးက စမ်းသပ်မယ့်အပေါ်သဘောတူညီတာကြောင့် ဥယျာဉ်တော်ထဲကို ဝင်ခဲ့ကြတယ်။ မင်းမဟော်လည်း အပါအဝင်ပေပဲပေါ့။ ဥယျာဉ်ရဲ့ အလယ်မှာတော့ ခပ်ရွယ်ရွယ် ဂူတစ်လုံး။ ဝင်ပေါက်ရှိသလို ထွက်ပေါက်လည်းရှိတယ်။ သည်အချိန်မှာပဲ မိဖုရားကြီးရဲ့လူယုံတော်အမတ်ကြီးက စပြီး တိုင်တည်သစ္စာဆိုလိုက်တယ်။

"ကျွန်ုပ်သည် မိစစ်၊ ဖစစ်ကမွေးဖွားခဲ့သားသမီးဖြစ်ပါက ဂူးအတွင်းဝင်ရောက်သည်နှင့်ကြက်ဥတစ်လုံးရပါစေသား . . . "

ပြီးတာနဲ့ ခပ်တည်တည်ပဲ ဂူထဲကိုဝင်သွားတယ်။ ပြန်ထွက်လာတဲ့အခါ ကြက်ဥတစ်လုံးကို ကိုင်ဆောင်လာပြီးမိဖုရားကြီးရဲ့ရှေ့တော်မှောက်မှာချပြလိုက်တယ်။ ပရိသတ်ရဲ့သြဘာသံတွေကတော့ တစ်ခဲနက်ပဲပေါ့။

အမတ်ပြီးတဲ့အခါ နောက်ထပ်တစ်ယောက်ပြီးတစ်ယောက်ဆိုသလို အမတ်ကြီး လူပ်ရှားပြုမူတဲ့အတိုင်း ပြုမူလူပ်ရှားကြတယ်။ အားလုံးဟာ မိစစ်၊ ဖစစ်တဲ့အနေနဲ့ ကြက်ဥကိုယ်စီ ရရှိခဲ့တာပဲပေါ့။ သည်ကတည်း ကမင်းမဟော်ဟာသဘောပေါက်လိုက်ပါပြီ။မိဖုရားကြီးဦးဆောင်လို့ သူ့ကို ချောက်တွန်းနေကြပြီဆိုတာ။ သည်တော့ သူဘာလုပ်ရမလဲ ဆိုတာကို စဉ်းစားရပြီ။ လက်ထဲမှာလည်း ဘာကြက်ဥမှ မရှိ။ သည်တုန်းမှာပဲ မိဖုရားကြီးက စကားသံထွက်ပေါ်လာခဲ့တယ်။

" မင်းမဟော် သုခမိန်၊ သင်တစ်ယောက်တည်း ကျန်တော့တယ်လေ။ဂူထဲကောဝင်လို့ဖြစ်တယ်မဟုတ်လား "

လေသံက တကယ်ကို မခိုးမခန့်နိုင်လှတယ်။ မင်းကြီးဟာ အခြေအနေမှန်ကို သဘောမပေါက်ဘဲ မိဖုရားကြီးရဲ့လေသံအတိုင်း . . .

" ပညာရှိသုခမိန် . . . ဂူထဲဝင်ပြီး ကြက်ဥရှာပါတော့လား "

လို့တောင် ပြောဆို အမိန့်ပေးလာတော့တယ်။ ဒါနဲ့ မင်းမဟော်လဲ နေရာက ထပြီးရဲရဲဝံ့ဝံ့ရင်ကိုကော့၊ ခေါင်းကိုမော့လို့ ဂူထဲကို တစ်လှမ်းချင်းလှမ်းဝင်သွားတော့တယ်။ မိဖုရားကြီးနဲ့တကွ အလိုတူအလိုပါတွေကတော့ တပြုံးပြုံးနဲ့ သူတို့ဆင်တဲ့ အကွက်ထဲ ဝင်ပြီဆိုပြီ ကျေနပ် သဘောကျနေကြတယ်။

မကြာပါဘူး

မင်းမဟော်ဟာဂူထွက်ပေါက်ကထွက်လာပြီးကြက်အတောင်ပံရိုက်သလိုမျိုး လက်နှစ်ဖက်ကို လက်ခမောင်းရိုက်ရင်း . . .

"အော့ . . . အိ . . . အီး . . . အွတ် "

လို့တွန်ပြလိုက်တယ်။ လက်ထဲမှာတော့ ဘာကြက်ဥမှ ပါမလာဘူးသည်တော့ မိဖုရားကြီးက အပိုင်ပဲဆိုပြီး . . .

" အချင်း. . . သုခမိန် မင်းမဟော ဖအေမပေါ်တဲ့သားဖြစ်လို့ ကြက်ဥရှာမလာနိုင်ခဲ့တာလား . . . "

လို့ခနိုးခနဲ့ကဲရဲ့ရင်း . . . ရယ်သွမ်းသွေးလိုက်တယ်။ သည်အခါ မင်းမဟော်လည်း စိုးရွံ့ထိတ်လန့်ခြင်းကင်းမဲ့စွာနဲ့ ချက်ချင်းပဲ တုံ့ပြန်လိုက်ပါတယ်။

" မဟုတ်ရပါ . . . သခင်မ။ ကြက်ဥရှာလို့ရတဲ့ သူတွေဟာ ကြက်မဖြစ်တဲ့အတွက် ကြက်ဥရသွားကြတာပါ။ ကျွန်တော်မျိုးကတော့ ကြက်ဖဖြစ်နေတဲ့အတွက် ဥမဥနိုင်ပါဘူး။ ဒါကြောင့် ကြက်ဖလိုပဲတွန်ပြရတာပါ . . . အော့ အိ အီး အွတ် "

မင်းမဟော်ရဲ့ စကားသံလည်းကြားရော မင်းကြီးလည်း အကြီးအကျယ်သဘောကျသွားပြီး။

" ပညာရှိပီသပါပေရဲ့မင်းမဟော်ရယ် "


လို့ ချီးမွမ်းရုံမျှမက ဆုတော်လာဘ်တော်တွေချသတဲ့။ မိဖုရားကြီးအပါအဝင် အလိုတူအလိုပါမှူးမတ်တွေခမျာ အကြံအစည်မအောင်မြင်တဲ့ အပြင် ကြက်မတွေလို့ အပြောအဆိုခံရရင်း ရှက်ရွံ့နဲ့ ခေါင်းငုံ့နေကြရပါတော့တယ်။


ကိုင်း...ပုံပြင်လေးကတော့သည်မျှပါပဲ။လောကမှာသူတစ်ပါး မကောင်းကြံရင် ကိုယ့်အပေါ်တန်ပြန် ရိုက်ခတ်တတ်ပါတယ်။ ပညာရှိမှန်သမျှ အခက်အခဲတွေဘယ်လောက်ကြုံကြုံ အောင်မြင်စွာ ကျော်လွှားဖြတ်သန်းနိုင်ကြတယ်ဆိုတာကို သင်ခန်းစာယူနိုင်ကြပါရဲ့။

နန္ဒာမိုးကြယ်

အာဘွားအိုရဲ့ နွားဝက်ကလေး

ပေါ်လာသူ









အသက်အိုဟာ ခြံစည်းရိုးကိုကျော့ဖို့
ဝက်ကလေးကိုချော့ပြီး ခြောက်ပြီးဒဲ့ဟာ
ပေမယ့်ဝက်ကပေကပ်ကပ်ရပ်နေတယ်..



နိဒါန်း အသက်အိုဟာတစ်ယောက်တည်းဝက်
လာရင်း လမ်းမှာခွေးတစ်ကောင်ကိုတွေ့တော့
ခြံစည်းရိုးကိုမကျော်တဲ့ဝက်ကိုကိုက်ဖို့
အကူအညီတောင်းတာပေါ့..



နိဒါန်း အသက်အိုဟာ ခြံစည်းရိုးကိုမကျော်
ဝက်ကလေးတစ်ကောင်
ဝယ်လိုက်တယ် အိမ်အပြန်မှာ
ခြံစည်းရိုးတစ်ခုခဲ့နေတယ်..



နိဒါပေမဲ့ ခွေးက
မကူညီတော့အသက်အိုက
ရွာသောက်လျှောက်လာရင်း
တဉ်တိတစ်ချောင်းတွေ့လို့
ဝက်ကိုမကိုက်တဲ့ခွေးကို
ရိုက်ဖို့အကူအညီတောင်းတယ်


ဒါပေမဲ့ တုတ်ကလည်း
ဘာမှလှုပ်မပေးဘူး ဒါနဲ့
အဘွားအိုလည်း ခဝါပြီး
လျှောက်လာလိုက်တာ
မီးဖိုတစ်ခုကိုတွေ့ရတယ်
မီးဖိုလေး မီးဖိုလေး တုတ်ကို
လောင်ပစ်လိုက်စမ်းပါ တုတ်က
ခွေးကိုမရိုက်ဘူး..ခွေးကဝက်ကို
မကိုက်ဘူး..ဝက်ကခြံစည်းရိုးပေါ်
မကျော်ဘူး ဘွားဘွား ဒီညတော့
အိပ်မပြန်ရောက်မှာမဟုတ်ဘူး
ဒီတစ်ခါလည်း
မီးဖိုလေးက
အဘွားအိုကို
မကူညီပါဘူး


ဆွေးထဲက ရေရယ်
မိုးကို ငြိမ်းလိုက်စမ်းပါ
မီးက တုတ်ကို မလောင်ဘူး
တုတ်က ခွေးကို မရိုက်ဘူး
ခွေးက ဝက်ကို မကိုက်ဘူး
ဝက်က ခြံကို မခုန်ဘူး
ဘွားဘွား တော့ အိမ်ကို
ဒီည ပြန်ရောက်မှာ မဟုတ်ဘူး
ရေကလည်း ဘာမှ
လုပ်မပေးတော့
အဲဒီဘွားဘွိုဟာ ဆက်ပြီး
လျှောက်သွားလိုက်တာ
ချောင်းတစ်ခုရဲ့ ဘေးကို
ရောက်သွားပဲတဲ့ ..


အိန္ဒိယ ကျွဲကြီးကို အကူအညီ တောင်းတော့ ကျွဲက လည်း ဘာမှ လုပ်မပေးတော့ အာကွားခိုလည်း ဆက်ထွက်ခဲ့တယ်
လမ်းမှာ နွားသတ်သမားနဲ့တွေ့လို့ သူ့ကို အကူအညီ မပေးတဲ့ ကျွဲကို သတ်ပေးဖို့ အကူအညီတောင်းတယ်
အိုပေမဲ့ နွားသတ်သမားကလဲ လုပ်မပေးလို့ ဆက်ထွက်လာခဲ့တယ်
လမ်းမှာ ကြိုးတုတ်တုတ် တစ်ချောင်းနဲ့တွေ့လို့ အကူအညီတောင်းပြန်တယ်



ကြိုးကြိုးရယ် နှားယတ်
ယမား၏ လှည်းပင်းကိုကြိုးနဲ့
ချည်ပိုက်စမ်းပါ အဘွား
အကူအညီတောင်းတာမရှာနဲ့း
ဒါပေမဲ့ ကြိုးကြိုးကလည်း ဘာမှ
လုပ်မပေးလို့ အဘွားဒေါသဖြာ
ဆက်ပြီးလမ်းလျှောက်လာခဲ့တယ်
ဒီအခါလမ်းမှာ အလှူခံထွက်တဲ့
ယွားပိုင်ရှင် ကြွက်ကလေး
တစ်ကောင်ကို တွေ့လိုက်တဲ့..
ကြွက်ကလေးရယ်
ကြိုးကြိုးကို တစ်စစီ
ဖြစ်အောင်ကိုက်ဖြတ်
ပစ်လိုက်စမ်းပါ အဘွားကို
အကူအညီ မပေးဘူး


ကြွက်ကလေးက
ဘာမှမလုပ်ပါဘူး ဒါနဲ့
အသွားအလိုလည်းသတိထားကြ
လာခဲ့တယ်။။ ။။
လမ်းမှာ အိပ်ချင်နေတဲ့ ကြောင်လေး
တစ်ကောင်ကိုတွေ့လို့ ကြွက်ကို
ကိုက်ဖို့အကွက်အသင့်တောင်းပြန်တယ်
ဝါး.. ဒါဆိုရင် အသွားက
အနှောက်ရောင် အာကွက်နဲ့
စားဖို့စားမကြိုး သိပ်က
စားနဲ့ပိတ်ချင်ပယ့်ပေးရင်
ကြွက်ကိုကိုက်သတ်ပေးမယ်


ကောင်းပြီလေ ရှင်သာ ကျွန်မစားဖို့
လယ်သမားကိုယူပေါ့ ဆိုက
ကောက်ရိုးတစ်စည်းလောက်ယူလာ
ပေးရင်နဲ့တစ်ချိုင့် ပေးနိုင်ပါတယ်
ဒါနဲ့ အဘွားဒီဟာ
နွားမကြိုးဆိပ်သွားပြီး
အကုန်အသိတောင်းတယ်
အဘွားဒီလိုလည်းလယ်သမားကိုယူပေါ့ဆိ
ပါ့သွားပြီး အကုန်အသိတောင်းပြန်တယ်..
အစမ်းရတာပေါ့
ဆင်ဖျားသာဟိုးရှေ့ချောင်း
ထဲကရေတစ်ပုံးကျဖြစ်ကို
ခပ်ပေးရင် ဆင်ဖျားလှိုချင်တဲ့
ကောက်ရိုးစည်းပေးပါ့မယ်..



လယ်သမားကယုံလိုက်တဲ့စေတနဆိပ်းဂလို့
အသွားအိုကိုကောက်ရိုးပေးလိုက်တယ်



ကောက်ရိုးနားမကြီးကိုယူသွားပေးတော့
နားမကြီးက အသွားအိုကိုနှိုးတစ်ချိုင့်
ပြန်ပေးလိုက်ပြန်တယ်.. ..




ဒါနဲ့ အသွားအိုဟာ ရေပုံးယူပြီး
စမ်းချောင်းလေးဆီသွားတယ်
ရေပုံးမှာအပေါက်တွေအများကြီး
ရှိနေလို့ရွံ့တွေနဲ့ပိတ်ပြီး
ချောင်းရေကိုခပ်ပေးလိုက်တယ်



ဒါနဲ့ အသွားအိုလည်း
နားနှိုးချိုင့်ကိုယူပြီး
ကျောင်းလေးကိုပေးတယ်



ဒီတော့ကြိုးကနွားသတိသမားကိုချည်ဖို့
လုပ်တော့နွားသတိသမားက ကျွဲကို
သတိဖို့လိုပါတယ် ဒီအခါကျွဲကလည်း
ရေကိုဝေါက်ဖို့လုပ်တယ်..



ရေကမီးကိုငြိမ်းဖို့လုပ်တယ် မီးကတုတ်ကို
လောင်ဖို့လုပ်တယ်.. ဒီတော့တုတ်ကခွေးကို
ရိုက်ဖို့လုပ်တယ်..ခွေးကဝက်ကိုက်ဖို့
လုပ်တော့ဝက်ပဟာလနဲ့ပြီးခြစ်သည်းရိုးကို
ခုန်ကျော်လိုက်တာပေါ့..



ကြောင်ကလေးကနွားနို့
သောက်ပြီးကြွက်ဖို့ကိုက်ဖို့
လုပ်တော့ကြွက်ကကြိုးကို
ကိုက်ပြတ်ဖို့လုပ်တယ်..



ဒီတော့မှပဲ အာကွားအိုနဲ့
ယုဝကိုကလေးဟာ
သမရောက်ဆင်သူ့အိမ်ကို
ပြန်ရောက်သွားတော့သတဲ့

ပဲပြုံ

ဟိုးရှေးရှေးတုန်းကပေါ့။

မြစ်မင်းဇရာဝတီရဲ့ကျယ်ဝန်းပြန့်ပြူးတဲ့ရေယာဉ်ကြောမှာ ဝါးဖောင်တစ်ခု တငြိမ့်ငြိမ့် မျောလာခဲ့ လေရဲ့။ အဲဒီ ဝါးဖောင်ပေါ်မှာဘယ်သူတွေများ ပါလာခဲ့တယ်ထင်သတုန်း၊ မျက်စိနှစ်ကွင်း စလုံး လုံးဝမမြင်ကြရရှာတဲ့မျက်မမြင်ညီနောင်နှစ်ယောက်ပဲပါခဲ့သတဲ့လေ။ သူတို့ဟာ ဘယ်ဆီကိုသွားပြီး ဘာလုပ်ကြမယ်ရယ်လို့ ရေရေရာရာ ရည်ရွယ်ချက်နဲ့ ခရီးထွက်လာကြတာတော့မဟုတ်ဘူးတဲ့။ ရေကြည်ရာ မြက်နရာရှာပြီး ဘဝသစ်ကို ဖန်တီးကြဖို့တော့ စိတ်ထဲမှာ ကြိတ်ပြီးအားသစ်ထားကြတယ်ဆိုကိုး။ အဲ . . အဲဒါကြောင့်လည်း သူတို့ရဲ့ဖောင်ပေါ်မှာ တစ်လကိုးသီတင်း စားနိုင်သောက်နိုင်အောင် စားရေရိက္ခာတွေ လုံလုံလောက်လောက် ပါလာခဲ့တာပေါ့။

ဒီလိုနဲ့ . . . ။ တစ်နေ့သားမှာတော့ သူတို့ရဲ့ဖောင်ဟာ ရုတ်တရက်တုံ့ဂနဲ့ ရပ်သွားခဲ့တယ်။ မြစ်ကမ်းပါးကနေထိုးထွက်နေတဲ့ သစ်မြစ်ဆုံကြီးရဲ့မြစ်ပျဉ်းလက်တန်တွေကဖောင်နဲ့ငြိပြီးဖမ်းဆွဲထားသလိုဖြစ်နေတာမို့ ဖောင်ကလုံးဝ မရွေ့တော့တာ။ အဲဒီအချိန်မှာ မျက်မမြင် ညီနောင်ဟာ ဖောင်ပေါ်က တဲရိပ်ကို ခိုပြီးနေ့လည်စာ စားနေကြတုန်းတဲ့။ မျက်စိကလည်း မမြင်ကြရရှာတော့ ဖောင်ကိုရွေ့အောင်လျားအောင် သူတို့မလုပ်နိုင်ခဲ့ကြဘူး။ အဲဒီသစ်မြစ်ဆုံကြီးနားမှာပဲသောင်တင်နေခဲ့ကြရရှာသတဲ့။ " ထူးဆန်းလိုက်တာ အစ်ကိုကြီးရယ်။ တို့ရဲ့ စားရေ ရိက္ခာတွေဟာ တို့ညီအစ်ကိုနှစ်ယောက် တစ်လကိုးသီတင်း ဗိုက်ရိုက်စားလို့တောင်မကုန်နိုင်အောင် ပိုပိုလျှံလျှံ ယူလာခဲ့တာပါ။ တို့တွေ ဇရာဝတီကို ဖောင်နဲ့စုန်ခဲ့ကြတာလည်း ရက်ပိုင်းပဲ ရှိပါသေးတယ်။ တို့မျှားစားခဲ့ကြတာလည်း ပုံမှန်ပါပဲ။ အဲဒါနဲ့တောင် ရိက္ခာထုပ်နဲ့ရေတွေက အတော်ကြီးကို လျော့နေပါရောလား ။ အခုလို ဖောင်ကမရွေ့ဘဲ ခရီးဆက်မထွက်နိုင်ခဲ့ကြရင် ခက်ရချေရဲ့။ အစာငတ်ရေငတ်နဲ့ ဒုက္ခများ ကြလိမ့်မယ် "

" ဟုတ်တယ် . . ဟေ့။ အစ်ကိုကြီးလည်း အဲဒါကို ပဲစဉ်းစားနေတာ။ ဒီထူးထူးဆန်းဆန်း ကြုံနေရတဲ့ အဖြစ်ဆိုးကြီးမှာ အကြောင်းရင်းတစ်ခုခုတော့ ရှိလိမ့်မယ်ထင်သကွ၊ သိရဲ့လား . . . ညီလေး "

ဖောင်ကမရွေ့ ခရီးကမစုန်နိုင်။ ရိက္ခာကနည်းရေကနည်းလာတော့ ရှေးရေးအတွက်တွေးပြီးတစ်မျိုးစီစဉ်ကြရတော့တာပေါ့။ ညီနောင်နှစ်ယောက်ဟာ သူတို့ရဲ့ လက်ကျန်ရိက္ခာ ထုပ်တွေကို လက်နဲ့ပိုက်ပြီး သေသေချာချာစောင့်ရှောက်ကြဖို့နဲ့သူတို့ဖောင်ပေါ်မှာ တစ်ခုခု အမှားအယွင်းရှိနေခဲ့ရင်လည်း အဲဒီအမှားဟာ ဘာလဲဆိုတာကို သိအောင်လုပ်ကြဖို့ ဆုံးဖြတ်ထားကြသတဲ့။

တစ်နေ့ . . . ။

သူတို့ညီအစ်ကို အစာစားနေကြတုန်းမှာ သူတို့ ရဲ့လက်တွေက သူတို့တစ်ခါမှ မသိခဲ့ဘူးတဲ့ လက်တစ်စုံကိုထိမိတိုက်မိကြသတဲ့။ သူတို့ဟာ ကြုံတင်တိုင်ပင်ထားခဲ့ကြတဲ့အတိုင်း ထူးဆန်းတဲ့ ဘယ်၊ ညာလက်တစ်ဖက်စီကို အလွတ်မပေးစတမ်း ဖမ်းဆွဲထားလိုက်ကြတော့တယ်။

" ဘယ်သူလဲဟေ့ . . ။ ကိုင်း . . မိပြီ။ မှန်မှန်ပြောစမ်း။ မင်းကဘယ်သူလဲ။ အမှန်အတိုင်း မပြောရင်တော့

ခေါင်းနဲ့ကိုယ် အိုးစားကွဲရစေ့မဟေ့”

မေးလည်းမေး၊ နောင်ကြီးဖြစ်တဲ့ အစ်ကိုက သူ့လက်ထဲမှာ သံလျက်ကြီးစွဲပြီး ခြိမ်းခြိမ်းမောင်းမောင်း ငေါက်ငမ်းလိုက်သတဲ့။

“အို အကျွန်က ဘီလူးမပါအရှင်။ ဆာလောင်မွတ်သိပ်လွန်းလို့ အရှင်တို့ရဲ့အစားအစာတွေကို ခိုးယူစားမိတာပါ။ အကျွန်ရဲ့အသက်ကို ချမ်းသာပေးပါ အရှင်။ အသက်ရှင်ခွင့် ရခဲ့ရင် အရှင်တို့ရဲ့အစေအပါးအဖြစ်နဲ့ လုပ်ကျွေးပြုစုပါ့မယ် . . . အရှင် ”

“ ဟုတ်လိုက်လေကွယ် . . . ဘီလူးမတဲ့လား၊ ဟုတ်စ။ ကိုင်း . . ဒီလိုဖြင့်တဆိတ်မေးစမ်းပါရစေဦး။ မယ်မင်းရဲ့အစွမ်းနဲ့ ကျုပ်တို့ညီနောင်ရဲ့ မျက်စိကို ပြန်မြင်ရအောင်ကုပေးနိုင်ပါ့လား ”

“ အကျွန် ကြိုးစားကြည့်ပါမယ် . . . အရှင် ”

မျက်မမြင်ညီနောင်ဟာဘီလူးမကိုယုံကြည်ကိုးစားသွားတော့ တာပေါ့။ ဘီလူးမကို ဖမ်းချုပ်ထားတဲ့ သူတို့ရဲ့လက်တွေကို လွှတ်လိုက်ကြတယ်။ ဘီလူးမက သစ်ပင်ငုတ်မှာ ငြိနေတဲ့ ဖောင်ကို လွတ်အောင်လည်း လုပ်ပေးတယ်။ပြီးတော့ဇရာဝတီကိုစုန်ပြီးမျောလာတဲ့ ဖောင်ပေါ်မှာ ဘီလူးမကလည်း အတူလိုက်လာခဲ့သတဲ့။

ဘီလူးမဟာ သူရဲ့အသက်သခင် မျက်မမြင်ညီနောင်ကို ပြုစုလုပ်ကျွေးရင်း မျက်စိပြန်မြင်အောင်လည်းဆေးကုပေးသတဲ့။ ဇရာဝတီမြစ်ကြီးရဲ့ ကမ်းဘေးဝဲယာက တော၊ တောင်၊ စုံမြိုင်တွေမှာ ကောင်းပေ့ဆိုတဲ့ဆေးမြစ်ဆေးဥတွေကိုတခုတ်တရရှာဖွေပြီး ကျကျနနကုသပေးတာပေါ့။ ဆေးကလည်းစွမ်းပါ့။ ဘီလူးမရဲ့စေတနာကလည်းကြီးပါ။ မျက်မမြင်ညီနောင်ဟာ မျက်စိနှစ်ကွင်း အလင်းပြန်ရခဲ့ပြီလေ။ အရာရာတိုင်းကို သူတို့ပြန်မြင်ခဲ့ကြပြီ။

ညီတော်ရော နောင်တော်ရော သိပ်ဝမ်းသာကြတယ်။ ဘီလူးမကိုလည်း သိပ်ကျေးဇူးတင်မိကြသတဲ့။ အဲဒါကြောင့် ဘီလူးမကို သူ့ဇာတိသူရဲ့ရွာကို ပြန်ဖို့ခွင့်ပြုလိုက်ကြတယ်။ သူတို့ရဲ့ဖောင်ကိုလည်း ဇရာဝတီမြစ်ကမ်းဘေး၊ သင့်တော်ရာနေရာတစ်ခုမှာ ဆိုက်ကပ်လိုက်ကြတော့တယ်။ဟုတ်တယ်လေ၊ အခုမှစပြီးမြင်ရတွေ့ရ၊ မြင်မြင်သမျှကလည်း လှလွန်းမကလှနေတဲ့ ဒီသဘာဝလောကကြီးနဲ့ ဒီအလှတွေကို ကျောခိုင်းပစ်ခဲ့ရမှာ နှမြောစရာ ကောင်းလွန်းနေရဲ့မဟုတ်လား။ ပြီးတော့ သူတို့ရဲ့ စားရေရိက္ခာတွေကလည်း လုံးလုံးကုန်ခမ်းခဲ့ပြီလေ။ သူတို့ဟာ ဇရာဝတီကို စွန့်ခွာပြီး ကုန်းမြေပေါ်ကို တက်လာခဲ့ကြတယ်။

ညီနောင်နှစ်ဦးဟာ နုအိနေတဲ့ နံးမြေမွမွတွေကို နင်းပြီး ကမ်းနဖူးအတိုင်းလျှောက်လာခဲ့ကြတယ်။ မြစ်ကွေ့ကလေး တစ်ကွေ့ကို ချိုးဝင်လိုက်တဲ့အခါ သူတို့မျှော်လင့်မထားတဲ့ မြင်ကွင်းကို ဘွားကနဲတည့်တည့်တိုးပါလေရော။ ရုပ်ရည်သန့်ပြန့်ဖြူစင်တဲ့ မိန်းမပျိုလေးတစ်ဦးဟာ မြစ်ကွေ့ကမ်းစပ်ကလေးမှာ ထိုင်လို့ရေခပ်နေသတဲ့။ သူ့ရဲ့ဗူးတောင်း(ဗူးတောင်းဆိုတာ ဗူးခါးသီးအခြောက်ထဲက အဆံတွေ၊ အသားတွေကို ထုတ်ပစ်လိုက်ပြီး ဗူးခွံကို ရေဗူးတစ်ခုလို ရေထည့်လို့ရအောင် အပေါက်ဖောက်ထားတဲ့ ရေသယ်စရာပစ္စည်းတစ်မျိုးပါ။) မှာ ရေဝင်ဖို့ အပေါက်ကလေးကသေးသေးကလေးမို့ ခမျာ တငုတ်တုပ်တုပ်နဲ့ ထိုင်စောင့်နေရပုံပဲ။ မိန်းကလေး ရေခပ်နေတဲ့ပုံက ဆွဲဆောင်မှုအပြည့်ရှိတဲ့ပန်းချီကားတစ်ချပ်လိုသိပ်လှတာပဲတဲ့။

" မိန်းကလေး၊ မင်း . . တယ်မိုက်မဲပါကလား။ ဒီလောက်သေးတဲ့ အပေါက်ကလေးထဲကို ဘယ်မှာရေများများဝင်နိုင်မလဲကွယ့်။ပေး...ပေး၊မင်းရဲ့ဦးတောင်းကို ကျုပ်ကိုပေးစမ်း။ ဗူးပေါက်ကိုကျယ်အောင်ချဲ့လိုက်ကြရအောင်"

နောင်တော်ကြီးက ပြောပြောဆိုဆိုပဲ ဗူးတောင်းကို ဖျပ်ကနဲယူပြီး ရေဝင်တဲ့အပေါက်ကိုချဲ့ပေးလိုက်တယ်။ ဗူးတောင်းမှရေမြန်မြန်ပြည့်ပြီပေါ့။

မိန်းကလေးဟာ ခါတိုင်းထက် အချိန်အများကြီးစောပြီး ရေပြည့်သွားတဲ့အတွက် သူလာရာလမ်း အတိုင်း ပျော်ရွှင်ရွာ ပြန်သွားတယ်။ ညီနောင်နှစ်ဦးကလည်း မိန်းခလေးနောက်ကို ခြေရာခံပြီး လိုက်သွားခဲ့ကြသတဲ့။ ဒါကြောင့် မိန်းကလေးဟာ ရသေ့ကျောင်းသခ်ိန်းတစ်ခုမှာ နေနေတာကို အံ့သြတကြီး သိလိုက်ရတယ်။ ညီနောင်နှစ်ဦးလည်း ကျောင်းသခ်ိန်းမှာရှိနေတဲ့ ရသေ့ကြီးကို ဂါရဝပြုကြရတာပေါ့။

" ဒကာတို့က ဘယ်သူတွေတုန်း၊ ဘယ်ကလာကြတာတုန်း၊ မိဘတွေက ဘယ်သူတွေများတုန်း "

"တင်ပါ့ဘုရား။ တပည့်တော်တို့ဟာ အမြွှားညီအစ်ကိုများ ဖြစ်ပါတယ်ဘုရား။ တကောင်းနေပြည်တော်ကြီးရဲ့ ဧကရာဇ် ဘုရင့်သားတော်များပါဘုရား။ တပည့်တော်က မဟာသမ္မဝပါ။ ဟောဒါကညီတော်စူဠသမ္မဝ ပါဘုရား"

"သြော် . .သြော်။ နို့ ဘုရင့်သားတွေက ဘယ့်နှာကြောင့်ကိုယ့်တိုင်းကိုယ့်ပြည်ကိုပစ်ပြီးထွက်လာခဲ့ကြရတာတုန်း "

"မှန်ပါ့။ မွေးရာပါမျက်မမြင်အဖြစ် ဖွားမြင်လာတဲ့ တပည့်တော်တို့ အမွှာညီအစ်ကိုရဲ့ အဖြစ်ဆိုးကြောင့် ရာဇဏ္ဍန္ဒေမဲ့၊ အရှက်ရခဲ့တဲ့ဖခမည်းတော် ဘုရင်ကြီးက သတ်စေအမိန့်ချမှတ်ခဲ့ပါတယ်ဘုရား။ သို့ပါသော်ငြား၊ မိခင်မိဖုရားကြီးက တိတ်တဆိတ်ကျွေးမွေးပြုစုထားခဲ့ပြီး အရွယ်ရောက်လာတော့မှ ဧရာဝတီထဲကို ဖောင်နဲ့မျှောလိုက်တာပါ။ ဟောဒီ သံလျက်ကိုလည်း မဟာဆီမဟာသွေးရဲ့သက်သေအဖြစ် ထည့်ပေးလိုက်ပါသေးရဲ့ဘုရား"

"အိုး ဘုရား . . . ဘုရား . . . ဘုရား။ ရတနာသုံးပါးရဲ့ တန်ခိုးတော်ပေပဲ။ ဘယ်လောက်ဆန်းထွေတဲ့ကြုံကြိုက် တိုက်ဆိုင်မှုလဲကွယ် . . ။ ကြည့်စမ်းပါဦး"

ရသေ့ကြီးကဝမ်းသာအားရပြောသတဲ့။ဘာလို့လဲဆိုတော့ တကောင်းပြည့်ရှင် ဘုရင်ကြီးရဲ့မိဖုရားကြီးဟာ သူ့ရဲ့ညီမဖြစ်နေတာကိုး။ အဲဒီတော့ မင်းသားညီနောင်ဟာ သူရဲ့တူအရင်းတွေဖြစ်နေပြီပေါ့။

"ကိုင်း . . ကွယ်၊ မေးစမ်းပါရစေဦး။ မင်းတို့တစ်တွေ အခုမျက်စိလည်းပြန်မြင်ရပြီဆိုတော့ တကောင်းပြည်ကို ပြန်ဖို့ စဉ်းစားထားကြသလား"

"တင်ပါ့၊ တကောင်းပြည်နဲ့ကုသိုလ်ဆက်က ပြတ်ခဲ့ပါပြီဘုရား။ နောက်ကြောင်း ပြန်မလှည့်တော့ပါ-ဘူး"

"ကဲ . . ဒါဆို။ လောလောဆယ် . . ဟောဒီကျောင်းသခ်ိန်မှာပဲ သင့်တော်သလိုနေကြပေဦး "

"တင်ပါ့ဘုရား"

"သူကလေးက ဗေဒါရီတဲ့ကွယ့်။ မိမဲ့ဖမဲ့ကလေး၊ ငါကပဲ ကောက်ယူမွေးစားထားတာ။ မိန်းကလေးကလည်း ဖြစ်နေပြန်၊ အရွယ်ကလည်းရောက်လာပြန်ဆိုတော့ ကျောင်းသခ်ိန်းမှာ အမြဲတစေရှိနေဖို့ မသင့်

တဲ့အတွက် တစ်နေ့လုံး ရေခပ်ရင်း အချိန်ကုန်သွားအောင် ဗူးတောင်းရဲ့အပေါက်ကို သေးသေးလေးဖောက်ထားပေးတာ။ ဗူးတောင်းဟာ ရေတော်တော်နဲ့မပြည့်တော့ သူလည်းကျောင်းဆီ ချက်ချင်းပြန်မလာနိုင်တော့ဘူးပေါ့။ ဟုတ်စ"

"မှန်ပါ့ ဘုရား"

"အင်း . . အင်း ၊ ခမျာကလေးရဲ့ ရုပ်လက္ခဏာနဲ့ ကံဇာတာဟာ ရာဇယုဂ်ကွဲ့။ အင်မတန်ထက်မြက်တဲ့ မိဖုရားခေါင်ကြီး ဖြစ်လိမ့်မယ်။ ငါ့တူတော်မောင်များ ကလည်း မဟာဆီမဟာသွေး တော်ဝင်နွယ်စစ်စစ်တွေဖြစ်နေကြတော့ တောင်သူလယ်ခုတ်၊ မုဆိုးတံငါအလုပ်များနဲ့လည်း အသက်မွေးဖို့ မသင့်မြတ်ပေဘူး။ နောင်တော်ဖြစ်တဲ့ မဟာသမ္ဘဝကြီးက ငါ့ရဲ့သမီးဗေဒါရီနဲ့ လက်ထပ်ပြီး ဟောဒီကျောင်းသခိုန်နဲ့ မလှမ်းမကမ်းမှာ မြို့သစ်တည်ထောင်လို့ မင်းလုပ်ပေတော့။ ညီငယ်စူဠသမ္ဘဝက နောင်တော်ကြီးကို ကူညီရင်း အိမ်ရှေ့စံအရာထမ်းရွက်ပေရော့။ ဟောဒီရသေ့ကျောင်းသခိုန်းကို အမှီပြုပြီးတည်ထောင်တဲ့မြို့ ဖြစ်လေတော့ " ရသေ့မြို့ " လို့ အမည်တွင်စေရမယ်ကွယ့် . . . ကြားလား"

အဲဒီလိုနဲ့၊ တကောင်းပြည်ကြီးက တဖြည်းဖြည်းနဲ့ မှေးမှိန်သွားတဲ့ အချိန် မြန်မာပြည် မြေလတ်ပိုင်း၊ ဧရာ ဝတီမြစ်ကမ်းနဖူးမှာ " သရေခေတ္တရာ(သီရိခေတ္တရာ)" လို့ ခေါ်တဲ့ မင်းနေပြည်ကြီးတစ်ခုခမ်းခမ်းနားနားကြီးပေါ်လာခဲ့သတဲ့။ အဲဒီမှာ "ပျူလူမျိုးစု" တွေနေထိုင်ခဲ့ကြတယ်။ မဟာသမ္ဘဝနဲ့စူဠသမ္ဘဝတို့ တည်ထောင်ခဲ့တဲ့ရသေ့မြို့က ပွားစီးလာတဲ့ လူမျိုးတွေဖြစ်ပြီး သီရိခေတ္တရာဟာ ရသေ့မြို့နားမှာပဲရှိသတဲ့။ (သီရိခေတ္တရာ)ဆိုတာက တခြား မဟုတ်ပါဘူး။ ဒီကနေ ပြည်မြို့ (ပြေမြို့)လို့ သိနေကြတဲ့ မြို့ကြီးပဲပေါ့။ သီရိခေတ္တရာခေတ်က ဘုရားပုထိုးတွေ၊ အဆောက်အဦးဟောင်း၊မြို့ရိုးဟောင်းတွေအများကြီးကျန်ရစ်နေသေးတဲ့မြို့ပေါ့ကွယ်။

သီရိခေတ္တရာပြည်ကြီးဟာကြီးကျယ်ခမ်းနားပြီး ကြွယ်ဝချမ်းသာတဲ့ မင်းနေပြည်ကြီးအဖြစ် ရာစုနှစ်ပေါင်းများစွာတည်ရှိခဲ့တယ်။လွန်ခဲ့တဲ့နှစ်၁၀၀၀ကျော်လောက်ကမှပြိုကွဲပျက်စီးသွားခဲ့တာ။ အဲဒီက ပျူလူမျိုးစုတွေဟာ အခြားမွန်၊ ခမာ၊ သက်တွေနဲ့ သွေးနှောပြီး တိုင်းသစ်ပြည်သစ်တည်ခဲ့ကြပြန်တယ်။ (ပုဂံပြည်) တဲ့။ဘုရင်အနော်ရထာဟာ "ပုဂံ" မှာပဲ "ဗမာ" ဆိုတဲ့လူမျိုးတစ်မျိုးဟုတ်ဟုတ်ငြားငြားတည်ထွန်းလာခဲ့တာ ဒီကနေ့အထိပဲ ဆိုကြပါစို့။

စိတ်ထားဖြူစင် ရိုးသားပွင့်လင်းပြီး ပျော်ပျော်ရွှင်ရွှင်နေတတ်ကြတဲ့ "ဗမာ" တို့ရဲ့ "ပုဂံ"ကို "အဖြူရောင်ပန်းပွင့်တိုင်းပြည်" လို့ တင်စားခေါ်ဝေါ်ခဲ့ကြသတဲ့။ နောက် ရှင်အရဟံ ရဟန်းမြတ်ကြီးက ပုဂံကို ဗုဒ္ဓသာသနာပြန်ပွားထွန်းလင်းအောင် ပြုစုကြီးပွားလာတဲ့အခါ "အဝါရောင် ဓမ္မတိုင်းပြည်" အဖြစ် သတ်မှတ်ခဲ့ကြပြန်တယ်။

ကလေးတို့ရေ . . ။

တို့ မြန်မာဆိုတာ အဖြူရောင်ပန်းပွင့်ကလေးလို ဖြူစင်နူးညံ့သလို အဝါရောင် ပန်းပွင့်ကလေးတွေလိုလည်း တည်ကြည်ရင့်ကျက်တဲ့ သွေးချင်းသားချင်းတွေ ပေါင်းစည်းနေထိုင်ကြတဲ့ " ပန်းပွင့်တိုင်းပြည်" ကြီး ဖြစ်လေရဲ့. . . တဲ့ကွယ်။

ချစ်ခြင်းအားဖြင့်

ခွန်းချိုသံသာ



ရှေးရှေးတုန်းကပေါ့ကွယ်။ ဗာရာဏသီပြည်ကြီးကို မြဟ္မဒတ်မင်းကြီး အုပ်စိုးစဉ်ကာလတစ်ခုမှာ ဂဂီါမြစ်ကမ်းနံဘေးရဲ့ သဲသောင်ပြင် ဖွေးဖွေးပေါ်မှာ အမျိုးမြင့်မြတ်တဲ့ ပုဏ္ဏားတစ်ယောက်ဟာ သပ်ရပ်တဲ့ အဝတ်အစားအပြည့်အစုံနှင့် မျက်စိစုံမှိတ်ပြီး ထက်ဝယ်ဖွဲ့ခွေထိုင်နေသတဲ့ကွယ်။

ကောင်းကင်က သူရိန်နေမင်းကလည်း တစ်ဆင့် ထက်တစ်ဆင့် မြင့်တက်လာပြီး နေမွန်းတည့်လာပါရော။ ဒါပေမဲ့ နေပူပူပြင်းပြင်းအောက်မှာလည်း အဲဒီပုဏ္ဏားလေးဟာ တစ်ချက်မျှ မည်သည်းမည်သေပဲ ထိုင်မြဲထိုင်နေသတဲ့။

သူဟာ နေပူထဲမှာတင်မက လေပြင်းတိုက်နေတဲ့ကြားထဲမှာလည်း တစ်ချက်မှ မည်သည်းမည်သေ ဘယ်လောက်အေးအေး ဘယ်လောက်ပူပူ အဲဒီသောင်ပြင်ပေါ်မှာ ထိုင်နေသတဲ့။ အဲဒီလို ထိုင်နေတဲ့အခါမှာ သူကိုယ်ပေါ်မှာ ပုဏ္ဏားမျိုးတွေလွယ်တဲ့စလွယ်လည်း ပါတာပေါ့။ အဲဒီစလွယ်ကိုကြည့်ရုံနဲ့ သူဟာ အမျိုးဇာတ်မြင့်တဲ့ အနွယ်မှန်းလည်း အားလုံး သိနိုင်ကြတာပေါ့။

ဒီလိုနှင့် ပုဏ္ဏားငယ်လေးဟာ တစ်ရက်နှင့်တစ်ရက်ပြောင်းလာပြီးနေ့စဉ်သူတစ်ယောက်တည်းသောင်ပြောင်မှာ ထိုင်နေတာကို ပတ်ဝန်းကျင်အနီးအနားက လူတွေက သတိပြုမိလာကြသတဲ့။ ပထမဦးဆုံး အဲဒီသောင်ပြင်နှင့်နီးတဲ့ ရွာသူရွာသားတွေဟာ သောင်ပြင်မှာ လူတစ်ယောက် မလှုပ်မယှက် ထိုင်နေတာ တွေ့ရတယ်ဆိုပြီး လာလာကြည့်ရာကနေ တစ်ယောက်စကားနှင့်ဆိုသလို လူတွေအားလုံး သိသွားကြပြီး နေ့တိုင်း အဲဒီသောင်ပြင်ကို သွားသွားကြည့်ကြတာပေါ့ကွယ်။

အဲဒီသောင်ပြင်ကို ကျေးရွာက လူတွေလူတွေ တစ်ရွာပြီးတစ်ရွာ လာကြည့်ကြ၊ ပြီးတော့ ပုဏ္ဏားလေးကို ကြည့်ပြီး တီးတိုးတီးတိုးနှင့် ဝေဖန်ပြောဆိုကြတာပေါ့။

"ဟဲ့... ပုဏ္ဏားလေးက ဒီလောက်နေပူ၊ မိုးရွာထဲမှာ ပူလည်းမည်သည်း၊ ချမ်းလည်းမည်သည်းနှင့် တစ်ယောက်တည်းထိုင်နေတာ ဘာလုပ်တာလဲဟဲ့"

"မသိပါဘူးဟယ်၊ အဲဒီပုဏ္ဏားလေး ဒီသောင်ပြင်မှာ မလှုပ်မယှက် ထိုင်နေတာ လေး၊ ငါးရက်လောက်ရှိပြီဆိုပဲ။ အစာလည်းမစား၊ ရေလည်းမသောက်နဲ့တဲ့ဟဲ့"

"ဟယ်...ဒါဆို ဒီသူငယ်လေး အာဟာရပြတ်ပြီး လဲသွားတော့မပေါ့"

"ဟဲ့ သူရဲ့အဝတ်အစားကိုကြည့်ရတာ နိမ့်ပါးတဲ့အမျိုးဇာတ်အနွယ်ကမဟုတ်ဘူး။ အင်မတန်မြင့်မြတ်တဲ့အမျိုးအနွယ်ထဲကပဲ ဖြစ်ရမယ်"

ရွာနီးချုပ်စပ်ထဲကလူတွေ လာကြည့်ပြီးနောက် မြို့ပေါ်ကလူတွေဆီ သတင်းရောက်သွားပြီး မြို့ကလူတွေ လူစုလူဝေးနှင့် လာကြည့်ကြပြန်ရောတဲ့ကွယ်။

မြို့ကလူတွေ လာကြည့်ရင်လည်း ဒီသောင်ပြင်ပေါ်မှာမလှုပ်မယှက်ထိုင်နေတဲ့ပုဏ္ဏားငယ်လေးကိုကြည့်ပြီး အမျိုးမျိုး ဝေဖန်ကြပြန်ရောတဲ့။ မြို့ကလူတွေ ပြီးသွားတော့ သူဌေး၊ သူကြွယ်၊ ကုန်သည်အမျိုးနွယ်တွေဘက်ကလည်း ဒီသတင်းကိုကြားပြီး အသုတ်လိုက်၊ အသုတ်လိုက်နှင့် လာလာပြီး ကြည့်ကြတာပေါ့။

သူဌေးသူကြွယ်တွေ သိပြီးသွားတဲ့နောက်မှ ကုန်သည်မျိုးရိုးတွေဘက်ကို ဒီသတင်းပေါက်သွားပြန်သတဲ့။ ဒီတော့ ကုန်သည်မျိုးရိုးတွေဘက်က လာကြပြန်ရောတဲ့။

ဒီသောင်ပြင်ကို လာသမျှလူအားလုံးဟာ ဒီပုဏ္ဏားလေးကို စိတ်ဝင်စားပြီး အကြောင်းစုံကို သိလိုက်တဲ့အတွက် မေးမြန်းစုံစမ်းကြပေမယ့် ပုဏ္ဏားလေးကတော့ ဖြူသည်၊ မည်းသည် ဘာဆိုဘာမျှ မဖြေကြားဘဲ တုံ့ကို ဘာဝေ တိတ်ဆိတ်စွာ ထိုင်မြဲထိုင်နေသတဲ့ကွယ်။

သိချင်သူက များများလာပြီး စုံစမ်းသော်လည်း ပုဏ္ဏားလေးနှင့်ပတ်သက်ပြီး ဘာအဖြေတစ်ခုမျှ မရလာဘူးတဲ့။

ဒီနောက်တော့ တိုင်းပြည်ကိုအုပ်ချုပ်တဲ့မင်းကြီးရဲ့ လက်အောက်က စစ်တပ်က ရဲမက်ဗိုလ်ပါ။ အမှုတော်ထမ်းတွေရော နန်းတော်ထဲက မင်းညီမင်းသားကြ

နဲ့ တစ်ဆင့်ပြီးတစ်ဆင့် ပြောရင်းဆိုရင်းမှ မင်းကြီးရဲ့ ရွှေနားတော်ဆီ သတင်းပေါက်ကြားသွားပါလေရောကွဲ့။

ဘုရင်ကြီးကလည်း ဒီအဖြစ်မှန်ကိုသိလိုတာမို့ မင်းချင်းတွေကို သောင်ပြင်ဆီစေလွှတ်ပြီး မေးမြန်းစုံစမ်းခိုင်းတာပေါ့။ ဒါပေမဲ့ ပုဏ္ဏားလေးဆီက ဘာမျှ အဖြေတစ်စုံတစ်ရာမကြားတဲ့အတွက် ဘုရင်ကိုယ်တော်တိုင် စိတ်တော်ကွက်ပြီး-

"ကိုင်း ဒါဆိုလည်း ငါကိုယ်တော်မြတ်ကိုယ်တိုင် ဒီပုဏ္ဏားသူငယ်ရှိရာ သောင်ပြင်ကို ဆင်းကြည့်တော်မူမယ်၊ ဝေါဃာဉ်တွေ ပြင်ချေမောင်းတို့..."

ဆိုပြီး အမိန့်တော်ချသတဲ့။

ဒါနဲ့ ဗြဟ္မဒတ်မင်းကြီးကိုယ်တိုင် ဝေါဃာဉ်တော်စီးပြီး သောင်ပြင်စပ်ကို ထွက်တော်မူလာသတဲ့ကွယ်။

ဘုရင်ကြီးဟာ သောင်ပြင်ကိုရောက်တာနဲ့ ဝေါဃာဉ်တော်ပေါ်မှဆင်းကာ သောင်ပြင်အလယ်မှာ နေပူဒဏ်၊ လေပူဒဏ်တွေကို မည်ည်းမည်းခံရင်း ထက်ဝယ်ဖွဲ့ခွေနေထိုင်နေတော်မူတဲ့ ပုဏ္ဏားငယ်လေးနားကို သွားပြီး မေးတော်မူသတဲ့ကွယ်။

"အသင်ပုဏ္ဏားငယ်၊ အဘယ်အတွက်ကြောင့် သောင်ပြင်ပေါ်တွင် နေ့ညရက်ဆက်ကာ အစာမစား၊ ရေမသောက်ဘဲ၊ တစ်ယောက်တည်း ထိုင်နေပါသလဲ၊ သင့်တွင် အဘယ်သို့သောပြဿနာအခက်အခဲများ ကြုံနေရပါသနည်း၊ ငါကိုယ်တော်အား လျှောက်တင်ချေလော့"

ဟု ဗြဟ္မဒတ်မင်းကြီး၏ စကားအဆုံးတွင် ပုဏ္ဏားငယ်လေးဟာ မျက်စိကို အသာဖွင့်ပြီး ဗြဟ္မဒတ်မင်းကြီးကို စကားဆိုသတဲ့။

"အို အသင်မင်းကြီး လောကတွင် လူတို့မည်သည် ကြုံတွေ့ရသောအခက်အခဲကို ဖြေရှင်းပေးနိုင်သည့် လူမျိုးကိုသာ ဖွင့်ဟလိုစိတ်ရှိသည်။ ဖြေရှင်းပေးနိုင်စွမ်းမရှိသူများ၏အမေးစကားကိုမူ ဖြေလိုစိတ်ရှိမည်မဟုတ်ချေ။ သို့အတွက်ကြောင့် ကျွန်ုပ်သည် အခြားသူများ၏အမေးစကားကိုမဖြေဘဲ အရှင်မင်းကြီး၏အမေးစကားကိုမူ ဖြေကြားတော်မူပါမည်ဘုရား"

"ကိုင်း ဒါဆို အမောင်ရဲ့ ပြဿနာအခက်အခဲကို လျှောက်တင်စေဗျား"

"မှန်လှပါ၊ ကျွန်တော်မျိုးသည် ဒီသာပါမောက္ခကြီးထံတွင် ပညာသင်ကြားရန်အတွက် ငွေကြေးမရှိပါ။ သို့သော်လည်း ဆရာကြီးအား အခကြေးငွေအား သင်တန်းပြီးဆုံးမှသာယူပါရန် တောင်းဆိုခဲ့ရာ ဆရာကြီးက ခွင့်ပြုသဖြင့် သင်တန်းတက်ခဲ့ပါသည်။ ယခုအခါ သင်တန်းပြီးဆုံး၍ ပေးရန်ငွေကြေးကို ကျွန်ုပ်၏ မိဘဆွေမျိုးများပြန်လည်တောင်းယူ၍ လှေဖြင့်ပြန်လာရာ လမ်းတွင် မုန်တိုင်းမိ၍ လှေနစ်မြုပ်ကာ ပါလာသည့်အသပြာခုနစ်ရာလည်း ရေအောက်ရောက်သွားခဲ့ပါပြီ။ လူအသက်ရှင်၍ လွတ်ခဲ့သော်လည်း ဆရာကြီးအား ကတိပေးထားသည့်အတိုင်း ငွေကြေးအသပြာ မဆပ်နိုင်တော့သဖြင့် ထိုအခက်အခဲကို ဖြေရှင်းပေးနိုင်မည့်သူကို ရှာဖွေတွေ့ရှိရန် ဤသို့ကြုံမိရပါသည်မင်းကြီး "

ပုဏ္ဏားငယ်လေး၏ လျှောက်တင်ချက်အဆုံးမှာတော့ ဗြဟ္မဒတ်မင်းကြီးဟာ ကျေနပ်အားရစွာ ပြုံးတော်မူ၍-


"သင့်ရဲ့ မဖြေရှင်းနိုင်သောပြဿနာတစ်ရပ်အား တိုင်းသိပြည်သိလုပ်၍ ကျွန်ုပ်လို ရှင်ဘုရင်အထိ ရွှေနားတော်ပေါက်ကြားအောင် လုပ်နိုင်တဲ့ သင့်အစွမ်းကို ချီးကျူးမိပါတယ်။ ဒါကြောင့် သင်ကြုံတွေ့နေရတဲ့ ပညာသင်စရိတ် အခက်အခဲ၊ ဒီသာပါမောက္ခကြီးထံပေးရန် ကျန်သည့် အသပြာခုနစ်ရာ ရဲ့နှစ်ဆ အသပြာတစ်ထောင့်လေးရာကို ဆုငွေအဖြစ် ချီးမြှင့်တော်မူတယ် "

ဟု မိန့်တော်မူလေသည်။


လင်းသက်ခိုင်


ပိုးဟပ်မ
ပဏ္ဍာဒေဝီ
မောင်ဝဏ္ဏလေး
ဟာ တောင်ပေါ်မှာ
ထင်းခုတ်ရှာ အာ
သက်ပျေးတာပဲ..
သူ ယပ်စင်္ကြံတဲ့သူ
က သီဘရားဆုံး
သွားတို့ ကျေးဇူး
ပြုစမယ်သူမရှိ
ဘူးတဲ့ သူ့စာဝ သူ
ကြောင်းကြီး ဆင်းရဲ
ဟင်ပန်းစွာ ကြီးပြင်း
လာရတာပဲ....
တစ်အော့အော့...
ထင်းခုတ်ပြီး ပြန်
လာရာ လမ်းမှာ
ခရုလေးတစ်ကောင်
သွားထွေ့သတဲ့..


အခွံလေးက ပြောင်ပြောင်လက်လက်နဲ့
ချစ်စရာလေးပဲ. ကောက်ယူပြီး အိမ်မှာ
အင်တုံတဲ့ ဆုပ်မွေးထားတယ်...
ခရုလေးရေ
ကျုပ်ထင်းခုတ်စဉ်း
ပဲပို့ အိမ်ကို ကြွာသို့
ထားလိုက်နော်..
ထမင်းချက်ပို့. မီးဖိုထဲ
ဝင်လိုက်တော့. ထမင်း
ဟင်းများ ချက်ပြီးသား
ဖြစ်နေတာ တွေ့လိုက်
ရတယ်..
ဟင်!


နောက်တစ်နေ့ အိပ်ပြန်
ရောက်ပြန်တော့လေသိုး
ထမင်း ဟင်းများ ချက်
ပြီး ပြစ်နေပြန်ရော..
မောင်ဝဏ္ဏလဲသိုး အာ
တွေးရောက်နေတာပေါ့..
စားသောက်ပြီး ဆိုးချုပ်သောအခါ
ခရာကလေးကို တစ်ချက်လှမ်းကြည့်ပြီး
ပြီး အိပ်ရာ ဝင်ခဲ့သတဲ့..
မနက်ထင်းခုတ်ဆွားပင်း မောင်ဝဏ္ဏ စဉ်းစားသတဲ့.
အိပ်ပြန်
ရုံစမ်းမှ ဖြစ်မယ်.
အိပ်ပြုတင်း
ပေါက်ကနေ
အိမ်ထဲ ချောင်း
ကြည့်လိုက်ရော..
အင်္ဂါ နတ်မိမယ်
တမျှ လှပတဲ့ သိန်းပဉ္စင်လေး
အငိုရဲ့ ထဲက ထွက်လာ
ပါလား...


ကျွန်မ ဖွင့်ပေးထားတဲ့ ခရုလေးပါပဲ ဖွင့်. ဖွင့်ကို ကူညီမလို့ပါ..
မောင်ဝဏ္ဏာလေးနှင်း အိမ်ထဲပြေးဝင် သွားပြီး လက်ကိုပမ်းခဲ့ကာ..
ဟွ. ဟေ့. မင်းဘယ်သူလဲ..
ဒါဆိုလေးနှင်း ကျေးဇူးပဲ နေလိုက် ပါအောင့်လား မျာ
မိန်းမပျိုလေးက သဘောကုမ္ပဏီတာကြောင့် မောင်ဝဏ္ဏာနဲ့ ခရုမပေါ်လေးကို အကြွင်းမဲ့ပေးဖက်ကြဲသတဲ့...
မယ်လိမ္မာလေးမာ အချက်အပြတ်အလုပ် အကိုင် အင်မတန်ထေဒ်တဲ့အတွက်မောင်ဝဏ္ဏာလေးကို ဘဝမာ သာယာဆိုပြောပြီး လယ်ဖြေတစ်ကွက်ဌားခါ အေးချမ်းစွာ လုပ်ကိုင်စားသောက် ကြတယ်...


မောင်မင်း တစ်နေ့ ကို ဘယ်နှစ်ကြိမ်မြေ သွေးသလဲ..
တစ်နေ့တော့.. မြို့ဝန်မင်း ရောက်လာပြီး
မောင်ဝဏ္ဏလေး လူကြီး တစ်ယောက် ပြုစုလေ့ တော့ မရဖြစ်ခဲ့ပါ ငေး ငိုနေရတာပဲ.. မြို့ဝန်မင်းက.
တော်တော် ညံ့တဲ့ကောင်ပါ
ပြောပြီး ထွက်သွား တယ်...
ဘာမှမရောက် တော့ ဇနီးသည် ကို ပြောပြရော..
အို. နောက်တစ်နေ့ သည်လို လာမေးရင် မြို့ဝန် မင်းကော တစ်နေ့ ဘယ်နှစ် ကြိမ် ဖြင်းစီးသလဲ လို့ ပြန်မေးလိုက်ပေါ့!


မောင်ဝဏ္ဏာလေ့သိုး ပျက်ဝတား လိုက်ပြီး နောက်တစ်နေ့မှာ ဝန်ပင်း အာမေးတော့ ပြန် ပေးလိုက်တယ်. ဖြို့ဝန်ပင်း လေ့သိုး အံ့အားသင့်သွားပြီး
ဟေ့ မင်းကို ဘယ်သူ သင်ပေးတာလဲ..
ကျွန်တော့် ဇနီး သင်ပေး တာပါ..
တယ်တော် ပါလား ငါ့ထွေ. ချင်တယ်ကွာ.
မောင်ဝဏ္ဏာလေ့သိုး အိမ်ထဲခေါ်ဝင်သွားရာ အိမ်ပေါ်က်ဝ ပျာ ရပ်နေတဲ့ မယ်လိမ္မာကို တွေ့တော့..
မယ်မင်းဟာ အလွန်ဆောင်တဲ့ မိန်းမ ပဲ. ဟဲ့. ငါတစ်ခုမေး စမ်းပါဦးမယ်..


ကျွန်မ ခြင်းပေါ်ကို
တက်မှာလား.. ဆင်းမှာ
လား ဖြေရှင်းပါဦး
ခြေနင်းကွင်း တစ်ခုမှာ
ခြေကို သွင်းထားပြီး
ကိုယ်ကို လေထဲမှာ
ပာန်ထားကာ..
ဘုန်းဘဝါ
ယပ်လိပ်မှာ
လေးလေးသုံး
ခဲ့ရင်းပေါက်
ကို ခွဂုတ်ပြီး
ကျွန်မကရော
အထဲဝင်မှာလား..
အပြင်ကိုတွက်မှာ
လား ဖြိုဝန်မင်း
အယင်ဖြေပါဦး
ဖြိုဝန်မင်းလေသံ
အိုးဟိုးအမိုးတပ်
ဖြစ်ကာ သုတ်သီး
သုတ်ပျာပြန်
တွက်ဘွားတော့သတဲ့..


ဂေါ်ဘာနှာသီးငယ် ကြွားခဲ့တာ
အခါ ဖြိုဝ်နှမင်းလေးသီး ပဉ္စာဂ္ဂါ
တစ်ယောက် ခေါ်ပြီး ရောက်
လာပြန်တယ်..
မယ်မင်းကို
ကျေးဇူးဆွေးတစ်လေ
မေးမယ်. မောဘသစ္စ်
ပဉ္စာဂ္ဂါနှင့် မယ်မင်း
အတူတူဖြေရမယ်.
ဒီလောက်ပဲ.
အဖြေက မတူ
ရောက္ခးနေဘဲ..
?
မေးခွန်းတွေကတော့
မိုးပေါ်ကို တက်လာတာ အာလဲ?
မြေထဲကို ဆင်းတာ အာလဲ?
အရေသာ ဆိုးတာ အာလဲ?
အရေသာ ချိုတာ အာလဲ?
သည်အခါ
ပဉ္စာဂ္ဂါက..
မိုးပေါ်တက်တာ နက္ခတ်
တွေပါ. မြေထဲဆင်းတာက ရေတွင်း
စွန်ပလွံ အစိမ်းမျိုး ဆိုးတဲ့ အရေသာ
စွန်ပလွံ အသုံ ချိုသည့်
ပျားပဓာ..


မယ်လိပ်မှာလေး အလှည့်ကျောက်တော့...
တိုင်းသူ ပြုသင်သား
ဆိုးပေါ်စပွား၊ ရာဇာစိုးမင်း ဖြစ်
ထိုဆင်း၊ ဝမ်းဝဲသော အာခါ ဘာ
မှ မကောင်း၊ ဟောင်းလောင်း
ဝမ်းဟာ တွေ့ဆရာ ချိုမြ.
ဟို ဖြေဆိုက်ရာ
မြို့ဝန်မင်းနဲ့ ပဒုမာဂို
အဓိပ္ပောက်ပျက်ခြင်း
တစ်ပေါက်ကြားပါပြီး
ဟိုး
နောက်မေးခွန်းထပ်မေး
မယ် အယ်သူတွေကဆင်း
ရဲပြီး အယ်သူတွေကချမ်း
သာကြသလဲ
အယ်အရာ
ဟာ ဖဲပြီး အယ်အရာ
ဟာ အပြုံးဆုံးလဲ
ပဒုမာဂို့က အယင်း ဦးအောင်
အလုအယက် ဖြေပြန်တယ်..
တိုင်းသူပြုသ
သားတွေဟာ အာ
ချမ်းသာဆုံးဖြစ်ပြီး
အပြုံးဆုံးက
နှင်းဝဲ အဖဲဆုံးက
မင်းရှေ့..



ဟင်... ဘယ်လိုမျှော်လေးက...
စကားပြောရော ပါးစပ်သာပါသူ ပွန်ဆင်းရဲ အလုပ်လုပ်ရော လက်ရုံပါ ချမ်းသာသူ ပွန်ကဲ့. သူ့ဒွေးနှလုံး အဖုသိုးဆုံး..လူပြိန်လုံး အပြုံဆုံး...
ဒို့ ပြောပို့ကာ ပြုံ့ဝန်ပေး လာပါ့ မိတ်ဆိုး မာန်ဆိုးနဲ့
ဒီငြိုး..ဒီးပဲ အဖေဘိုးကို ပါးရေသိန်းပါ ရေသွင်းတာပဲ. သဘုံဘ. မယ်မင်း အရာနှစ်ခုစီစဉ် ဆက်ဆာရေယာ..
တစ်ခုက အတွင်းက အရိုး အပြင်က အသားဖြိုတဲ့ အရာ နောက်တစ်ခုက အတွင်းက အသား အပြင်က အရိုး ဖြိုတဲ့ အရာ...


အဲသဘုရင် နှစ်ခု မဆက်သ
နိုင်ယင်တော့ မယ်မင်းယောကျ်ား
ကို ခေါင်းဖြတ်သတ်မယ်..
မြေဆိုထွက်သွား အိမ်နီးနားချင်းများ
က မတရားလုပ်လို့ ယခုမရေလိုနိုင်ပြစ်
ကြပေမယ့် ဘာမှမတတ်နိုင်ကြဘူး
မယ်လိမ္မာလေးကတော့ အေးဆေးသေးသေးပါပဲ
နောက်တစ်နေ့ကျတော့ မယ်လိမ္မာလေး ဖြိုဝ်နိုဆံ
သွားပြီး ဘာလုနှစ်ခု ဆက်သလိုက်တယ်..
ဖွဲ့ပလွှဲသီး ဘဲဥကို
ဘယ်လိုတစ်လုံး ခဲ့
ကြက်ဥတစ်လုံးပါပဲ..
ဖြိုဝ်နိုမင်း မိတ်မသက်
မသာခဲ့ မောင်ဝဏ္ဏ
လေးကို ပြန်လွှတ်လေး
လိုက်ရတယ်..


ဒါပေမယ့် ဂက်စာဇေဝဏ်ကြွားတဲ့အခါ
သပည့်လက်သားများကို သေချိုးမေတ
ဝဏ္ဏ အိမ်ကို ရောက်လာပြန်တယ်..
ပထဝီဘာအတွက်
ကိုးကောက် နဲ့
အပေါ်ကိတ်ထွင်း
ထားတယ်..
သေခဿရဲ့ ပုလဲကို
ကြိုးချည်ပေးပါ မယ့်ပန်ဒိုရ
သို့ကဆော့ မပေါ်မင်း
ယောကျ်ား စက်ဝိုင်တက်
ရပြီဘယ့်သို့..
ဘယ်အရှုပ မတပ်နိုင်ပေမယ့်
မယ်လိမ္မာ လေးကဆော့ ပုလဲ
ပေါက်ထဲကို ပျားရည်ထည့်
ပုရွက်ဆိတ်တစ်ကောင်ကို ကြိုး
ချည်ပြီး အဝ ပို့ပေးတယ်.
ပုရွက်ဆိတ်လေးဝမ်း ပျားရည်နဲ့
ရသောအခါ တဖက်ပေါက်က
ဝင်ပြီး အဖက်က ထွက်လေရော
ကြိုးလျှောပြီးသားဖြစ်သွားတယ်.
ပြီး ဖြို့ဝန်မင်းထံ ဆက်သလေရော ဖြို့ဝန်မင်း
လည်း ဂျက်ဂျက် နဲ့ မောင်ဝဏ္ဏကို ကျွတ်လေး
လိုက်ရတော့သတဲ့ တဲ့ပေါ့...

သောမတ်စ် အက်ဒီဆင်

ရဲမြလွင်



ညီလေးတို့အိမ်မှာညအခါရုတ်တရက်လျှပ်စစ်မီး ပျက်သွားတဲ့အခါမှာ ဘယ်လောက် အဆင်မပြေ ဖြစ် ကြရတယ်ဆိုတာကို ကိုယ်တိုင် ကြုံဖူးကြမှကြပေါ့။ တစ်ချိန်တည်းမှာပဲ လျှပ်စစ်မီးသီး၊ မီးချောင်းတွေရဲ့ တန်ဖိုးကိုလည်း နားလည်ကြမှာပေါ့ကွယ်။ အဲဒီလျှပ် စစ်မီးသီးတွေကို တီထွင်ပေးခဲ့တဲ့ ကျေးဇူးရှင်ကြီးရဲ့ အကြောင်းကိုလည်း စဉ်းစားမိကြရဲ့လားကွဲ့။ သူက တော့ နောက်တတ်ပြောင်တတ်တဲ့ ညီလေးတို့ တတွေနဲ့ ချွတ်စွပ်တူလှတဲ့ တီထွင်မှုဘုရင် အက်ဒီဆင် ပဲကွဲ့။

သောမတ်စ်အယ်လဗာအက်ဒီဆင်ကို ၁၈၄၇ ခုနှစ်တုန်းက အမေရိကန်ပြည်ထောင်စု အိုဟိုင်းရိုး ပြည်နယ်က မီလန်မြို့ကလေးမှာ မွေးဖွားခဲ့တယ်။ အက်ဒီဆင်ဟာ ငယ်ရွယ်စဉ် ကလေးဘဝထဲက အနောက်အပြောင် အလွန်သန်တဲ့ လူရွှပ်လူပွေ ကလေး ဖြစ်ခဲ့တယ်။ သူဟာ နေရာတကာမှာ စပ်စုပြီး တော့ ဘာမဆို ကိုယ်တိုင်လုပ်ရကိုင်ရမှ ကျေနပ်လေ့ ရှိတယ်။ မူလတန်းကျောင်းကို ရောက်တော့လည်း အဲဒီအကျင့်က မပျောက်ဘူး။ ဆရာ စာသင်နေခိုက်မှာ သူက စာကို ဂရုမစိုက်ဘဲ လမ်းပေါ်ကကားတွေ မီးရ ထားတွေကို လိုက်ကြည့်နေတတ်တယ်။ သူ့လွယ် အိတ်ထဲမှာ ထည့်လာတဲ့ ပန်းကန်ကွဲတွေကို နဂို အတိုင်း ပြန်ဖြစ်အောင် ဆက်ကြည့်နေတဲ့အခါ လည်း ရှိတယ်။ ကြာတော့ ဆရာလည်း စိတ်ဆိုးလာပြီး ကြိမ် တုတ်နဲ့ ဆော်တော့တာပေါ့။ ဒီအချိန်ကစပြီး အက်ဒီ ဆင်က ကျောင်းကို မုန်းလာပြီး နောက်ဆုံး ကျောင်းက ထွက်လိုက်တယ်။ကမ္ဘာကျော် တီထွင်မှုဝိဇ္ဇာကြီး အက် ဒီဆင်ရဲ့ ကျောင်းနေသက်ဟာ ၁၃ လ တာလောက်နဲ့ ပဲ အဆုံးသတ်ခဲ့ရတယ်။

ကျောင်းက ထွက်ခဲ့တယ်ဆိုပေမယ့် အက်ဒီဆင်ရဲ့ ပညာရေးကတော့ ဆုံးခန်းတိုင်သွားတာ မဟုတ်ဘူး ကွဲ့။ သူမိခင်က အငြိမ်းစား ကျောင်းဆရာမတစ် ယောက်ဆိုတော့ အက်ဒီဆင်ကို အိမ်မှာပဲ ကြင်ကြင် နာနာ စာသင်ပေးတယ်။ စာသင်ကျောင်းထက် အမေ ကျောင်းက အက်ဒီဆင်အတွက် ပိုပြီး စိတ်ဝင်စားစရာ ကောင်းနေပြန်တယ်။ အမေက သားဖြစ်သူရဲ့ ထူးခြား တဲ့စွမ်းရည်ကိုနားလည်ထားလေတော့ ဒီစွမ်းရည်တွေ အစွမ်းကုန် ဖွံ့ဖြိုးတိုးတက်အောင် မြေတောင်မြှောက် ပေးခဲ့တယ်။ အမေက ကြင်နာတတ်သလို အယ်ဒီဆင် ရဲ့ဖခင်ကလည်း အမြော်အမြင် ကြီးမားတယ်။ အလုပ် ကြိုးစားတယ်။ အက်ဒီဆင် အခုလို တီထွင်မှု ဘုရင် ကြီးဖြစ်လာရတာ သူမိခင် ဖခင် လက်ဦးဆရာတွေရဲ့ ကျေးဇူးကြောင့်လို့ ဆိုရင်လည်း မမှားဘူးပေါ့ကွယ်။

သူ့အသက် ၁၂နှစ်သားအရွယ်ရောက်တော့ ဓာတု ဗေဒပညာကို ထူးထူးခြားခြား စိတ်ဝင်စားလာခဲ့တယ်။ မိဘက သိပ်မချမ်းသာလေတော့ သူလိုအပ်တဲ့ ကိရိယာတွေ ဓာတ်ဆေးတွေ ဝယ်ယူနိုင်ဖို့အတွက် အက်ဒီဆင်ဟာ ရထားပေါ်မှာလိုက်ပြီး သတင်းစာ ရောင်းခဲ့ရရှာတယ်။ အဲဒီအချိန်ကစပြီး အက်ဒီဆင်ဟာ အလုပ်နဲ့ ပညာကို ဒွန်တွဲကြိုးစားလာလိုက်တာ ကြေးနန်းရိုက်ကိရိယာ၊ လျှပ်စစ်ဂျင်နရေတာ၊ လျှပ်စစ် မီးသီး၊ ရုပ်ရှင်ပြစက်၊ ဓာတ်စက် စတဲ့ တီထွင်မှုပေါင်း ၁၂၀၀ ကျော် တဲ့အထိ လုပ်တောင်နိုင်ခဲ့တယ်။ အခု အချိန်အထိ သူရဲ့စံချိန်ကိုမီတဲ့ပညာရှင်မျိုး ကမ္ဘာ ပေါ်မှာ မပေါ်သေးဘူးကွဲ့။

ဒါပေမဲ့ အက်ဒီဆင်ဟာ တီထွင်မှု အမျိုးပေါင်းများ စွာကို လွယ်လွယ်ကူကူ လုပ်နိုင်ခဲ့တာတော့ မဟုတ် ဘူး။ သူ အသက် ၁၃ နှစ်သား အရွယ်လောက်တုန်းက

ရထားတွဲတစ်တွဲမှာ မာတုဗေဒ စမ်းသပ်ရင်း ရုတ်တရက် ပေါက်ကွဲခဲ့လို့ နားတစ်ဖက် ပင်းခဲ့ရရှာတယ်။ နားတစ်ဖက် အသုံးမဝင်တော့တဲ့တိုင်အောင် သူ့ရဲ့ စူးရှတဲ့ မျက်ဝန်းတွေရဲ့ ကျေးဇူးကြောင့် ကျန်တဲ့နား တစ်ဖက်နဲ့ပဲ မာတ်စက်အမျိုးမျိုး၊ ကြေးနန်းရိုက်ကိရိယာတွေ၊ တယ်လီဖုန်း စတဲ့ အသံနဲ့ဆိုင်တဲ့ ကိရိယာတွေကို ဆက်လက် တီထွင်နိုင်ခဲ့တယ်။


အဲဒီလို အက်ဒီဆင်ဟာ ရူပဗေဒဘာသာရပ်နဲ့ မာတုဗေဒဘာသာရပ်တွေမှာ သူမတူအောင် ထူးချွန်ခဲ့ပေမဲ့ သချိ်ာဘာသာမှာကျတော့ အလွန်ညံ့ခဲ့တယ်။ ဒါကို သူနဲ့တွဲလုပ်တဲ့ လူတွေအားလုံးက သိထားလေတော့ သချိ်ာညံ့တဲ့သိပ္ပံပညာရှင်ကြီးလို့ဝိုင်းဝန်းလှောင်ပြောင်ခဲ့ကြတယ်။ သူအသက် ၂၆ နှစ်သားအရွယ်မှာ သူနဲ့အတူတွဲလုပ်နေကြတဲ့ မယ်လွန်ပတ် သုတေသနဌာနကြီး တစ်ခုလုံးကို သူ့ရဲ့ တီထွင်မှုစက်ရုံကြီးအဖြစ် ပြောင်းလဲလိုက်ပြီး မရေးမတွက်နိုင်လောက်အောင် များပြားတဲ့ ပစ္စည်းဆန်းတွေကို တစ်ခုပြီးတစ်ခု ဆက်တိုက်ထုတ်လုပ် ပြတယ်။ ဒါနဲ့ ပညာရှင်အားလုံးက အက်ဒီဆင်ကို မယ်လွန်ပတ်မြို့ရဲ့ မှော်ဆရာကြီးရယ်လို့တောင် တင်စားခေါ်ဝေါ်ခဲ့ကြတယ်။ အက်ဒီဆင်က လူသားတွေအတွက် အကျိုးရှိတဲ့ ပစ္စည်းအမြောက်အမြားကို လက်ငင်ချက်ချင်း တီထွင်ပြနေလေတော့ ပစ္စည်းသစ်တစ်မျိုး တီထွင်ပြဖို့အတွက် သူဟာ နေ့မအိပ် ညမအိပ် ကြိုးစားခဲ့ရရှာတယ်။

သူ့အသက် ၃၂ နှစ်အရွယ် ရောက်တော့ ကမ္ဘာပေါ်မှာ အချိန်ကြာကြာ ထွန်းလင်းတောက်ပနိုင်တဲ့ မီးသီးတစ်မျိုးကို လုပ်ပြမယ်လို့ ကြေညာခဲ့တယ်။ သူတို့ခေတ်တုန်းက ညရောက်ပြီးဆိုရင် မာတ်ငွေ့သုံး အောက်လင်းမာတ်မီးကြိုးတွေကိုပဲ သုံးကြရတယ်။ အဲဒီ မာတ်မီးကြိုးတွေက အဆင်မပြေရင် ထပြီး မီးလောင်ပေါက်ကွဲတတ်တာဆိုတော့ သိပ်ပြီး အန္တရာယ်များတာပေါ့ကွယ်။ ဒါကြောင့် ပိုပြီး အန္တရာယ်ကင်းပြီး တာရှည်အသုံးပြုနိုင်မဲ့ လျှပ်စစ်မီးသီးကို တီထွင်နိုင်ဖို့ အတွက် အက်ဒီဆင်ဟာ အပြင်းအထန် ကြိုးစားတော့တာပေါ့။ မီးသီးကို တီထွင်ဖို့ကျတော့ ၁၀ ရက်လောက်နဲ့ မလုံလောက်တော့ဘူး။ အချိန်တစ်နှစ်လောက် ယူရတယ်။ ပိုက်ဆံလည်း ဒေါ်လာ ၁၆ သောင်းလောက် ကုန်တယ်။ အကြိမ်ပေါင်း ၆၀၀၀ ထောင်လောက် ထပ်တလဲလဲ စမ်းသပ်ပြီး ပစ္စည်းအမျိုးပေါင်း ၁၆၀၀ နဲ့ မှတ်စုစာအုပ်ပေါင်း ၂၀၀ လောက်ကုန်အောင် ကြိုးစားတော့မှ ညီလေးတို့အိမ်မှာထွန်းထားတဲ့ လျှပ်စစ်မီးသီးမျိုးကို ရရှိတော့တယ်။

တစ်ဆက်တည်းမှာပဲ ဗေကမ်ကကျူလို့ခေါ်တဲ့ လေဟာနယ် လျှပ်စစ်မီးချောင်းရဲ့ အခြေခံသဘောတရားတွေ၊ ရေဒီယို၊ တယ်လီဗေးရှင်းတို့ရဲ့ အခြေခံပညာရပ်တွေကို ဖော်ထုတ်ပေးခဲ့ပြန်တယ်။ အသက် ၁၂ နှစ်သားအရွယ်ကစပြီး တီထွင်မှုတွေကို တစ်မျိုးပြီး တစ်မျိုး ဆက်တိုက်လုပ်ဆောင်ခဲ့တဲ့ အက်ဒီဆင်ရဲ့စူးရှတောက်ပလှတဲ့ မျက်ဝန်းတွေဟာ အသက် ၈၄ နှစ်အရွယ် ၁၉၃၁ ခုနှစ်မှာ ထာဝရ မှေးမှိတ်အနားယူသွားခဲ့တော့တယ်။ သူ့ရဲ့ စျာပနမှာတော့ အမေရိကန်ပြည်နဲ့ ကမ္ဘာ့လူသားတစ်ရပ်လုံးရဲ့ ကျေးဇူးရှင်ကြီးကို ဂုဏ်ပြုတဲ့အနေနဲ့ အမေရိကန်ပြည် တစ်ဝှမ်းလုံးက လျှပ်စစ်မီးလုံးတွေကို ခေတ္တပိတ်ပြီး အလေးပြုလိုက်ကြတော့တယ်။ အထုံးပါရမီဆိုတာ မှတ်ဉာဏ် ၁% နဲ့ လုံ့လဝီရိယ ၉၉ % ပါဝင်ကြောင်း အက်ဒီဆင်က သက်သေပြသွားခဲ့တယ်လို့ ဆိုရပေါ့ကွယ်။

ရဲမြလွင်

အောလုံးကောက်ပေးတဲ့
ဟားကလေး
ဒီတူ





အလိုဆန္ဒရှိရင်၊ပြည်ဝနိုင်တဲ့ဟိုရွေးရွေးတုန်းက ဘုရင်တစ်ပါးရှိတယ်ကွယ့်။ သူ့ရဲ့သမီးတွေ အားလုံးဟာ ချောမောလှပကြတယ်။ ဒါပေမဲ့ အငယ်ဆုံးသမီးကလေးကတော့ ချောမောလွန်းအားကြီးတာကြောင့် အကြိမ်ပေါင်းများစွာ တွေ့ မြင်ဘူးနေတဲ့ နေမင်းကိုယ်တိုင်တောင်မှ သူမျက်နှာပေါ်ကို နေရောင်ခြည် ပတ်ဖြန်းမိတဲ့အခါတိုင်း အံ့သြတုန်လှုပ်ရတယ်။ ဘုရင့် ရဲတိုက်အနီးမှာ မှောင်မဲနေတဲ့ ဧရာမ တောအုပ်ကြီးတစ်ခုရှိတယ်။ အဲဒီတောထဲက အိုမင်းနေတဲ့ သံပုရာပင်တစ်ပင်အောက်မှာ ရေတွင်းတစ်တွင်းရှိတယ်။ နေ့အချိန် အလွန်ပူပြင်းတဲ့အခါ ဘုရင့်သမီးတော်ကလေးဟာ တောထဲကို ဝင်သွားကြပြီး၊ အေးမြတဲ့ ရေကန်ဘောင်ပေါ်မှာ ထိုင်ကြတယ်။ သူမပျင်းရိလာတဲ့အခါရွှေဘောလုံးတစ်လုံးကိုယူပြီး အပေါ်မြှောက်ပြစ်လိုက် ဖမ်းလိုက်နဲ့ ကစားတယ်။ အဲဒီဘောလုံးဟာ သူမရဲ့အကြိုက်ကစားစရာပစ္စည်းပေါ့ကွယ်။

တစ်ခါမှာတော့ မင်းသမီးလေးရဲ့ ရွှေဘောလုံးဟာ သူလက်ထဲကို ရောက်မလာဘဲ မြေကြီးပေါ်ကို ကျသွားတယ်။ အဲဒီရွှေဘောလုံးက ရေထဲကို လိမ့်ဆင်းသွားတယ်။ မင်းသမီလေးက အဲဒီရွှေဘောလုံးကို မျက်လုံးနဲ့ လိုက်ကြည့်ပေမဲ့ အဲဒါပျောက်သွားတယ်။ရေတွင်းက နက်တယ်။နက်လွန်းလို့ အောက်ခြေကြမ်းပြင်ကိုတောင် မမြင်ရဘူး။ အဲဒီအခါမှာတော့ သူ ငိုတော့တာပေါ့ကွယ်။ ကျယ်လောင်သထက်၊ ကျယ်လောင်စွာ သူမ ငိုတယ်။ သူဖြေသိပ်လို့မရဘဲ ဖြစ်နေတယ်။ ဒီလိုနဲ့ သူမဝမ်းနည်းကြေကွဲနေတဲ့ အခါ တစ်စုံတစ်ယောက်က သူ့ကိုပြောတယ်။

" မင်း ငိုလိုက်တာကွာ။ ကျောက်တုံးတောင်မှ မင်းကိုသနားလောက်တယ် "

မင်းသမီးက အသံလာရာဘက်ကို လှည့်ကြည့်လိုက်တဲ့ အခါ ဖားတစ်ကောင်ဟာ ကြီးမားပြီး အရုပ်ဆိုးလှတဲ့ သူ့ရဲ့ ဦးခေါင်းကိုရေထဲကထိုးထုတ်ထားတာကို တွေ့ရတယ်။

"အို ရေငုတ်သမားကြီးမို့လား"

သူမက ပြောတယ်။

" ငါရဲ့ရွှေဘောလုံး ရေတွင်းထဲ ကျသွားလို့ ငါ ငိုနေတာပါ "

" မငိုပါနဲ့ တိတ်တိတ်နေပါ "

ဖားက ပြန်ပြောတယ်။

"မင်းကို ငါ ကူညီနိုင်ပါတယ်။ ဒါပေမဲ့ မင်းရဲ့ကစားစရာပစ္စည်းကို ငါ ပြန်ယူလာရင် မင်း ငှါကို ဘာပေးမလဲ"

"မင်းလိုချင်တာ ငါပေးမယ်"သူမကပြောတယ်။

"ငါရဲ့ အင်္ကျီအဝတ်အစားတွေ ပုလဲရတနာတွေနဲ့ ငါဆောင်းမယ့် ရွှေသရဖူကိုတောင်ပေးမယ်"

"မင်းရဲ့အင်္ကျီအဝတ်အစားတွေနဲ့ ပုလဲရတနာတွေကိုငါဂရုမစိုက်ဘူး။မင်းရဲ့ရွှေသရဖူကိုလည်းဂရုမစိုက်ဘူး"

ဖားက ပြန်ပြောတယ်။

"ဒါပေမဲ့ မင်း ငှါကို ချစ်ခင်ပြီး မင်းရဲ့ အဖော်ဖြစ်ခွင့်ပြုမယ်၊ ပြီးတော့ မင်းရဲ့ စားပွဲကလေးမှာ မင်းနဲ့ အတူ ငှါကို ထိုင်ခွင့်ပြုပြီး မင်းရဲ့ ရွှေပန်းကန်ထဲက

အစားအစာတွေကို ငါစားခွင့်ရမယ်၊ ပြီးတော့ မင်းရဲ့ ခွက်ကလေးထဲကရေကို ငါသောက်ခွင့်ရပြီး မင်းရဲ့ အိပ်ရာကလေးထဲမှာ ငါ အိပ်ခွင့်ရမယ်ဆိုရင် (အဲဒါတွေရဖို့ မင်း ငှါကို ကတိပေးမယ်ဆိုရင်) ငါ ရေအောက်ကိုသွားပြီး မင်းရဲ့ ရွှေဘောလုံးကလေးကို ယူလာခဲ့မယ်”

“အို . . . ဟုတ်ပြီ” သူက ပြောတယ်။

“မင်း ငှါရဲ့ဘောလုံးကို ပြန်ယူလာပေးမယ်ဆိုရင် မင်းလိုချင်တာ အားလုံးကို ပေးဖို့ငါကတိပေးတယ်”

ဒါပေမဲ့ သူက စိတ်ထဲမှာတော့ . . .

“ဒီဖား စကားပြောပုံက မိုက်မဲလိုက်တာ။ သူလုပ်ရမှာက တခြားဖားတွေနဲ့အတူနေပြီး တကွပ်ကွပ် မြည်ဖို့ပဲဟာ။ လူသားတွေနဲ့ သူ ဘယ်လိုလုပ် ပေါင်းသင်းဆက်ဆံနိုင်မှာလဲ”လို့ တွေးမိတယ်။

ဒါပေမဲ့ ဖားက ကတိစကားရတဲ့အခါ ရေထဲကို ငုတ်လျှိုးသွားတယ်။ ခဏကြာတဲ့အခါမှာတော့ သူက ဘောလုံးကို ပါးစပ်မှာ ကိုက်ချီလျက် ရေပြန်ကူး တက်လာပြီး ဘောလုံးကို မြက်ခင်းပေါ် ပစ်တင်ပေး လိုက်တယ်။ ဘုရင်ရဲ့သမီးက သူမရဲ့ ကစားစရာ ပစ္စည်းကို တစ်ခါပြန်တွေ့ရတဲ့အခါ သဘောကျသွားပြီး ကောက်ယူကာ ထွက်ပြေးသွားတယ်။

“နေပါဦး။ နေပါဦး” ဖားက ပြောတယ်။

“ငှါကို မင်းနဲ့အတူ ခေါ်သွားပါ။ မင်းလို ငါ မပြေးနိုင်ဘူး”

ဒါပေမဲ့ သူနောက်ကို တတ်နိုင်သမျှ ကျယ်လောင်စွာဖြင့် “ကွပ် ကွပ်”နဲ့ လှမ်းအော်နေဆဲပေမဲ့ အချည်းနှီးပဲပေါ့ကွယ်။ မင်းသမီးက အော်သံကို နား မထောင်တော့ဘဲ အိမ်ကို တန်းပြေးသွားတယ်။ မကြာခင်မှာတော့ ဖားကို သူမ မေ့သွားတယ်။ ဖားကတော့ ရေတွင်းထဲကို ပြန်သွားရတာပေါ့ကွယ်။

နောက်တစ်နေ့မနက်မှာ မင်းသမီးက ဘုရင်ရယ်၊ နန်းတွင်းသူနန်းတွင်းသားတွေရယ်နဲ့အတူ စားပွဲမှာ ထိုင်ပြီး သူရဲ့ရွှေပန်းကန်ပြားကလေးထဲက အစားအစာတွေကို စားနေတဲ့အခါ ကျောက်တုံးလေးကား ပေါ် တစ်စုံတစ်ရာဟာ ဖလပ်၊ ဖလပ်နဲ့ တက်လာတယ်။ အဲဒါက လေ့ကားထိပ်ကို ရောက်လာတဲ့အခါ တံခါးခေါက်လိုက်ပြီး အော်ပြောတယ်။

“မင်းသမီးကလေး၊ အငယ်ဆုံးမင်းသမီးကလေး တံခါးဖွင့်စမ်းပါ”

မင်းသမီးလေးဟာ အပြင်မှာ ဘယ်သူရှိသလဲလို့ ပြေးကြည့်လိုက်တယ်။ ဒါပေမဲ့ သူတံခါးဖွင့်လိုက်တဲ့အခါ တံခါးရှေ့မှာ ဖားတစ်ကောင်ထိုင်နေတာကို တွေ့ရတယ်။ အဲဒီအခါမှာ သူက တံခါးကို ကပျာကယာ ဆောင့်ပိတ်လိုက်ပြီး ထမင်းစားပွဲမှာ ပြန်ထိုင်လိုက်တယ်။ သူ တကယ်ကို ကြောက်သွားတယ်။ မင်းသမီး ပြင်းထန်စွာ ရင်ခုန်နေတာကို ဘုရင်ကတွေ့ မြင်သွားပြီး ပြောတယ်။

“သမီး ဘာကို ဒီလောက်ကြောက်နေတာလဲ၊ မင်းကို သယ်ဆောင်ပြေးနိုင်တဲ့ ဧရာမလူတစ်ယောက် အပြင်ဘက်မှာ ရောက်နေလို့လား”

“အို မဟုတ်ပါဘူး” သူမက ပြန်ပြောတယ်။ “အဲဒါ ဧရာမလူမဟုတ်ပါဘူး။ စိတ်ပျက်စရာကောင်းတဲ့ ဖား တစ်ကောင်ပါ”

“ဖားက မင်းကို ဘာလုပ်ချင်လို့လဲ”

"အို အဖေ မနေ့က ကျွန်မ တောထဲက ရေတွင်းဘေးမှာထိုင်ပြီး ကစားနေတဲ့အခါ ကျွန်မရဲ့ ရွှေဘောလုံး ရေတွင်းထဲ ကျသွားတယ်။ ကျွန်မ အရမ်းငိုကြွေးနေတာကြောင့် ဒီဖားက ဘောလုံးကို ပြန်ယူပေးတယ်။ နောက်ပြီး သူက အတင်းအကြပ်ပြောတာကြောင့် သူ့ကို ကျွန်မရဲ့အဖော်အဖြစ် ခွင့်ပြုမယ်လို့ ကျွန်မ ကတိပေးခဲ့ရတယ်။ ဒါပေမဲ့ သူ ရေတွင်းထဲက တက်လာနိုင်လိမ့်မယ်လို့ ကျွန်မ တစ်ခါမှ မခံစားမိခဲ့ဘူး။ အခု သူ အပြင်မှာရောက်နေပြီ။ ကျွန်မဆီကို လာချင်နေတယ်"

အဲဒီအချိန်အတွင်းမှာ ဖားက ဒုတိယအကြိမ် တံခါးခေါက်လိုက်ပြီး အော်ပြောတယ်။

"မင်းသမီးကလေး၊ အငယ်ဆုံးမင်းသမီးကလေး တံခါးဖွင့်စမ်းပါ။ မနေ့က ရေတွင်းဘေးမှာ မင်း ငှဲ့ကို ပြောခဲ့တာတွေကို မင်းမသိဘူးလား။ မင်းသမီးကလေး၊ အငယ်ဆုံးမင်းသမီးကလေးတံခါးဖွင့်ပေးစမ်းပါ"

အဲဒီအခါ ဘုရင်ကပြောတယ်။

"မင်း ကတိပေးခဲ့တာကို လုပ်ရမယ်၊ သူ့ကို ဝင်ခွင့် ပြုလိုက်"

သူမက တံခါးသွားဖွင့်ပေးတယ်။ ဖားက အထဲကို ခုန်ဝင်လာပြီး သူ့နောက်ကနေ ထိုင်ခုံအထိ လိုက်လာတယ်။ အဲဒီနေရာမှာ သူက ထိုင်လိုက်ပြီး ပြောတယ်။

"ငှဲ့ကို မင်းရဲ့ဘေးနားဆီ မ,ပေးပါ"

မင်းသမီးက တုံ့ဆိုင်းနေတယ်။ ဒီတော့ဘုရင်က သူမကို အဲဒီအတိုင်းလုပ်ပေးဖို့ အမိန့်ပေးလိုက်တယ်။ ထိုင်ခုံပေါ်မှာရှိနေတဲ့ဖားကို သူဖြစ်ချင်တဲ့အတိုင်းစားပွဲပေါ်တင်ပေးလိုက်ရတယ်။ စားပွဲပေါ်ကို သူ ရောက်လာတဲ့အခါ သူက ပြောတယ်။

"ငါတို့ အတူတူ စားကြရအောင်၊ မင်းရဲ့ ရွှေပန်းကန်ကလေးကို ငှဲ့အနား တိုးပေးပါ။

မင်းသမီးကလုပ်ပေးတယ်။ ဒါပေမဲ့ စိတ်ပါလက်ပါနဲ့ လုပ်ပေးတာမဟုတ်ဘူးဆိုတာ တော့ အလွယ်တကူမြင်သာတယ်။ ဖားက သူ စားသောက်နေရတာတွေကို သဘောကျနေတယ်။ ဒါပေမဲ့ မင်းသမီးလေးကတော့ တစ်လုပ် စားလိုက်တိုင်း ဆိုနှင့်နှင့် သွားတယ်။ နောက်ဆုံးမှာတော့ ဖားက ပြောတယ်။

"ငါ စားပြီးသွားပြီ။ ကျေလည်း ကျေနပ်သွားပြီ။ အခုငါပင်ပန်းနေတယ်။ ငါကမင်းရဲ့အခန်းကလေးထဲ ခေါ်သွားပြီးတော့ မင်းရဲ့ ပိုးမွေ့ယာကို အဆင်သင့်ပြင်ပြီး ငါတို့ အတူတူအိပ်ကြမယ်"

ဘုရင်ရဲ့သမီးက သူ မတို့မထိချင်တဲ့ဖားကို ကြောက်တာကြောင့် စတင်ငိုကြွေးတယ်။ ဖားက အခုအခါမှာတော့ လှပသန့်ရှင်းတဲ့ အိပ်ရာကလေးထဲမှာ အိပ်နေပြီကွဲ့။ ဒါပေမဲ့ ဘုရင်က ဒေါသဖြစ်လာပြီး ပြောတယ်။

"မင်း ဒုက္ခရောက်တဲ့အချိန်က မင်းကို ကူညီခဲ့တဲ့လူကို မင်း မပစ်ပယ်သင့်ဘူး"

အဲဒါနဲ့ပဲမင်းသမီးက ဖားကို လက်နှစ်ချောင်းနဲ့ ကိုင်ဆောင်ပြီး အပေါ်ထပ်ကို ယူဆောင်လို့ အခန်းထောင့်မှာ ထားလိုက်တယ်။ ဒါပေမဲ့ အိပ်ရာထဲဝင်တဲ့အခါသူက သူ့ဆီကို တွားသွားတက်လာပြီး ပြောတယ်။

"ငါ ပင်ပန်းနေတယ်။ ငါလည်း မင်းလိုပဲ အိပ်ချင်တယ်။ ငှဲ့ကို ပွေ့ချီပြီး သိပ်ပါ။ နို့မဟုတ်ရင် မင်းရဲ့အဖေ

ကို ငါတိုင်ပြောမယ်”

အဲဒီအခါမှာတော့ သူ အရမ်းကို စိတ်ဆိုးသွားပြီး သူ့ကို ကောက်ယူလို့ နံရံဆီကို အသားကုန် ပစ်ပေါက်လိုက်တယ်။

“ရွံစရာကောင်းတဲ့ဖား၊ မင်းငြိမ်ငြိမ်နေ”သူက ပြောတယ်။

ဒါပေမဲ့ အောက်ကို ပြုတ်ကျလာတဲ့အခါမှာတော့ သူဟာ ဖားမဟုတ်တော့ဘူးကွဲ့။ လှပကြင်နာတတ်တဲ့မျက်လုံးတွေရှိတဲ့ဘုရင်ရဲ့သားတစ်ယောက်ဖြစ်လာတယ်။ သူဖခင်ရဲ့ဆန္ဒအရ သူဟာ အခုအခါမှာတော့ သူမရဲ့အဖော်မွန်၊ ခင်ပွန်းတစ်ယောက်ဖြစ်နေပြီပေါ့ကွယ်။ အဲဒီနောက်မှာတော့ ဆိုးဝါးတဲ့စုန်းမတစ်ယောက်ရဲ့ ပြစားခြင်းကို သူခံရပုံ၊ သူ့ကို ရေတွင်းထဲက ကယ်ဆယ်မဲ့လူဟာ မင်းသမီးကလွဲပြီး တခြားလူမရှိတဲ့အကြောင်းတို့ကို သူက မင်းသမီးကို ပြောပြတယ်။ ပြီးတော့ မနက်ဖြန်ကျရင် သူတို့ သူ့ရဲ့နိုင်ငံဆီကို အတူတကွ သွားကြမယ်ဆိုတဲ့ အကြောင်းလည်း သူက ပြောတယ်။

အဲဒီနောက် သူတို့ သွားအိပ်ကြတယ်။ နောက်တစ်နေ့မနက်မှာနေရောင်ခြည်ကြောင့် သူတို့အိပ်ရာကနိုးလာတဲ့အခါမြင်းဖြူစ-ကောင်ပါတဲ့မြင်းရထားတစ်စီး ရောက်လာတယ်။ မြင်းဖြူတွေရဲ့ဦးခေါင်းမှာ အဖြူရောင်ငှက်တောင်ရှိပြီး သူတို့ရဲ့ မြင်းဇက်ကြိုးတွေဟာ ရွှေကြိုးတွေ ဖြစ်ကြတယ်ကွယ့်။ မြင်းလှည်းမောင်းတဲ့နေရာမှာ ဘုရင့်အမှုထမ်းလုလင် သစ္စာရှိတဲ့ ဟင်နရီ ထိုင်နေတယ်။ လုလင်ဟင်နရီဟာ သူရဲ့ဆရာ ဖားအသွင်ကို ပြောင်းလဲသွားတဲ့အခါ စိတ်မကောင်းဖြစ်လွန်းတာကြောင့် သူရဲ့နှလုံးသားကို သံကြိုးနဲ့ ခု၊ ရစ်ပတ်ချည်နှောင်ထားရတယ်။ ဝမ်းနည်းကြေကွဲမှုကြောင့် သူရဲ့နှလုံးသား ပွင့်ထွက်သွားမှာစိုးလို့ပေါ့ကွယ်။မြင်းရထားယာဉ်က ငယ်ရွယ်တဲ့ဘုရင်ကို သူရဲ့နိုင်ငံဆီ ခေါ်ဆောင်သွားမှာဖြစ်တယ်ကွယ့်။ လုလင်ဟင်နရီက သူတို့ကို ရထားယာဉ် ခေါ်တက်စေတယ်။ ပြီးတော့ သူကိုယ်တိုင်က ရထားယာဉ်မောင်းနေရာမှာ ပြန်တက်ထိုင်လိုက်တယ်။ ဒီခရီးကို သူ ပို့ဆောင်ပေးရတဲ့အတွက် ဝမ်းသာနေတယ်။ သူတို့ ခရီး တော်တော် ရောက်လာကြတဲ့အခါ ဘုရင်ရဲ့သားဟာ တစ်စုံတစ်ရာ ကြိုးပြတ်တဲ့အသံမျိုး ထွက်ပေါ်လာတာကို ကြားရတယ်။ အဲဒါကြောင့် သူက လှမ်းပြီး မေးလိုက်တယ်။

“ဟင်နရီ၊ မြင်းရထား ကျိုးနေပြီလား”


“မဟုတ်ပါဘူးဆရာ၊ အဲဒါ မြင်းရထားကျိုးတာမဟုတ်ပါဘူး။ အဲဒါဟာ ကျွန်တော့်နှလုံးသားမှာ ချည်ထားတဲ့ကြိုးတွေက မြည်တာပါ။ မင်းသားဖားဖြစ်သွားပြီး ရေတွင်းထဲမှာ အကျဉ်းကျနေတဲ့အခါ ကျွန်တော် ဝမ်းနည်းပူဆွေး ရလွန်းတာကြောင့် ကျွန်တော့်ရဲ့နှလုံးသားကို ချည်နှောင်ခဲ့ရတယ်။

သူတို့ အချိန်အတော်ကြာ ဆက်သွားကြတဲ့အခါ ကြိုးပြတ်သံတွေ တစ်ခါ ထွက်လာပြန်တယ်။ ဒါပေမဲ့ အဲဒါဟာ လုလင်ဟင်နရီ သူရဲ့ဆရာလွတ်မြောက်လာတာကြောင့် ဝမ်းသာလွန်းပြီး သူရဲ့နှလုံးသားကကြိုးတွေ ပြေထွက်လာနေတဲ့ အသံပဲပေါ့ကွယ်။

ပီတိ

ရုပ်ပုံထဲက မိန်းမပျို


သရုပ်ဖော် ▶ ပန်းချီကဲကောင်း





သို့ဖြင့် သုံးလမျှ ရှိသောအခါ နှစ်သစ်ကူး ပွဲတော်သို့ ရောက်သဖြင့်.. မိခင်ဖြစ်သူက...
တို့လည်း တစ်နှစ်လုံး အသီးအရွက် တွေ့ပဲစားနေရ တာကြာပြီ... ကောက်နှာင်းမှန့် အသားမှန့် လုပ်စားရင် ကောင်းမယ်..
မိခင်ဖြစ်သူက ပြောဆို ပြီး အိမ်ဦးရှိရာသမျှ ကြွေးပြား ဆယ်ပြားကို မောင်သူရဲ အားပေး၍ ထိုအသံသည် မျှားဝယ်ရန် ဈေးသို့လွှတ် လိုက်သည်။
ဈေးရောက်သော် မောင်သူရဲသည် အမေမှာ သည့် အရာများ ဝယ်ပြီးခင်.. အသံကြီးတစ်ပောက် ကြောင်နေသည့် အရုပ်ကား တစ်ခုကို ဒူစီးက် လွှန်း၍ ကြွေးဆယ်ပြားပေး ဝယ်ပြီး ပြန်ခဲ့သည်။


မောင်သူရ သည်ပဲ ပင်းသီးရွက် ခူငံ အသားငါး မပေါ်ဘဲ အရုပ်ကား ထဲလာသည် ကိုသိရသော အခါ မိခင်ကြီး သည် မျိုင်သွား လေသည်။
မောင်သူရသည် အရုပ်ကားကို သူ့၏ အိပ်ခန်းနံရံတွင် ချိတ်ဘား ထိုက် သည်။
ဥ ရောက် သော်.. အိပ်ခန်း အတွင်းမှ မီးခွက် ထွန်း ထိုက်ရာ အရုပ်ကား အတွင်း မှ မီနံး မ ဟုတ် သည် လှုပ် လှုပ် ရှား ရှား ဖြင့် ဆင်း လာ ပြီး မောင်သူရ နှင့် စကား ပြော ပြီး ကြောင်း တွန် ချိန် တွင် အရုပ်ကား ထဲ ပြန် ဝင် သွား လေသည်။
တစ်ည သော အခါ မိနံး မဟုတ်ကြ ဘဲ သို့ ပြောသည်။
ကိုသူရ ရှင်ဟာ အရုပ်ကို ကြိုးစား လျက်နဲ့ အခုထိ ဆင်းရဲ နေတာ တွေ့ရ တော့ ကျွန်မ စိတ်မကောင်း ပါဘူး.. ရှင်တို့ သားအမိ ချမ်းသာ အောင် ကျွန်မ ကူညီ ချင်ပေမယ့် ရှင်တို့ ဥဉ္စ ရောက်မှာ ကိုလည်း စိုးရိမ် မိတယ်...


ထိုအခါ မိန်းမပျိုက ...
ကျွန်မတို့ နှစ်ယောက် အသုဘကို လွှဲနေရတာကိုပဲ ကျေနပ်ပါပြီ.. ဆင်းရဲတာ ချမ်းသာတာကို ဘယ် ဂရုမစိုက်ဘူး
ကျွန်မတို့ နှစ်ဦး အသိုးဆင်းရဲရဲနဲ့ တစ်သက်လုံး မနေနိုင်ပါဘူး၊ ပောင်ဒြိ ဓနကြွယ်ဝ နှစ်ခေတ်ကို ပယ်ပြီး ဂျင် မနက်ကျရင် ဈေးကို သွားပြီး ငိုး ချည်သင် ရောမျှ လပ်ခဲ့ပါ နော် ...
နောက်တစ်နေ့ ညတွင် အရုပ်ကား ထဖွ ထွက်လာပြီး ကိုသူရဝယ်လာ သော ချည်သင် မျှားကို ကိုင်ပြီး ...
က .. ကိုသူရ ဂျင် အိပ်နှင့် တော့ .. ကျွန်မ အလုပ် နည်းနည်း လုပ်ပြီး မှ အိပ်တော့ မယ် ..
မောင်သူရ လည်း တစ်ယောက် တည်း အိပ်ယာဝင် ဂျီ အားပျင်း အိပ်ရက် လေသည် .....


အရုဏ်တက်ချိန်ကြက်များလည်းတွန်ပြီ...
ဇနက် အိပ်ယာမှ နိုးသည်နှင့် မောင်သူရဲ
ဖြင်ရေသည်မှာ ယိမ်းအိပ်ခန်း အတွင်းဝယ် ပြောင်လက်
နေသည့် မိုးထည်များနှင့် ပြည့်နှက်နေသည့် မြင်ကွင်းဖြစ်၏။


တစ်နေ့သော အခါ မောင်သူရဲ မဂ္ဂိုဠိုက်
သူ့ဖ။ အိမ်သို့ မြော်ဆရာကြီး တစ်ဦး ရောက်လာ


မိုးလင်းသော အခါ ယိမ်းဖြိုး
သူသည် မိုးထည်များကို
ဖျော်တွင်ရောင်း ချပြီး တိုင်နေ့
မှ စ၍ မောင်သူရဲတို့ သားအမိ
ချမ်းသာစွာ နေနိုင်လေ၏။



မောင်သူရဲ၏ ယိမ်းကိုဖြင်လျှင်
မြော် ဆရာကြီးက ...
ငါ့မျှား မျက်နှာကြည့်ရတာ
စိုးပြုခြားခံရတဲ့ လက္ခဏာ ပေါ်နေတယ်၊
ငါ့မျှားမှာ ချွေးမတစ်ပေါက် ရှိရမယ် မိုးထည်
တွေယက် တက်တယ်၊ သူ့ကို မြန်မြန် ပေးပါ
ငါ့မျှားတို့ ဒုက္ခ ရောက်ဖို့ ဖြင်နေတယ်...


မောင်သူရ၏ မိခင်သည် အလုပ်နှင် ကြောက်ခွဲကာ
ထရံတွင် ချိတ်ထားသော ရုပ်ပုံကို ဖြုတ် လိုက်ရာ
ရုပ်ပုံထဲက မိန်းမဟို့က သက်ပြင်း ရှူလိုက်ပြီး
ကိုသူရ ကျွန်မကို လွမ်းတဲ့အခါ
အရှောက်က ကမ္ဘောဇ ပြည်ကိုလိုက်
ခဲ့ဖို့ ပြောပေးပါ ရှင်...
မောင်သူရ အိမ်ပြန် ရောက်လျှင် အရုပ်
ကား သတင်း ကြောင့် စိတ်မ ကောင်း ဖြစ်
ကာ တမှိုင် မှိုင် တွေတွေ နှင့် မကျေနှိ်
မမာ ဖြစ် လာသည်။
ထိုအခါ မိခင်ဖြစ်သူက မိန်းမဟို့၏
အမှာ ဆကားကို သတိရ၍...
လူကလေး စိတ်မ ကောင်း
မဖြစ်နဲ့.. သူ့ကို လွမ်းရင် အရှောက်
ကမ္ဘောဇ တိုင်း ပြည်ကို မေးပြီး
သွေက်ခဲ့ပါလို့ ရုပ်ပုံထဲက
မိန်းကလေး ကမှာ သွားတယ်..
ငါ့သား နေကောင်းတာနဲ့
လိုက်သွား ကြတာပေါ့!


တို့ကြောင့် တစ်နေ့သောအခါ မောင်သူရဲသည် မိုးထသည် ရောင်းရင်းတို့မှ ကျန်သမျှကို အိတ်တွင်ထည့်ကာ မြင်းစီးလျှံ မိန်းမပျိုကိုရှာရန် ခရီးထွက်ခဲ့လေသည်။
ခရီးအတော်နှင်ခဲ့သော် လည်း အရှေ့အရပ်ကားမဆုံး နိုင်အောင် ရှိပေသည်။ ငွေလည်းကုန် စားစရာလည်း ပြတ်လေပြီ.. ရေလည်းတော်လာသည်။
ထိုစဉ်.. ရေဒိုင်းကွက်ကွက်ကလေးတွေ့ရာဝမ်းသာသွားလျှင်။ ငါးနက်ကလေးတစ်ကောင် ဖလပ် ဖလပ်နှင့်ခုန်နေသည်။
သည်ရေကိုငါသောက်ရင် ငါးကလေး သေတော့မယ် မသောရင် ငါလည်း သေမယ်... ငါမသောက် ပေမယ့်.. တစ်ရက် နှစ်ရက်ဆို ရေခမ်းပြီး ငါးလေး သေမှာပဲ မထူးပါဘူး လေ..



ထိုနောက် ငါးထုပ် ကိုယ်ပူကာ အာရှေသို့ ဆင်းဆင်းခဲ့ပြန်သည်။ အာဟနိကြာသွားပြီးလျှင် ရှေ့ပြေး ဖြစ်ကြီး တစ်ခု ဆီး ကာနေသည်ကို တွေ့ရသည်။ ဖြစ်ကြီးမှာ ဂေဂီး အလွန်သနားလှပေသည်။



အတော်ကြာမှ အာရှေ့ရှေ့ မျက်နှာသုတ် ပဝါကို ရေဆွတ်ရွက် ငါးကလေးကိုထုပ်ပြီး ရေအိုင်မှ ရေကို သောက်လေသည်။



ဖြစ်ကို မည်သို့ ဖြတ်ကူး ရမည်ကို စဉ်းစားနေခိုက်.. ငါးကလေးကို သတိရပြီး အထုပ်ကို ဖြေကြည့်လိုက်ရာ အသက်ရှင် လျက် တွေ့သဖြင့် ငါးကလေးကို အသာအယာ ကိုင်ပြီး... ပါးစပ်မှ လည်း...



ဖြစ်ကို ဘယ်လို ဖြတ်ရမည်ကို တိုး စဉ်းစားနေစဉ် သူ့ ခေါင်းအောက်မှ အသံ နက်ကြီး ဖြင့် ခေါ်သံကြား၍ လှည့် ကြည့်ရာ လူမည်း ရှုပ်ရှုပ်ကြီး ပြေး နေ သည်ကို ဖြင့်ရ လေသည်။


ကျုပ်.. တံတားထိုးပေးမယ်လေ ကူးမလား
မောင်သူရ ကျွန်မကို ကူးပါ ဆိုဒေါ်လား
ကူးချင်ပါတယ် ဘယ်လို ကူးရမှာနဲ့ မသိပါဘူး
ကျွန်တော်ကတော့ ရောက်ချိန်ပြန်ပဲဟဲ့ ကြည့်ရတာတံတားလည်း မရှိကောလို့ လူမလည်း ကြိုးလည်းမရှိတော့.. ငါးနက်လေး ကူးသွား သည်ကိုမြင်ရလေသည်
မောင်သူရသည် အထုပ် ကို ကောက်ဝတမ်းကာမဆိုင်း မတွေ့ မြစ်ကို ကူးလေသည်...
ကျွန်တို့ ပြောရင်းဒေါ်ခင် ကြီးက ကိုခင်ခင်ကို ချိုးပြီးက ရေ မြစ်ဖြတ်ကူးနိုင်ဒေသည် တံတားတစ်စင်း ပေါ်လာဖို့ ။

ရှေးခဲ့ ခရီးဆက်ပြုနိုင်ရာ လမ်းနံဘေး တစ်နေရာ၌ ဖြောဆရာကြီး တစ်ဦး၏ အိမ်သို့ ရောက်သွားလေသည်။

မောင်သူရဲအား တစ်ညတာ တည်းခိုရန် ခွင့်ပြုလေသည်။

ခရီးသည်..သည်အခန်း မှာ အိပ်ပါ၊ ဘဲဥသော် လည်း ဟိုကြိုင်..သည်ကြိုင် ဓလေ့ပါနဲ့...

ဖြောဆရာကြီးသည်၊ မောင်သူရဲကို မှာကြား အခန်းမှထွက် သွားလေသည်။

အခန်းထဲ တွင် အိပ်ရန် ဖျာတစ်ချပ်နှင့် ခေါင်းအုံး တစ်လုံးမှ လွဲ၍ ဟိုကြိုင် သည်ကြိုင် လုပ်စရာ ဘာမျှ မမြင်သဖြင့် အံ့သြရလေသည်။


ထိုနောက် ဘိုချင်စိတ်ပြင်းထန်လာသဖြင့် ထရံကို လက်နှင့် ဆိတ်ကြွေးညှဉ့် လိုက်ရာ ကပ်ထားသော စက္ကူများကွာကျကာ တံခါးပေါက် တစ်ခုကို တွေ့ရလေသည်။
ဥယျာဉ် ထဲတွင် နှစ်ထပ်အိမ် ကလေးတစ်လုံး ရှိလေသည်။ အထက် ထပ်တွင် မီးများ ထိန်လျက် ရှိပေ၏။
တံခါးမှ ထွက်သော ဒာဒါ ဥယျာဉ် ကလေးတစ် ခုကို တွေ့ရသည်။
အလို ! သာယာရိုက်တဲ့ နေရာလေး ..

ရုပ်ပုံကားထဲ မှ မိန်းမပျိုသည် မှော်ဆရာကြီးထံမှ ခိုးယူလာသည့် ဓါး ဖြင့် သူမ၏ထမီ အနား စကို ဖြတ်၍ ခင်းထုံက်ရာကော်ဇောပျဉ် ကစ်ခု ဖြစ်သွား လေသည်။

ထိုစဉ် အိမ်ပေါ်မှ မိန်းမပျိုတစ်ယောက် ပြေးဆင်းလာပြီး ...

အင်္ကို ! ကိုယ်ရေပါလား . မသေသို့ တွေ့ရ မေ့နိုင် ပါ့မလား .. ရှင် ရောက်နေ တာ ကမ္ဘာ ရေ တိုင်းပြည်ပဲ ဒီကနေ ပြေးရအောင် ..

ထို ကော်ဇောပျဉ်အား နှစ်ယောက်သား စီးကာ ကောင်းကင် ခရီး ထွက် လာခဲ့ကြသည်။


ခဏအကြာတွင် မှော်ဆရာကြီး သိသွား၍ ထိုက်လာရာ မိန်းကလေး က မှော် ဓါး ဖြင့် နှိမ်နင်း နိုင်သဖြင့် မှော်ဆရာကြီး သေဆုံး လေသည်။

မောင်နှံရှင့် မိန်းမပျိုသည် ကော်ဇောပျဉ် စီးကာ ယခင်ကြီး ရှိရာ သို့ ဦးတည် ပျံသန်းခဲ့လေသည်။

ပြီး

ဖုန်းသမားကို ကြိုးပမ်းလာသည့် မိန်းမပြာကြီးလင်း

|သိလ-ပုံပြင်|



ရှေးအခါက အလွန်ဆင်းရဲသော ဖိနပ်ချုပ်သမား တစ်ယောက်ရှိသည်။ သူသည် အလုပ်ကြိုးစားသော်လည်း ချမ်းသာမလာဘဲ ဆင်းရဲမြဲ ဆင်းရဲခဲ့သည်။ ညတိုင်း သူသည် အလုပ်လုပ်ရင်း. . .

"ဆင်းရဲလှတဲ့ ဖိနပ်ချုပ်သမား အမြဲငွေလိုသဗျား
ဘာကြောင့် ပင်ပန်းဆင်ရဲစွာလုပ်နေရသလဲဗျာ
ဆင်းရဲဖို့တွက် ကျုပ်ကိုများ မွေးဖွားခဲ့တာလား" ဟူသည့် သီချင်းကိုသာ ထပ်တလဲလဲသီဆိုတတ်လေသည်။

ချမ်းသာသော အိမ်နီးချင်းတစ်ယောက်သည် ဖိနပ်ချုပ်သမား၏ သီချင်းသံကို ကြားသောအခါ သနားသွားပြီး ကူညီရန် ဆုံးဖြတ်လိုက်သည်။ ထို့နောက် ရွှေဒင်္ဂါးပြားများ ဖွက်၍ ထည့်ထားသော ကိတ်မုန့်တစ်လုံးကို ဖိနပ်ချုပ်သမားမိသားစုအား လက်ဆောင်ပေးလိုက်သည်။

သို့သော် ဖိနပ်ချုပ်သမားသည် သူမိန်းမအား-

"မိန်းမရေ ငါတို့ကတော့ မယုံနိုင်လောက်အောင် ကံကောင်းတာပဲ။ ငါတို့အိမ်နီးချင်းက ကိတ်မုန့်တစ်လုံး လက်ဆောင်လာပေးတယ်။ ဒီကိတ်မုန့်ကို ဟိုတစ်ခါသားလေးနေမကောင်းဖြစ်တုန်းက အခမဲ့ကုပေးခဲ့တဲ့ ဆရာဝန်ကို လက်ဆောင်အဖြစ် သွားပေးရအောင်" ဟုပြောလိုက်သည်။

နောက်တစ်နေ့၌ အိမ်နီးချင်းသူဌေးသည် ဖိနပ်ချုပ်သမား အိမ်ရှေ့မှ ဖြတ်သွားသောအခါ-

"ဆင်းရဲလှတဲ့ ဖိနပ်ချုပ်သမားပါ
အမြဲတမ်း ငွေလိုနေတာ
ဘာကြောင့် ပင်ပန်းစွာလုပ်နေရတာ
ဆင်းရဲဖို့များ ငါ့ကို မွေးဖွားခဲ့တာလားကွာ" ဆိုသည့် သနားစရာ သီချင်းသံကို ကြားရပြန်သည်။

ထို့ကြောင့်

"ဘာဖြစ်လို့ ဒီသီချင်းကို ဆိုနေတာလဲခင်ဗျာ။ ခင်ဗျားတို့မိသားစု ကျွန်တော်ပေးခဲ့တဲ့ ကိတ်မုန့်ကို မစားရသေးဘူးလား" ဟု မေးလိုက်သည်။

" မစား ဖြစ်ခဲ့ပါဘူးဗျာ။ ဘာလို့လဲ ဆိုတော့ ကျွန်တော့်ကလေးကို မေတ္တာနဲ့ ဆေးကုသပေးခဲ့တဲ့ ဆရာဝန်ကို ကျေးဇူးဆပ်တဲ့အနေနဲ့ ကိတ်မုန့်ကို လက်ဆောင်အဖြစ် သွားပေးခဲ့တာပါ"

အဖြစ်မှန်ကို သိသွားသော အိမ်နီးချင်းသည် ဖိနပ်ချုပ်သမားကို နောက်ထပ်ကူညီရန် ကြိုးစားပြန်သည်။ ပိုက်ဆံအိတ်တစ်အိတ်ထဲတွင်ငွေအပြည့်ထည့်ပြီးထင်းရှူးကိုင်းခြောက်များထဲတွင် ဖွက်၍ ထည့်ပေးလိုက်သည်။

ဒုတိယအကြိမ်တွင်လည်း ဖိနပ်ချုပ်သမားသည် ထင်းရှူးကိုင်းခြောက်များကို ပေါင်မုန့်ဖုတ်သမားအား လက်ဆောင်ပေးလိုက်ပြန်သည်။သူတို့ပိုက်ဆံမရှိသည့် အချိန်က ကြင်နာတတ်သော ပေါင်မုန့်ဖုတ်သမားက ပေါင်မုန့်များ အလကားကျွေးခဲ့ဖူးသည်။ ထို့ကြောင့် ကျေးဇူးဆပ်သည့်အနေဖြင့် ပေါင်မုန့်ဖုတ်ရာ၌ ထင်းအဖြစ်သုံးရန် ထင်းရှူးကိုင်းခြောက်များကို ပေးခဲ့ခြင်းဖြစ်သည်။

နောက်တစ်နေ့ အိမ်နီးချင်း လမ်းလျှောက်လာချိန်တွင် ဖိနပ်ချုပ်သမား၏ဝမ်းနည်းစရာသီချင်းသံကို ကြားရပြန်လေသည်။

"ဘာလို့ ဒီသီချင်းကို ဆိုနေရတာပါလဲခင်ဗျာ။ ကျွန်တော်ပေးခဲ့တဲ့ ထင်းရှူးကိုင်းခြောက်တွေက မီးသိပ်မတောက်လို့လား"

"မီးတောက်လား၊ မတောက်လားတောင် မသိပါဘူးဗျာ။ ပေါင်မုန့်ဖုတ်သမားကို ကျေးဇူးဆပ်တဲ့ အနေနဲ့ သစ်ကိုင်ခြောက်တွေအားလုံး သူ့ကို ပေးလိုက်တယ်"

"ခင်ဗျားက တော်တော်သနားစရာကောင်းတဲ့လူပဲ။ ခင်ဗျား သီချင်းထဲကလိုပဲ ခင်ဗျားကို ဆင်းရဲဖို့ မွေးလာတာနဲ့ တူတယ်။ ပထမအကြိမ်တုန်းက ကိတ်မုန့်ထဲမှာ ရွှေဒင်္ဂါးပြားတွေ ထည့်ပေးခဲ့တယ်။ ဒုတိယအကြိမ်မှာ ထင်းရှူးကိုင်းခြောက်တွေထဲမှာ ပိုက်ဆံအိတ်ထည့်ပေးခဲ့တယ်။ ဒါပေမဲ့ နှစ်ကြိမ်စလုံး ခင်ဗျားမရခဲ့ဘူး။ ခင်ဗျားမှာ ချမ်းသာဖို့ ကံမပါဘူးထင်တယ်။ ကျွန်တော်လုပ်ပေးနိုင်ကတော့ ဒီလောက်ပဲ။ ကျွန်တော်လည်း အလုပ်ကိစ္စနဲ့ ခရီးထွက်ရဦးမယ်။ အခု ခင်ဗျားကိုပေးဖို့ လမ်းကကောက်ရခဲ့တဲ့ ခဲပြားလေးတွေပဲ ရှိတော့တယ်"

"ဘာပဲဖြစ်ဖြစ် ကျေးဇူးတင်ပါတယ်ဗျာ။ ခင်ဗျားက

တကယ်ကြင်နာတတ်တဲ့ အိမ်နီးချင်းကောင်းပါ”

ဖိနပ်ချုပ်သမားသည် သူ့အိမ်နီးချင်းပေးခဲ့သည့် ခဲပြားလေးများကို အသုံးမလိုသေး၍ စင်တစ်ခုပေါ်တွင် တင်ထားလိုက်ပြီး သီချင်းလေးဆိုကာ အလုပ်ဆက်လုပ်နေခဲ့သည်။ ထိုအချိန်တွင် တံငါသည်၏ ဇနီးရောက်လာပြီး-

“ကျွန်မယောကျ်ား ငါးဖမ်းထွက်တော့မလို့ပါ။ ဒါပေမဲ့ ပိုက်ကွန်ချဖို့ ခဲပြားနည်းနည်းလိုနေလို့ ကူညီနိုင်ရင် ကူညီပါလားရှင်” ဟု ပြောသည်။

“အတော်ပဲ ကျွန်တော့်ဆီမှာ ခဲပြားနည်းနည်းရှိတယ်။ ယူသွားပါဗျာ” ဟု ပြော၍ ဝမ်းသာအားရ ပေးလိုက်လေသည်။

ထိုညက တံငါသည်သည် ငါးအများကြီး ဖမ်းမိခဲ့သဖြင့် တံငါသည်၏ မိန်းမက ဖိနပ်ချုပ်သမားကို ကျေးဇူးတင်သောကြောင့် ရေချိုငါးကြီးတစ်ကောင် လာပေးသည်။ဖိနပ်ချုပ်သမား၏မိန်းမက ချက်ပြုတ်ရန်အတွက် ငါးကို ခုတ်ထစ်လိုက်သောအခါ ငါး၏ ဝမ်းဗိုက်ထဲမှ အရောင်တောက်ပသော ဖန်တုံးတစ်တုံးကို တွေ့သဖြင့် ကလေးတွေဆော့ဖို့ပေးရန် ခုံတစ်ခုပေါ်တွင် တင်ထားလိုက်သည်။

ဖိနပ်ချုပ်သမားသည် ညအိပ်ရာဝင်၍ မီးမှုတ်လိုက်သောအခါ အမှောင်ထဲတွင် အရောင်တစ်ခု လက်နေသည်ကို သတိထားမိသည်။

“မိန်းမ၊ ဟိုနားက အရောင်လက်နေတာ ဘာလဲ”

“သြော် အဲဒါက တံငါသည်ရဲ့ မိန်းမ ပေးသွားတဲ့ ငါးထဲက ရတဲ့ ကျောက်တုံးလေးလေ”

ဖိနပ်ချုပ်သမား၏စိတ်ထဲ၌ ထိုကျောက်တုံးသည် တန်ဖိုးရှိလောက်သည်ဟု ထင်ပြီး နောက်နေ့တွင် ရတနာဆိုင်ပိုင်ရှင်ထံသို့ ကျောက်တုံးကို သွားပြလေသည်။

“ဒီကျောက်က တန်ဖိုးကြီးလွန်းလို့ ကျွန်တော့်မှာ ဝယ်ဖို့ ပိုက်ဆံလုံလုံလောက်လောက်မရှိပါဘူး။ ဒီလို ရတနာမျိုးကို ရှင်ဘုရင်မှသာ ဝယ်နိုင်ပါလိမ့်မယ်။ ခင်ဗျားဆန္ဒရှိရင် မင်းကြီးထံကို သွားပြဖို့ ကျွန်တော်ကူညီပါ့မယ်”

မင်းကြီးသည် ထိုရတနာကို မြင်မြင်ချင်း နှစ်သက်သွားကြောင့် ငွေကြေးအမြောက်အမြား ပေး၍ ဖိနပ်ချုပ်သမားထံမှ ဝယ်ခဲ့လေသည်။ ဖိနပ်ချုပ်သမားလည်း ထိုငွေဖြင့် အိမ်ကြီးတစ်အိမ်နှင့် လယ်ကွယ်များကို ဝယ်ယူခဲ့သည်။ အိမ်နီးချင်းသူငြေးသည် ခရီးမှ ပြန်ရောက်လာသောအခါ ဖိနပ်ချုပ်သမားမိသားစု၏ ဘဝအခြေအနေလုံးဝပြောင်းလဲသွားသည်ကိုတွေ့၍အလွန်အံ့သြသွားခဲ့သည်။

“မိတ်ဆွေ၊ ခင်ဗျားအဖြစ်က မျက်လှည့်ပြလိုက်သလိုပဲ။ ကျွန်တော်ပေးခဲ့တဲ့ ရွှေငွေတွေကိုတော့ ခင်ဗျားမရခဲ့ဘူး။ အခုအိမ်နဲ့ လယ်တွေကို ဘယ်လိုများ ဝယ်နိုင်ခဲ့တာလဲ”

“ခင်ဗျားသိတဲ့အတိုင်း ကျွန်တော်က သူများကို အမြဲ ကူညီချင်တဲ့ လူရိုးတစ်ယောက်ပါ။ မိတ်ဆွေပေးခဲ့တဲ့ ခဲအပိုင်းအစလေးတွေကို တံငါသည်က လိုအပ်နေလို့ ကျွန်တော်ပေးခဲ့ပါတယ်။ သူ့မိန်းမက ကျွန်တော်တို့ ဟင်းချက်စားဖို့ ငါးတစ်ကောင်လာပေးခဲ့တယ်။ အဲဒီငါးရဲ့ ဗိုက်ထဲကနေ အရောင်တောက်ပတဲ့ ကျောက်တုံးတစ်တုံးကို ရခဲ့တယ်။ ကျောက်တုံးကို ဘုရင်ကြီးက ငွေအများကြီး ပေးပြီး ပြန်ဝယ်ခဲ့လို့ အခုအိမ်နဲ့ လယ်တွေကို ဝယ်နိုင်ခဲ့တာပါဗျာ”

“ကျွန်တော်သိပြီ၊ ခင်ဗျားရဲ့ရိုးသားမှုနဲ့ စိတ်ကောင်းရှိမှုက ခင်ဗျားဘဝကို ပြောင်းလဲပေးခဲ့တာပဲ”

“ခုလို ချီးမွမ်းတာ ကျေးဇူးပါပဲဗျာ။ အရင်က ခင်ဗျားပေးခဲ့တဲ့ ကံကောင်းခြင်းတွေနဲ့ နှစ်ခါတောင် လွဲခဲ့ရတယ်။ ဒါပေမဲ့ နောက်ဆုံးတော့ ကျွန်တော်က ဆင်းရဲဖို့ မွေးဖွားလာတဲ့သူ မဟုတ်ဘဲ ချမ်းသာဖို့ မွေးဖွားလာသူ ဖြစ်နေတာကိုး” ဟု ဖိနပ်ချုပ်သမားက ပြောလိုက်လေတော့သည်။

Born to be rich by Pat Betteley ကို ဘာသာပြန်သည်။

ခင်ဖြူဖြူလင်း(YUFL)

သင်္ဏာ ဆရာတော်ကြီးအား ထိုခေတ်က မြို့တိုင်းရွာတိုင်းလိုလိုမှပင့်ဖိတ်ကာ တရားပွဲများကျင်းပလိုကြပါသည်။ ဆရာတော်ကြွရောက်သည့်မြို့ ရွာတို့က ခမ်းနားကြီး ကျယ်စွာပင့်ဆောင်ကြဆိုကြသည်။ တစ်ခါတွင်မွန်ပြည်နယ် ဘီးလင်းမြို့ တရားပွဲအပြီး မော်လမြိုင်သို့ ဆက်ကြရသည်။ ကျိုက်သံလွှာန်ဘုရားအနီးတန်ဆောင်ကြီးတွင် တရားပွဲကျင်းရန် မော်လမြိုင်မြို့မှဒကာဒကာမများကပင့်ဆောင်ကြသည်။ ထိုသို့ပင့်ဆောင်ကြရတွင် ဆရာတော်ကြီးအားကြည်ညိုသောအားဖြင့် ဆရာတော်ကြီး၏ ဂုဏ်ပုဒ်တို့ကို ချီးကျူးတေးရတုများရွတ်ဆိုကြသည်။ ရတုမှာ

မင်္ဂလာ ကျက်သရေ တက်ဖြိုးဝေသား
မြူတော်ရောင်ရွှင်း မြရည်သွန်းသည့်။
ညောင်နန်းဗုဒ္ဓဟော၊ ပလ္လင်သွေ့၌
ပရမေထွဋ်ဘုန်း မာရ်ကို မှုန်းလှ
ဖျက်ပြုံးသောအခါ ရွှေသမ္ဘာကြောင့်
ဒေဝါရဲမက်၊ ရွှေတပ်ပျက်ရှ
ဂယက်ရေကြော၊နစ်မျောလေသော် . . . စသည်ဖြင့်ပါရှိလေရာ ဆရာတော်က အဆုံးထိနားထောင်အပြီးတွင်မိန့်ကြားလေသည်။

“ဒီရတုမှာ ဘုရားရှင်ရဲ့ ဘုန်းသမ္ဘာတော်ကို ရည်ညွှန်းပြီး ရွှေသမ္ဘာကြောင့်လို့စပ်တာကတော့ လျော်ကန်လှပါရဲ့ မာရ်နတ်ရဲ့တပ်တွေပျက်တာကို “ရွှေတပ်ပျက်” ဆိုတာကတော့ မသင့်လျော်ပါ။ ဒါကြောင့် ရှေ့ဆရာတို့က “အမေးတတ်၏၊ ဓမ္မသတ်ကိုမကျွမ်း၊ အစီအကုံးကောင်း၏။အကြောင်းအရာမလျော်”လို့ဆိုခဲ့ကြတယ်၊ ယခုကျွန်ုရတုမှာလည်း ရှေ့ကလူနှစ်ယောက် အတိုင်ဖောက်နဲ့ ငြင်းကြသလိုဖြစ်နေပြီ။

ဒကာဒကာမတို့ကဆရာတော်ကြီး၏စကားဥပမာကို ထင်ရှားစွာ သိရအောင်မိန့်ကြားတော်မူ ပါဟု လျှောက်သောအခါ ဆရာတော်ကြီးက ရှင်းပြလေသည်။

“ရှေတုန်းက စာရေးစာစပ်ဝါသနာပါတဲ့ သူငယ်ချင်းနှစ်ယောက် ရှိကြပါသတဲ့။ တစ်နေ့မှာ စာအကြောင်းပြောကြတယ်။ တစ်ယောက်က“သူငယ်ချင်းရေ ကဗျာဆိုတာ ယဉ်ရတယ်ကွလို့ ပြောသတဲ့။ ဒီအခါ တခြားတစ်ယောက်က “ဟ ယဉ်တာများဘာခက်တာမှတ်လို့ ထီးသုံးနန်းသုံးတွေ ထည့်သုံးရင် ယဉ်တာပေါ့ကွယ်”လို့ ပြောလိုက်တယ်။ ဒီအခါတစ်ယောက်က“သူငယ်ချင်းထီးသုံးနန်းသုံးပါတိုင်းယဉ်တယ်မထင်နဲ့ရိုင်းတာတွေအများကြီးကိုမင်းမသိလို့ကွ” လို့ပြောပြန်တယ်။ “မင်းရရင်ဆိုပြကွာ” လို့ဆိုတော့ ဆိုပြတယ်။

“ဝယ်လိုက်ကြရှင့်ခေါင်းပေါ်မှာ အသာတင်ခဲ့
နှစ်ဖတ်ချဉ်ရွှေဗန္ဓိရယ် နန်းသူမျက်ချေး”

လို့ဆိုတော့မှကျန်တစ်ဦးက“အေးဟုတ်သားပဲ နှစ်ဖတ်ချဉ်ကို နန်းသူမျက်ချေးနဲ့ နှိုင်းရင်တော့ရိုင်းတာပေါ့ကွ”လိုဆိုသတဲ့

ဒီလိုနဲ့ပဲ ရွှေပါတိုင်း ကောင်းတာမဟုတ်ဘူးလို့ လက်ခံသွားပါတော့ သတဲ့။

သင်္ဏာ

ရွှေကောင်းတဲ့ ပန်းသီးသစ်ပင်

သန္တာမြတ်သောင်း



ကလေးတို့ရေ... တစ်ခါတုံးကပေါ့...။

ရွာတစ်ရွာမှာ တံငါလုပ်ငန်းနဲ့ အသက်မွေးရတဲ့ လင်မယားနှစ်ယောက်ရှိတယ်။ တံငါအလုပ်ဆိုတာ ငါးဖမ်းတာပေါ့။ သူတို့လင်မယားမှာ မသူဇာဆိုတဲ့ သမီးလေး တစ်ယောက်ရှိတယ်။ သူတို့မိသားစုလေးက မချမ်းသာပေမဲ့ ချစ်ချစ်ခင်ခင် ပျော်ပျော်ရွှင်ရွှင် နေကြသတဲ့။

ကလေးတို့ရေ...

တံငါသည်ကြီးဟာ သူမိန်းမကို ချစ်ပေမဲ့ ဒေါသကြီးနေတတ်သူတစ်ယောက်ပါ။ တစ်နေ့မှာ သူတို့မိသားစုသုံးယောက်ဟာ လှေငယ်လေးတစ်စီးနဲ့ ငါးဖမ်းထွက်ကြတယ်။ တံငါသည်ကြီးက ပိုက်ကွန်ပစ်ပြီး ငါးဖမ်းတော့ ကွန်ထဲမှာ ငါးတစ်ချို့ပါလာတာပေါ့။ အဲဒီငါးတွေက သူတို့ရဲ့အသက်ဘေးကို ကြောက်လို့ လှေထဲမှာ တဖျတ်ဖျတ်ခုန်နေတာပေါ့။

မသူဇာလေးဟာ သနားကြင်နာတတ်သူလေးပါ။ မိဘက တံငါလုပ်ငန်းနဲ့ အသက်မွေးရပေမဲ့ မသူဇာက သနားတတ်တော့ လှေဝမ်းထဲက ငါးလေးတွေကို သူ့မိဘ မသိအောင် မြစ်ထဲ ပြန်ပစ်ချတာပေါ့။ တံငါသည်ကြီးဟာ ကွန်ချက်သုံးလေး ချက်ပစ်ပြီးတော့ ငါးတွေဘယ်လောက်ရပြီလဲ သိချင်လို့ လှေဝမ်းထဲကြည့်တော့လှေထဲမှာ ငါးတွေ မတွေ့ဘူးပေါ့။ တံငါသည်ကြီးက သူမိန်းမကို စိတ်ဆိုးမာန်ဆိုးနဲ့ ငါးတွေ ဘယ်ရောက်ကုန်သလဲ မေးတယ်။ သူမိန်းမက မဖြေနိုင်ဘူး။

"ကျွန်မလည်း မသိဘူး။ လှေဝမ်းထဲက ခုန်ထွက်ကုန်တယ်ထင်ရဲ့"

လို့ ပြန်ဖြေတာပေါ့။ တံငါကြီးက စိတ်ဆိုးပြီး အသုံးမကျတဲ့မိန်းမဆိုပြီး လှေတက်နဲ့ ရိုက်ချလိုက်တာသူမိန်းမဟာ ရေထဲထိုးကျသွားတာ ပြန်မပေါ်လာတော့ဘူးတဲ့။ တံငါသည်ကြီးရဲ့ မိန်းမဟာ မြစ်ထဲမှာကမ္ဘာလိပ်မကြီးဖြစ်သွားတယ်။

မသူဇာလေးတို့ သားအဖနှစ်ယောက်တည်း နေကြရတာပေါ့။ မသူဇာလေးဟာ သူမိခင်ကို လွမ်းလို့ အမြဲငိုနေတတ်တယ်။

တစ်နေ့မှာ မသူဇာလေးရဲ့အဖေတံငါသည်ကြီးဟာ မိန်းမကြီးတစ်ယောက်ကို လက်ဆွဲပြီး အိမ်ပေါ်တက်လာတယ်။ နောက်မှာလည်း မသူဇာနဲ့ မတိမ်းမယိမ်း မိန်းကလေးနှစ်ယောက်ပါတယ်။

"သမီးရေ မသူဇာ လာဦး၊ ဒီမှာ သမီးအတွက် အမေပါလာတယ်"လို့ တံငါသည်ကြီးက ခေါ်တာပေါ့။ မသူဇာလေးဟာ သူ့အဖေနားပြေးလာတယ်။ သူ့အဖေဘေးက ပါလာတဲ့ မိန်းမကြီးဟာ သူ့အမေမဟုတ်မှန်း မသူဇာသိတယ်။

"အဖေ၊ ဒီအဒေါ်က ဘယ်သူလဲ"လို့ မသူဇာက မေးတယ်။ မသူဇာရဲ့အဖေက . . .

"ဒါ သမီးအတွက်အမေ"လို့ ပြန်ဖြေတယ်။ မသူဇာလေးဟာ အဲဒီအဒေါ်ကြီးရဲ့ ကောက်ကျစ်တဲ့မျက်လုံးတွေကို သဘောမကျပေမဲ့ သူအဖေစိတ်မချမ်းသာမှာစိုးလို့ ဘာမှမပြောဘူး။ အဒေါ်ကြီးက မသူဇာကို-

"ဒါ အစ်ကို့သမီး မသူဇာလား။ ကြည့်စမ်း။ ချစ်စရာကောင်းတဲ့သမီး။ ချောလိုက်တဲ့သမီး။ လာပါဦးသမီးရယ်။ သမီး မမတွေနဲ့ မိတ်ဆက်ပေးရ

အောင်။ ဒါကအမွေသမီးကြီး မချောပို၊ ဒါက သမီးအငယ် မလှပို”

ဆိုပြီး ပြောသတဲ့။ မချောပိုနဲ့ မလှပိုဆိုတဲ့ သမီးနှစ်ယောက်ကလည်း နာမည်နဲ့ မလိုက်ဖက်အောင် အရုပ်ဆိုးကြတာ အရမ်းဘဲ။ အဲဒီသမီးနှစ်ယောက်ကရုပ်ရည် ပြေပြစ်ချောမောတဲ့ မသူဇာလေးကို မလိုတမာမျက်လုံးတွေနဲ့ ကြည့်နေကြတာပေါ့။

မသူဇာရဲ့အဖေ တံငါသည်ကြီးက-

“အဖေက ငါးဖမ်းထွက်နေရတာ၊ အဖေမြစ်ထဲထွက်ရင် ငှါသမီး တစ်ယောက်တည်းကျန်ခဲ့တော့ စိတ်မချရဘူး။ အခု ငှါသမီးဘေးမှာ အမေတွေ အစ်မတွေ ရှိပြီဆိုတော့ စိတ်ချရတယ်။ ပြီးတော့ နေ့တိုင်းငှါသမီးထမင်း၊ဟင်းချက်နေရတာ ပင်ပန်းတယ်။ အခု ချက်ကျွေးမဲ့အမေ ရောက်လာပြီ”လို့ ကျေကျေနပ်နပ်ကြီး ပြောသတဲ့။

မသူဇာရဲ့မိထွေးကြီးဟာ တံငါသည်ကြီးရှေ့မှာတော့ မသူဇာလေးကို ကြင်ကြင်နာနာ ဆက်ဆံတယ်။တံငါးသည်ကြီး မြစ်ထဲထွက်သွားတာနဲ့ မသူဇာလေးကို နှိပ်စက်သတဲ့။

“ငပျင်းမလေး။ ထမင်းဆိုတာ အလကားမရဘူး”

ဆိုပြီး အလုပ်တွေ တစ်ခုပြီးတစ်ခု ခိုင်းတယ်။ ထမင်း၊ဟင်းလည်းမသူဇာဘဲချက်ရသလိုမိထွေးနဲ့ သမီးနှစ်ယောက်ရဲ့ အဝတ်တွေကိုလည်း လျှော်ရတယ်။ မိထွေးနဲ့ သမီးနှစ်ယောက် စားထားတဲ့ ပန်းကန်တွေ အိုးတွေ ဆေးရတယ်။ မြစ်ထဲလည်း ရေသွားခပ်ရတယ်။

မသူဇာလေးဟာ ပင်ပန်းအောင် လုပ်ရပေမဲ့ မျက်နှာကောင်း မရဘူး။ မိထွေးကြီးက ဆူလိုက် ငေါက်လိုက် ရိုက်လိုက် သမီးနှစ်ယောက်က အော်လိုက်၊ ခေါက်လိုက်နဲ့မို့ စိတ်ဆင်းရဲရတယ်။ မသူဇာဖြစ်ပျက်နေသမျှ သူ့အဖေတံငါကြီးက ဘာမှ မသိဘူး။ မိထွေးကြီးက . . .

“နင့်အဖေကိုပြန်တိုင်ရဲရင် တိုင်ကြည့်၊နင့်လျှာကို ဖြတ်ပစ်မယ်”လို့ ကြိမ်းထားတော့ မတိုင်ရဲဘူးတဲ့ကွယ်။

မသူဇာလေးဟာ မြစ်ထဲရေခပ်ဆင်းရင်း မြစ်ဘေးမှာ ထိုင်ငိုမိတယ်။

“အမေရေ. . . အမေရဲ့။ သမီးရဲ့အဖြစ်ကို ကြည့်လှည့်ပါဦး”

လို့ မြစ်ထဲ ကျသေသွားတဲ့အမေကို တမ်းတပြီး ငိုတာပေါ့။ အဲဒီမှာ မြစ်ထဲက ကမ္ဘာလိပ်မကြီး တစ်ကောင် ရေပေါ်တက်လာတယ်။ မသူဇာ ရှေ့နားကိုပေါ်လာပြီး မြစ်စပ်မှာ ခေါင်းလေးဖော်လို့ကြည့်နေတယ်။ မသူဇာဟာ ကမ္ဘာလိပ်မကြီးနားကို တအံ့တသြနဲ့ ကပ်သွားပေမဲ့ လိပ်မကြီးက ရေထဲငုပ်မပြေးသွားဘူး။ ကမ္ဘာလိပ်မကြီးရဲ့ မျက်လုံးမှာ မျက်ရည်တွေနဲ့ပေါ့။

“အံ့သြစရာလိပ်မကြီးပါလား။ ဒါ ကျွန်မအမေလားဟင်”

ဆိုပြီး မသူဇာကမေးတော့ လိပ်မကြီးက ခေါင်းကို တဆတ်ဆတ်ငြိမ့်ပြတယ်။

“အမေ၊ဟုတ်တယ်။ ဒါသမီးအမေဘဲ။ ဝမ်းသာလိုက်တာအမေရယ်”



ဆိုပြီး မသူဇာလေးကပြောတယ်။ အဲဒီနေ့က စပြီး မသူဇာလေးဟာ အိမ်အလုပ်တွေကို အမြန်ပြီးအောင်လုပ်ပြီးရင် ရေခပ်ဆင်းတယ်။ ရေခပ်ဆင်းချိန်ဆိုရင် တစ်ခေါက်တစ်ခေါက် အကြာကြီးပဲတဲ့။ မြစ်စပ်ကနေအမေရေလို့ အော်ခေါ်လိုက်ရင် ကမ္ဘာလိပ်မကြီး ပေါ်လာတယ်။ မသူဇာက ကမ္ဘာလိပ်မကြီးကိုဖက်ရင်း သူပြောချင်တဲ့ စကားတွေကို ရင်ဖွင့်ပြောပြတတ်တယ်။ ကမ္ဘာလိပ်မကြီးက လူစကား ပြန်မပြောတတ်ပေမဲ့ မသူဇာပြောသမျှ နားထောင်ရင်း နှစ်သိမ့်အားပေးတဲ့မျက်လုံးမျိုးနဲ့ ကြည့်တတ်တယ်။

မသူဇာရေခပ်ဆင်းတိုင်း ကြာနေတာကို အစပိုင်းမှာ မိထွေးကြီးတို့ သားအမိတွေ သတိမထားမိပေမဲ့နောက် တစ်ဖြည်းဖြည်း သတိထားမိလာတယ်။

"ဟဲ့ ဟိုကောင်မ ရေခပ်သွားတာ တစ်ခေါက်တစ်ခေါက်ကြာပါလား"

မိထွေးကြီးက ပြောလိုက်ရင်ပဲ သမီးနှစ်ယောက်က ထောက်ခံတယ်။

"ဟုတ်တယ်အမေ။ သမီးလည်း ပြောမလို့။ ဒီကောင်မ ရည်းစားရနေသလားမသိဘူး"

"ဟုတ်တယ်။ သမီးလည်း သတိထားမိတယ်။ အိမ်အလုပ်တွေ အမြန်လုပ်ပြီး ရေခပ်ဆင်းဖို့ပဲ သူလုပ်နေတာ"

မိထွေးကြီးက . . .

"ငါတို့လိုက်ချောင်းရအောင်"လို့ပြောတော့ သမီးနှစ်ယောက်က ထောက်ခံတယ်။ မိထွေးကြီးတို့သားအမိသုံးယောက်ဟာ မသူဇာရေခပ်တဲ့မြစ်ဆိပ်ကိုတိတ်တိတ်လိုက်သွားတယ်။

"ရှူး . . . ဟိုမှာကြည့်စမ်း"

မိထွေးကြီးဟာ သူမြင်တွေ့လိုက်ရတဲ့မြင်ကွင်းကြောင့်တအံ့တသြဖြစ်သွားတယ်။မသူဇာလေးက မြစ်စပ်မှာ ဒူးတုပ်ထိုင်နေတယ်။ မသူဇာရဲ့ ပေါင်ပေါ်မှာ မြစ်ထဲကခေါင်းလေး ပေါ်နေတဲ့လိပ်ကြီးက မေးတင်ထားတယ်။ မသူဇာက တတွတ်တွတ်နဲ့ သူပြောချင်တဲ့စကားတွေ ပြောပြနေတယ်။

"အမေရယ်. . . သိလား။ အဖေယူထားတဲ့ နောက်မိန်းမကြီးက သမီးကိုအရမ်း နှိပ်စက်တာပဲ။ သမီးလေ အလုပ်တွေ အများကြီး လုပ်ရတယ်။ ထမင်းလည်း ဝအောင မကျွေးဘူး။ ဒီနေ့လည်း ပန်းကန်တစ်ချပ်ကွဲလို့ ဆိုပြီး သမီးလက်ကို ရိုက်ထားတာ လက်ဖဝါးတွေရဲနေပြီ"

ကမ္ဘာလိပ်မကြီးက သူ့ရဲ့ခေါင်းလေးနဲ့ မသူဇာရဲ့လက်ဖဝါးတွေကို ပွတ်သပ်ပေးတယ်။ အံ့သြစရာမြင်ကွင်းကို ရအောင်ချောင်းပြီး မိထွေးကြီးတို့သားအမိတွေ အိမ်ပြန်လာကြတယ်။

မချောပိုကပြောတယ်။

"အမေ၊ အဲဒီလိပ်ကြီးက မသူဇာအမေလား"

"အင်း . . . ဖြစ်နိုင်တယ်သမီး။ မသူဇာအမေကရေထဲကျသေတာဆိုတော့ ရေသတ္တဝါကြီး ဖြစ်နိုင်တယ်။ ဒီလိပ်ကြီးဟာ မသူဇာနဲ့ ယဉ်ပါးနေတော့ သူ့အမေ ဖြစ်ဖို့များတယ်"

မလှပိုက ပြောတယ်။

"အဲဒီလိပ်ကြီးကို သတ်ပြီး ကျွန်မတို့ ချက်စားရအောင်"

"အေးကောင်းသာပဲ။ဒါပေမဲ့ငါတို့လိပ်ကြီးဖမ်းဖို့ မလွယ်ဘူး၊ မသူဇာအဖေကို ဖမ်းခိုင်ရမယ်"

မိထွေးကြီးဟာ ညနေစောင်းချိန် တံငါကြီး ငါးဖမ်းက ပြန်လာခါနီးမှာစောင်ကြီးခြုံလို့ ဖျားချင်ဟန်ဆောင်နေတာပေါ့။ တံငါကြီးက ပြန်လာတော့ ထွက်ကြိုနေကျ မိန်းမကိုမတွေ့လို့ မေးတာပေါ့။

"သမီးရေ ချောပို၊ လှပို၊ မသူဇာ နင်တို့အမေရော"

ချောပိုနဲ့ လှပိုက သူတို့တိုင်ပင်ထားတဲ့အတိုင်း ဖြေကြတယ်။

"အဖေ၊ အမေဖျားနေတာအရမ်းပဲ။ မိန်းမရော ဂါဆိုတော့ လိပ်သားချက်ကျွေးရမယ် လို့ ဆေးဆရာဦးတုတ်ကြီးက ပြောတယ်"

"ဟုတ်တယ်အဖေ၊အကေလည်းလိပ်သားစားချင်လို့"တဲ့။

တံငါသည်ကြီးက ဖျားချင်ဟန်ဆောင်နေတဲ့ သူမိန်းမ နားကပ်သွားတော့ မိထွေးကြီးက မူရာမာယာများများနဲ့ပြောတာပေါ့။

"အစ်ကိုရယ်။ကျွန်မမှာတစ်နေ့တစ်နေ့အလုပ်တွေလုပ်ရတာပင်ပန်းလွန်းတော့ဖျားပြီးတစ်ကိုယ်လုံး ကိုက်ခဲနေတာပဲ။ ဆေးဆရာကြီးပေးတဲ့ ဆေးတော့ သောက်ပြီးပြီ။ မပျောက်သေးဘူး။ လိပ်သားစားရရင် ရောဂါပျောက်မယ်။ စားချင်လိုက်တာ"

တံငါကြီးက စဉ်းစားတယ်။

"မိန်းမရယ်၊ ငါ ငါဖမ်းလာတာကြာပြီ။ ငါတို့မြစ်ထဲမှာ တစ်ခါမှ လိပ်မရခဲ့ဘူး"

လို့ ပြန်ဖြေတယ်။ ချောပိုက ဝင်ပြီး

"မပူနဲ့အဖေ။ ဟောဒီမြစ်ထဲမှာ လိပ်မကြီးအကြီးကြီးတစ်ကောင်ရှိတာ သမီးတွေ့ထားတယ်"

သူတို့ပြောနေတဲ့စကားကို နားထောင်နေတဲ့ မသူဇာလေးဟာ ထိတ်လန့်လွန်းလို့ မေ့လဲမတတ် ခံစားရတယ်။ မသူဇာဟာ အိမ်ထဲကနေ တဟုန်ထိုးမြစ်ဆိပ်ဖက် ပြေးသွားတယ်။ လှပိုက တံငါသည်ကြီးကို . . .

"အဖေအဲဒီလိပ်ကြီးကမသူဇာနဲ့ခင်တယ်၊အခုမြစ်ဆိပ်ကို လိုက်ချောင်းရင် လိပ်ကြီးကို တွေ့ရလိမ့်မယ်"လို့ ပြောတယ်။

တံငါသည်ကြီးက စိတ်မြန်လက်မြန် ပိုက်ကွန်ဆွဲ ပြီး အခုပဲ လိပ်ဖမ်းမယ်ဆိုပြီး ထွက်လာတယ်။ ချောပို၊လှပိုနဲ့ မိထွေးကြီးပါ ဝိုင်းကူပေးဖို့ လိုက်လာကြတယ်။

မြစ်ဆိပ်က မြင်ကွင်းက သနားစရာပါ။ မသူဇာကလိပ်မကြီးရဲ့ဦးခေါင်းကို ပွတ်သပ်ရင်းငိုကျွေးနေတယ်။

"အမေရေ၊ အမေ့ကိုဖမ်းပြီးသတ်၊ အသားကို ချက်စားဖို့ သူတို့လုပ်နေပြီအမေရဲ့။ ဒီနားမှာ မနေပါနဲ့တော့"

လို့မသူဇာကပြောတယ်။လိပ်မကြီးက သမီးဆိုတဲ့ သံယောဇဉ်ကြောင့် မပြေးဘဲ မျက်ရည်တွေ ကျတာပေါ့။ တံငါသည်ကြီးက လိပ်မကြီးကို ဖမ်းဖို့ မသူဇာကို ဖယ်ခိုင်းတယ်။

"မသူဇာ၊ လွတ်လွတ်ကင်းကင်း ဖယ်စမ်း။ ငါပိုက်ကွန်ပစ်မလို့"

"အဖေရယ်... မလုပ်ပါနဲ့ အမေ့ကို မလုပ်ပါနဲ့" လို့ မသူဇာလေးက ဖယ်မပေးဘဲ ငိုကြွေးတယ်။

"ဘာအမေလဲ။ လိပ်ကြီးက ဘယ်လိုလုပ် နင့် အမေ ဖြစ်နိုင်မှာလဲ၊ အခု အိမ်က နင့်အမေရဲ့ရောဂါကို လိပ်သားချက်ကျွေးမှ ပျောက်မှာ၊ ဒီလိပ်ကို ဖမ်းကိုဖမ်းရမယ်" လို့ တံငါကြီးက ပြန်ပြောတယ်။ တံငါသည်ကြီးက မျက်ရိပ်ပြလိုက်တော့ ချောပိုနဲ့ လှပိုက မသူဇာကို ဝိုင်းပြီး ဖမ်းချုပ်ကြတယ်။ မသူဇာဟာ သူ့ကို ဝိုင်းဖမ်းချုပ်ထားတဲ့ကြားက "အမေ . . . ပြေးလေ။ အမေ မြန်မြန်ပြေးလို့ အော်ရှာတယ်။ ကမ္ဘာလိပ်မကြီးဟာ သမီးမသူဇာလေးရဲ့ သံယောဇဉ်ကြောင့် မပြေးနိုင်ဘဲ တံငါကြီးရဲ့ပိုက်ကွန်မှာ အဖမ်းခံလိုက်ရတယ်။

မိထွေးကြီးကိုယ်တိုင် ကမ္ဘာ့လိပ်မကြီးကိုသတ်တယ်။ မိထွေးကြီးက လိပ်သေကြီးကို မသူဇာ လက်ထဲအပ်တယ်။

"မသူဇာ . . . လိပ်သားဟင်း ကောင်းကောင်း ချက်စမ်း"

မသူဇာဟာမျက်ရည်ကျရင်းအမေလိပ်မကြီးရဲ့ အသားကို ချက်ရတာပေါ့။ ချက်ပြီးတော့ မိထွေးကြီးတို့သားအမိတွေဟာ မြိန်မြိန်ယှက်ယှက် စားကြတယ်။ မသူဇာကိုလည်း ဟင်းတစ်ပန်းကန် ပေးတယ်။

"ရော့။ နင်စားဖို့... လိပ်သားက အားရှိတယ်"

မသူဇာလေးက သူ့အမေရဲ့အသားကို ဘယ်စား ရက်မလဲ။ မသူဇာဟာခြံထောင့်မှာတွင်းတူးပြီးလိပ်သားဟင်းကို မြေမြှုပ်လိုက်တာပေါ့။

"သမီးကိုခွင့်လွှတ်ပါအမေ၊ သမီးသံယောဇဉ်ကြောင့် အမေသေရတာ။ အမေ ကောင်းရာသုဂတိရောက်ပါစေ" လို့ ဆုတောင်းတယ်။

ရက်မကြာခင်မှာ လိပ်သားဟင်းမြှုပ်ထားတဲ့ နေရာက အပင်တစ်ပင်ပေါက်လာတယ်။ အဲဒီအပင်မှာ ရွှေရောင်ဝင်းနေတဲ့ပန်းသီးတွေ သီးနေတယ်။ အဲဒီပန်းသီးတွေဟာ ဘယ်သူမှ ခူးလို့မရဘူး။ မသူဇာကိုယ်တိုင် ခူးမှသာရတယ်။ အဲဒီပန်းသီးရဲ့ အရသာဟာ သိပ်ကိုချိုမြိန်ပြီး ရင်ထဲအေးမြအမောပြေတယ်တဲ့။ ပန်းသီးတစ်ကိုက်စားရတာနဲ့ ခွန်အားတွေ ပြည့်စေတယ်။ မသူဇာဟာ ပန်းသီးတွေခူးပြီး ရွာထဲဝေပေးတယ်။ ဒါပေမဲ့ အဲဒီပန်းသီးကို မသူဇာအဖေ၊ မိထွေးကြီးနဲ့ သူ့သမီး နှစ်ယောက် တစ်ခါမှ မစားဖူးဘူး။ ပန်းသီးကို ကိုက်လို့ သူတို့ပါးစပ်ထဲရောက်တာနဲ့ ပုပ်အဲ့အဲ့အနံ့ဆိုးနဲ့လောက်တွေ တဖွားဖွားကျလာတာမို့ ဘယ်လိုမှ စားလို့မရဘူးတဲ့။

သူတို့တိုင်းပြည်ကို အုပ်ချုပ်တဲ့ ဘုရင်ကြီးရဲ့ သားတော်မင်းသားလေးဟာ တောကစားထွက်ရင်း မောပန်းရေငတ်လို့ ရေတောင်းသောက်ဖို့ မသူဇာတို့ခြံထဲဝင်လာတယ်။

"နမ၊ ရေတစ်ခွက်လောက်သောက်ပါရစေ"

မချောပိုက ပျာပျာသလဲ ရေခပ်ပေးတယ်။ လှပိုကယပ်တောင်တစ်ချောင်းနဲ့ ယပ်ခတ်ပေးတယ်။ မင်းသားလေးဟာ ခဏထိုင်နေရင်း

ခြံထောင့်က ရွှေရောင်ပန်းသီးပင်ဟာ တွေ့သွားတယ်။

"ဟာ ရွှေရောင်ဝင်းနေတဲ့ ပန်းသီးတွေ အများကြီးပါလား၊ အဲဒါ ဘယ်သူ့အပင်လဲ"

ချောပိုက-

"ကျွန်မအပင်ပါ"လို့ ဖြေတယ်။

လှပိုကလည်း-

"အဲဒါကျွန်မအပင်"လို့ ဖြေတယ်။ မသူဇာက ဝင်ပြီး-

"သူတို့ညာတာ၊ အဲဒီပန်းသီးကို အပင်ပိုင်ရှင်ပဲ ခူးလို့ရတယ်။ အရှင့်သား ခူးခိုင်းကြည့်ပါ"လို့ ရဲရဲဝံ့ဝံ့ပြောလိုက်တယ်။ မင်းသားလေးကပြုံးရင်း-

"ဒါဆို ပန်းသီးတစ်လုံးစီ ခူးပြီးဆက်သပါ။ ရွှေရောင်ဝင်းတဲ့ပန်းသီးပင်ရဲ့ပိုင်ရှင်သခင်မကိုမိဖုရားမြှောက်ပြီး နန်းတော်ခေါ်သွားမယ်"

လို့ ခိုင်းတာပေါ့။ မချောပိုရော၊ မလှပိုပါ ပန်းသီးပင်အောက်သွားပြီး ပန်းသီးတစ်လုံးရဖို့အတွက် ကြိုးစားပန်းစားခူးကြတယ်။ ပန်းသီးဟာ သူတို့လက်ထဲ လုံးဝပါမလာဘဲ အပင်မှာပဲ ခိုင်မြဲစွာ တွယ်တာနေတယ်။

မသူဇာလေးက ပန်းသီးပင်အောက်သွားပြီး-

"အမေ၊ သမီးကို ပန်းသီးလေးတစ်လုံးပေးပါ" ဆိုတော့ လက်ဝါးထဲကို ကြီးမားလှပတဲ့ ရွှေရောင် ပန်းသီးကြီး ကြွေကျလာတယ်။ မသူဇာက အဲဒီ ပန်းသီးကို မင်းသားလေးလက်ထဲ ဆက်သလိုက်တာပေါ့။ မင်းသားလေးဟာ ပန်းသီးကို တစ်ကိုက် ကိုက်စားလိုက်တယ်။ ချိုမြိန်အေးမြတဲ့ ပန်းသီးရဲ့ အရသာဟာ မင်းသားလေးရဲ့ပါးစပ်ထဲမှာ စွဲသွားတယ်။ မောပန်းသမျှ ဖြေပျောက်ပြီး ခွန်အားတွေ တိုးလာတယ်။

"တယ်ကောင်းတဲ့ ပန်းသီးပါလား၊ ပန်းသီးပိုင်ရှင်ရဲ့ အလှကလည်း မောင်တော့်ရင်ထဲ စွဲနေပါပြီ"

လို့ မသူဇာကိုကြည့်ပြီး မင်းသားလေးကပြောတယ်။ မကြာခင်မှာ မင်းသားလေးရဲ့ နောက်လိုက်တွေရောက်လာတဲ့အခါ မသူဇာလေးက ရွှေရောင်ပန်းသီးတွေ ခူးကျွေးတယ်။ မင်းသားလေးဟာ နန်းတော်အပြန်မှာ မသူဇာလေးကိုပါ လက်ထပ်ပြီး ခေါ်ဆောင်သွားတယ်။

ရွှေရောင်ဝင်းတဲ့ပန်းသီးပင်ရဲ့သခင်မ မသူဇာလေးဟာ အိမ်ရှေ့မင်းသားရဲ့ကြင်ယာတော်အဖြစ် နန်းတော်ကြီးကို ပျော်ရွှင်စွာ ပါသွားတာပေါ့ကွယ်။

ကလေးတို့လည်း ဒီပုံပြင်ကိုဖတ်ပြီးပုံပြင်ထဲက မသူဇာလေးလို စိတ်ထားကောင်းရမယ်။ သနားကြင်နာတတ်ရမယ်နော်။

တံငါသည်ကြီးလို ဒေါသမကြီးရဘူး။ မိထွေးကြီးနဲ့ သမီးနှစ်ယောက်လိုကောက်ကျစ်ယုတ်မာတဲ့ စိတ်တွေ မမွေးရဘူးနော်။ ဒီလပုံပြင်လေးက ဒါပါပဲကွယ်။

သန္တာမြတ်သောင်း

မြော်ဝတ်ရုံ

ဟိုးရှေးရှေးက တရုတ်ပြည်မှာ အဘွားအိုတစ်ဦးကသူ့သားဖြစ်သူချန်နဲ့အတူနေထိုင်တယ်။ အဘွားအိုဟာသူရက်လုပ်တဲ့ဘရိကိတ်ထည်တွေကြောင့်ကျော်ကြားတယ်။သူရက်လုပ်တဲ့ အထည်တွေမှာ ပန်းပွင့်တွေငှက်တွေနဲ့ တိရစ္ဆာန်လေးတွေပုံကို ရွှေအပ် ငွေအပ်တွေနဲ့ ဆေးရောင်စုံပိုးချည်မျှင်တွေနဲ့တကယ်အသက်ဝင်နေသလားထင်ရအောင်အဘွားအိုက ရက်လုပ်တယ်။ တစ်နေ့မှာအဘွားအိုဟာ ဘရိကိတ်အလိပ်တစ်လိပ်ယူပြီး စျေးကိုသွားကာ မြန်မြန်ရောင်းလိုက်တယ်။ပြီးတော့သူ့အိမ်အတွက်လိုအပ်တဲ့ပစ္စည်းတွေကိုလှည့်ပတ်ဝယ်တယ်။ ချက်ချင်းလိုလိုပဲ ဆိုင်တစ်ဆိုင်မှာ သူရပ်လိုက်တယ်။



အဘွားအိုက ဆိုင်ထဲမှာ ချိတ်ဆွဲထားတဲ့ဆေးရောင်စုံ ပုံလှလှတစ်ခုကို တွေ့လိုက်တယ်။

“အိုး လှလိုက်တဲ့ရုပ်ပုံကားချပ်ကလေး”

လို့ သူရေရွတ်မိတယ်။ ရုပ်ပုံထဲမှာ လှပတဲ့ နန်းတော်တစ်ခုရဲ့ပုံကို အရောင်စုံရေးဆွဲထားပါတယ်။ ဆိုင်ရှင်ကသူ့ကိုမေးတယ်။

“ဒါကိုခင်ဗျားကြိုက်လား”

“ ဒါကနေနန်းတော်ရဲ့ပုံပါ။ ဒီနန်းတော်က အရှေ့ဖျားမှာ ရှိပြီး နတ်သမီးတွေရဲ့အိမ်ဖြစ်တယ်လို့ လူတွေ ပြောကြတယ်”

“ ဒီပုံက အံ့သြစရာကောင်းလောက်အောင် တကယ့်အစစ်နဲ့အတိုင်းပဲ ”

အဘွားအိုကပြောရင်းတစ်စက္ကန့်တောင်မဆိုင်းဘဲပုံကို ဝယ်လိုက်တယ်။

သူ့အိမ်လေးကိုပြန်ရောက်တော့အဘွားအိုက သူသားကိုပုံပြလိုက်တယ်။
“ ဒီပုံကိုအမေ ဘရိုကိတ်ပေါ်မှာဘာလို့မရက်တာလဲ” သူသားကအကြံပေးတယ်။
“ ဒါသိပ်ကောင်းတဲ့ အကြံပဲလို့ အမေထင်တယ်။ အခုချက်ချင်းစရက်မယ် ”
အဘွားအိုဟာ သူရဲ့ရက်ကန်းစင်ကိုပြင်ပြီး ချက်ချင်းရက်တော့တယ် နာရီပေါင်းများစွာသူ
ရက်လုပ်တယ်။ ရက်ပေါင်းများစွာ ရက်သတ္တပတ်ပေါင်းများစွာ မစားနိုင်မအိပ်နိုင်လောက်
အောင် ရက်လုပ်ပါတယ်။ တစ်နေ့မှာချန်က စိတ်ပူပင်စွာနဲ့ပြောရှာတယ်။
“ အမေ၊ အနားယူပါဦး ”
“ချန်ရေ . . . အမေရပ်ဖို့ သိပ်ခက်တယ်။ ဒါကိုရက်လုပ်နေချိန်မှာ အမေကိုယ်တိုင်
နေနန်းတော်ထဲ ရောက်နေသလို ခံစားရတယ်”



အဘွားအိုကရောင်းချရန် ဘရိုကိတ်များ ရက်လုပ်ခြင်းမရှိတော့သည့်အခါ သူတို့၏စားဝတ်နေရေးအတွက် ချန်ကထင်းခုတ်ရောင်းရပါတယ်။ လများကုန်လွန်လာသည်နှင့်အမျှ အဘွားအို၏ ယကန်းပေါ်တွင် ပုံကပေါ်လွင်လာတယ်။ တစ်နေ့တွင် ချန်ဝင်လာသည့်အခါ ယကန်းပေါ်တွင် ဘာမှမရှိဘဲရှိုက်ကြီးတငင် ငိုနေသောသူ့အမေကိုသာတွေ့တယ်။ ချန်က အထိတ်တလန့်ဖြစ်ကာ မေးလိုက်တယ်။

“ ဘာဖြစ်လို့လဲအမေ ”

အဘွားအိုက သူ့ကိုမျက်ရည်များဖြင့် ကြည့်ပြီး။

“ချန်နောက်ဆုံးမှာ ဘရိုကိတ်ရက်လို့ ပြီးသွားပြီ”

ဘရိုကိတ်ကိုကြမ်းပေါ်တွင်ခင်းထားသည်။



“ ဒါတကယ့်အစစ်ကျနေတာပဲ”


ချန်ကတအံ့တသြပြောလိုက်တယ်။

“ ဒီထဲကိုခုန်ဝင်လို့ရတယ်လို့ကျွန်တော်ခံစားရတယ်”

ဒီခဏမှာ အိမ်လေးထဲကိုလေညင်းလေးတိုးဝင်လာတယ်။ ဒီလေကဘရိုကိတ်စကိုပင့်တင်ပြီး ပြတင်းပေါက်ဖက်ကို တွန်းပို့ကာ လေထဲမှာသယ်သွားတော့တယ်။ အဘွားအိုနဲ့ သူသားက ပြေးလိုက်ပေမဲ့ အချည်းနှီးပါပဲ။

“ သွားပြီ ” လို့

အော်ပြီးအဘွားအိုဟာမူးမေ့သွားတော့တယ်။



ချန်ကအလွန်စိတ်ပူသွားတယ်။
အမေ့ကိုအထဲသယ်သွားပြီးသူဘေးမှာ
နာရီများစွာကြာအောင်ဘေးတွင်ထိုင်နေလေတယ်။
နောက်ဆုံးတွင်အဘွားအိုကသူ့မျက်လုံးများဖွင့်လိုက်တယ်။
အားနည်းစွာဖြင့်သူကပြောလိုက်တယ်။
“ ချန်ဒီအစကိုရအောင်ပြန်ယူရမယ်။ ဒါမရှိပဲ အမေ အသက်မရှင်နိုင်ဘူး”
“မပူပါနဲ့အမေ၊ ကျွန်တော်ချက်ချင်းသွားပါ့မယ် ”
လိုအပ်တဲ့ပစ္စည်းတွေစုပြီး ချန်ကအရှေ့ဖက်သို့ထွက်ခဲ့တယ်။ နာရီပေါင်းများစွာကြာအောင်
သူလမ်းလျှောက်တယ်။ရက်ပေါင်းများစွာရက်သတ္တပတ်ပေါင်းများစွာကြာတယ်။ဘရိုကိတ်
ရဲ့အစအနတောင် မတွေ့ပါဘူး။

တစ်နေ့မှာ ထီးတည်းရှိနေတဲ့ တဲအိမ်တစ်လုံးအနားကို ချန်ဖြတ်လျှောက်တယ်။ ပါရေတွန့်နေတဲ့အဘွားအိုတစ်ယောက်ကတံခါးမှာထိုင်ပြီးဆေးတံဖွာနေတယ်။သူ့အနားမှာမြင်းတစ်ကောင်က ကြည့်နေတယ်။

“ဟော့. . . သူငယ်လေး၊ ဘယ်အရာကများ သင့်ကို အိမ်နဲ့ဝေးရာကို တွန်းပို့လိုက်တာလဲ”

“ကျွန်တော်အမေရဲ့ဘရိုကိတ်ကို ရှာနေတာပါ။ အဲဒါက လေတိုက်ပြီး ပါသွားတာလေ”

“ဟုတ်ပြီးနေနန်းတော်ပုံဘရိုကိတ်လား။နတ်သမီးတွေကလေကိုလွှတ်ပြီးသူတို့ရက်လုပ်ဖို့ပုံစံအဖြစ် ယူသုံးတာလေ”

“ကျွန်တော်အမေကလည်းအဲဒါမရှိရင်သေလိမ့်မယ်”

“ကောင်းပြီ၊ဒါဆို ဒါကိုမင်းပြန်ယူရမှာပေါ့။ ဒါပေမဲ့ နေနန်းတော်ကိုလမ်းလျှောက်သွားလို့မရဘူးကွယ့်။ ငှါးမြင်းကိုစီးသွားရင်ကောင်းမယ်။ သူက မင်းကိုလမ်းလည်း ပြလိမ့်မယ်”

“ကျေးဇူးတင်ပါတယ်အဘွား”

ချန်ကယဉ်ကျေးစွာပြောလိုက်ပါတယ်။



ဒီအခါမှာ အဘွားအိုက ပြောလိုက်တယ်။

“အို ငါ့ကိုကျေးဇူးမတင်နဲ့ဦး၊ လမ်းမှာမီးလောင်နေတဲ့ တောင်တွေက မီးတောက်တွေကို ဖြတ်သန်းရမယ်။ ညည်းသံတစ်ချက်ထွက်တာနဲ့ မင်းပြာဖြစ်သွားမယ်။ ဒါပြီးရင် ရေခဲပင်လယ်ကို ဖြတ်ရမယ်။ တစ်ချက်ညည်းတွားလိုက်ရင် ချက်ချင်းခဲပြီး ရေခဲတုံးဖြစ်သွားမယ်။ မင်းသွားချင်သေးလား”

“ကျွန်တော့်အမေရဲ့ဘရိုကိတ်ကိုပြန်ယူရမယ်”

ဒီလိုပြောပြီး ချန်က မြင်းပေါ်တက်ကာ စီးထွက်သွားပါတော့တယ်။ သိပ်မကြာမီမှာ မီးတွေတောက်နေတဲ့ တောင်တစ်လုံးထိပ်ကို ရောက်လာတယ်၊ ခြေတစ်လှမ်းမတုံ့ပဲ မြင်းက တောင်ပေါ်ကို စတက်ပါတယ်။ ဒီနောက် ရေခဲတွေနဲ့ပြည့်နေတဲ့ ပင်လယ်ပြင်တစ်ခုပေါ် ရောက်ကြပြန်ရော၊တစ်ချက်ကလေးတောင်မဆိုင်းပဲမြင်းကရေခဲပြင်ကိုဖြတ်သွားပါတယ်။ ချန်ကတော့ခိုက်ခိုက်တုန်အောင်ချမ်းနေတာပေါ့။ နောက်ဆုံးမှာ နေနန်းတော်ဆီ သူတို့ ရောက်လာကြတယ်။



ချန်က မြင်းပေါ်က ဆင်းပြီးနန်းတော်ထဲ အမြန်ပြေးဝင်သွားတယ်။ နတ်သမီးတွေအများကြီး သူတို့ရဲ့ ရက်ကန်းစင်တွေမှာ နတ်သမီးတွေထိုင်နေကြတဲ့ ခန်းမကျယ်ကြီးတစ်ခုထဲကို သူရောက်လာတယ်။ ချန်ကိုကြည့်ဖို့ သူတို့အတူတူလှည့်လိုက်ကြတယ်။ ရက်ကန်းတစ်ခုစီမှာ သူ့အမေရဲ့ဘရိကိတ်ပုံတူ တစ်ခုရှိပြီးအခန်းအလယ်မှာ သူအမေရဲ့ဘရိကိတ်ကို ချိတ်ဆွဲထားတယ်။ ဒီခဏမှာ နတ်သမီးတစ်ပါးကရက်ကန်းကနေ ထလာပြီးသူကိုနှုတ်ဆက်တယ်။

“ကျွန်မနာမည် လီအန်ပါ။ ကျွန်မကရှင့်ကို နေနန်းတော်ဆီ ဖိတ်ခေါ်ပါတယ်။ ရှင်ဟာဒီကို ရောက်လာတဲ့ ပထမဆုံးလူသားပါ။ ဘယ်လိုအကြောင်းကြောင့်ရှင်ဒီကိုရောက်လာခဲ့ပါသလဲ ”

နတ်သမီးက သိပ်လှလို့ ချန်ဟာစကားမပြောနိုင်ပဲ စိုက်ကြည့်နေမိတယ်။





အချိန်အတော်ကြာတော့ ချန်ကစကား စပြောတယ်။

"မိန်းကလေး ကျွန်တော့်အမေရဲ့ ဘရိုကိတ်အတွက် လာရတာပါ"

"ဒါဆိုရှင်ကမုဆိုးမကြီးရဲ့သားလား" လီအန်းကပြောတယ်။


"အဲဒီ ဘရိုကိတ်ကို ကျွန်မတို့ဘယ်လောက်နှစ်သက်သလဲ၊ ကျွန်မတို့က ဒီဘရိုကိတ်ကို ကျွန်မတို့ တတ်နိုင်သလောက် ဒီမှာထားချင်တာ"

"ကျွန်တော်ကလည်း ဒါကို အိမ်ပြန်ယူသွားရမယ်။ မဟုတ်ရင်အမေသေမှာဗျ" ချန်ကစိတ်တိုတိုနဲ့ပြောလိုက်တယ်။

လီအန်က တုန်လှုပ်သွားပြီး ချက်ချင်းပဲ တီးတိုးသံတွေ အခန်းထဲမှာ ထွက်ပေါ်လာတယ်။ အခြားသူတွေနဲ့သူက တိုးတိုး တိုးတိုးပြောတယ်။ ပြီးတော့ ချန့်ဆီပြန်လာတယ်။

“ကျွန်မတို့က သူ့ကို ဒီလိုမဖြစ်စေချင်ဘူး။ ဒီတစ်နေ့ပဲဘရိုကိတ်ကို ကျွန်မတို့ယူထားပါရစေရှင်။ ဒါဆိုကျွန်မတို့ အထည်တွေကို လက်စသတ်နိုင်မှာပါ။ နက်ဖြန် ရှင့်ကိုဘရိုကိတ် ပြန်ပေးမှာပါ ”

“ကျေးဇူးတင်ပါတယ်၊ မိန်းကလေး ”



နတ်သမီးတွေက သူတို့ရဲ့အထည်စတွေကို အချောသပ်ဖို့အလုပ်ရှုပ်နေကြပါတယ်။ ချန်ကလီအန်ရက်ကန်းခတ်နေတဲ့အနားထိုင်တယ်။ သူကလူ့ဝဘက သူ့အကြောင်းတွေပြောပြပြီး နတ်သမီးကလည်း နေနန်းတော်က ဘဝကိုသူ့ကိုပြောပြတယ်။ မှောင်လာတဲ့အခါ နတ်သမီးများက မှော်ပုလဲတစ်လုံးရဲ့ အလင်းရောင်နဲ့အလုပ်ဆက်လုပ်ကြတယ်။ ခဏအကြာမှာ ချန်ကနှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားတယ်။ နတ်သမီးတွေက တစ်ပါးပြီး တစ်ပါးအလုပ်လက်စသတ်ပြီးထသွားကြတယ်။နောက်ဆုံးကျန်သူကလီအန်ပဲ။သူလက်စသက်ပြီးချန်မှာ မိုးလင်းလုပြီ။



လီအန်ကသူ့အထည်စကို ရက်ကန်းကနေ ဖြတ်ထုတ်လိုက်တယ်။ ပြီးတော့အဘွားအိုရဲ့ ဘရိုကိတ်နားမှာ ယှဉ်ချထားလိုက်တယ်။ သူ သက်ပြင်းချလိုက်တယ်။

“ကျွန်မအထည်ကကောင်းပါတယ်။ ဒါပေမဲ့ အဘွားအထည်ကတော့ အတောက်ပဆုံးပဲ ”


“ကျွန်မတို့ကို သူလာပြီးသင်ပေးရင် သိပ်ကောင်းမှာပဲ ”

“ဒီနောက်မှာ လီအန်ကအကြံတစ်ခုရလာတယ်။ အပ်တစ်ချောင်း ချည်မျှင်တစ်စနဲ့ အဘွားအိုရဲ့ ဘရိုကိတ်ထဲကနန်တော်လှေကားထစ်မှာ သူပုံလေးကိုထိုးလိုက်တယ်။ ဂါထာတစ်ပုဒ်ကို သူတိုးတိုးလေးရွတ်တယ်။ ပြီးတော့ချန်ကိုပြုံးပြီးအကြာကြီးကြည့်ကာ ခန်းမထဲကနေထွက်သွားတယ်။



ချန်အိပ်ရာက နိုးလာတဲ့အခါ နေမြင့်နေပါပြီ။ သူကခန်းမထဲမှာ လီအန်ကိုပတ်ရှာတယ်။ ဒါပေမဲ့တစ်ယောက်မှ မတွေ့ပါဘူး။ သူကခန်းမထဲကပြေးထွက်တယ်။ သူ့အမေရဲ့ဘရိုကိတ်ကိုယူပြီး မြင်းပေါ်ခုန်တက်တယ်။ ရေခဲပင်လယ်နဲ့ မီးလှုံတောင်တွေကိုဖြတ်ပြေးပါတယ်။ အဘွားအိုရဲ့ အိမ်ကိုသူရောက်တဲ့အခါ အဘွားအိုက တံခါးဝမှာသူကိုရပ်စောင့်နေတယ်။ "မြန်မြန်လာပါချန်၊ ရှင့်အမေသေကာနီးဖြစ်နေပြီ။ ဒီဖိနပ်တွေစီးလိုက်ပါ။ မဟုတ်ရင် ရှင် အချိန်မီရောက်မှာ မဟုတ်ဘူး"

ချန်က ဖိနပ်အမြန်စီးလိုက်တယ် တစ်လှမ်း၊ နှစ်လှမ်း၊ သုံးလှမ်း၊ ဒီနောက်မှာတော့ လမ်းတလျှောက် သူမယုံနိုင်တဲ့ နှုန်းနဲ့ပြေးလွှားသွားပြီး ဘယ်လောက်မှ မကြာခင်အိမ်ကို ရောက်သွားတယ်။



အိမ်ထဲကိုသူပြေးဝင်သွားပြီး အိပ်ယာပေါ်မှာ သေလုမျောပါးဖြစ်နေတဲ့ သူအမေကို တွေ့ရတယ်။ အမေက တိတ်ဆိတ်ပြီးဖြူဖျော့နေတယ်။ အဘွားအိုရဲ့ မျက်လုံးတွေ ဖြည်းဖြည်းချင်း ပွင့်လာတယ်။

“ချန်” “အမေ့ဘရိုကိတ်လား”

တစ်ခဏအတွင်း သူမျက်နှာပေါ်မှာ အရောက်တွေတောက်လာပြီး သူက အားရှိပုံပေါ်လာတယ်။

ချန်က။ အမေ သေချာကြည့်လို့ရအောင် အလင်းရောင်လိုတယ်။ အပြင်သွားကြမယ် သူအမေ အပြင်ကိုသွားနိုင်ဖို့ချန်ကကူညီပေးတယ်။ဘရိုကိတ်ကိုကျောက်တုံးတစ်ပေါ်တင်ထားလိုက်တယ်။ ဒီခဏမှာ လေတစ်ချက်ဝှေ့လာပြီး ဘရိုကိတ်ကလေထဲကို တဖြည်းဖြည်းတက်လာတယ်။ ဘရိုကိတ်က တဖြည်းဖြည်းချင်းကြီးလာပြီး တကယ့်နန်းတော်အရွယ်အစားအတိုင်းဖြစ်လာတယ်။ လှေကားထစ်တွေမှာနတ်သမီးလေးရပ်နေတယ်။

လီအန်လေ . . . လီအန်က သူတို့ကို ခေါ်နေတယ်။

မြန်မြန်၊ ဘရိုကိတ်ထဲကိုအမြန်လှမ်းဝင်ပါ။



တစ်ခဏအတွင်း ချန်မလှုပ်နိုင်ဖြစ်နေတယ်။ ပြီးတော့သူအမေရဲ့လက်ကိုတွဲပြီး ရှေ့ကို လှမ်းလိုက်တယ်။ ပတ်ဝန်းကျင်မှာ တောက်ပတဲ့အလင်းတန်းတစ်ခု ပေါ်လာပြီး နန်းတော်ရှေ့မှာ သူတို့ရောက်နေကြတယ်။လီအန်ကသူတို့ဆီပြေးလာပြီးကျန်တဲ့နတ်သမီးတွေကဘေးနားမှာထိုင်နေကြတယ်။သူကချန်အမေကိုပြောတယ်။

“ဂုဏ်ပြုရမယ့်အဘွားကိုကြိုဆိုပါတယ်။ကျေးဇူးပြုပြီးကျွန်မတို့နဲ့နေပါ။လှလှပပဘရိုကိတ်ရက်နည်းကိုသင်ပေးပါ။

“ငါ့အတွက်တော့အကောင်းဆုံးပေါ့။ ချန် . . . သားအဆင်ပြေရဲ့လား”

အဘွားအိုကမေးလိုက်တယ်။ ချန်က လီအန်ကိုကြည့်ပြီး ပြုံးပါတယ်။

“ဟုတ်ကဲ့အမေ၊ ကျွန်တော့်အတွက် အဆင်ပြေပါတယ်”

ဒီလိုနဲ့ အဘွားအိုဟာ နတ်သမီးတွေရဲ့ ဆရာမဖြစ်လာပြီး ချန်ကလည်း လှပတဲ့ လီအန်နဲ့ လက်ထပ်တယ်၊ နှစ်ပေါင်းများစွာသူတို့ ပျော်ရွှင်စွာနေထိုင်သွားကြသတဲ့ကွယ်။



EVERYDAY

CEELIN®

နွေ၊မိုး၊ဆောင်း ဘယ်လိုပြောင်းပြောင်း
ကိုယ်ခံစွမ်းအား အစဉ်ကောင်း



နွေ၊ မိုး၊ ဆောင်း ရာသီတွေဘယ်လိုပြောင်းပြောင်း ရင်သွေးငယ်လေးတွေမှာ ကိုယ်ခံစွမ်းအားပြည့်ဝနေရင် ဖျားမှာနာမှာ စိတ်ပူစရာ မလိုတော့ဘူးပေါ့။ ဒါကြောင့် **စီလင်း CEELIN®** ကို နေ့စဉ် ပုံမှန်တိုက်ပါတယ်။ လိမ္မော်အရသာ **စီလင်း CEELIN®** မှာ ဗီတာမင် စီ ရာနှုန်းပြည့်ပါဝင်တာကြောင့် ကိုယ်ခံစွမ်းအားကို အကောင်းဆုံး မြှင့်တင်ပေးပြီး ကူးစက်ရောဂါနဲ့ ဖျားနာခြင်းတွေကို ကင်းဝေးစေပါတယ်။

ဗီတာမင် စီ ရာနှုန်းပြည့်ပါဝင်သည့်
လိမ္မော်အရသာ **စီလင်း**

100% PURE VITAMIN C PROTECTION



UNITED PHARMA
Serving Your Healthcare Needs

စီလင်း တိုက်ကျွေး မေ့ရင်သွေး ရောဂါမျိုးစုံ ကာကွယ်ပေး